
www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၆၁၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၄၄၀၉၀၈

### ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

### အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

### ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊၅၅၂၁၀၃၊၅၅၂၁၀၄၊
၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၀၈ ခုနှစ်၊
(ဒီဇင်ဘာလ)၊
အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်






"ကျွန်တော် ခင်ဗျားကို
အရှုံးပေးလိုက်ပါတယ်"
ဟာ...နိုင်ပဟာ ဆိုပြီး
ဝမ်းသာအားရ သူ ထပြန်သွားပါတယ်။
ကျွန်တော်ပေးလိုက်တဲ့
အရှုံးတွေ...တစ်ပွေ့တပိုက်နဲ့။ ။

www.burmeseclassic.com


www.burmeseclassic.com

ငယ်ရွယ်နုပျိုခြင်း၌
ဆွတ်ပျံ့လွမ်းမောဖွယ်များနှင့်
ပြည့်နှက်နေခဲ့သည်။

ရွှေဥဒေါင်း

သစ်ရွက်ကြွေတာကိုပင်
မျက်ရည်ဝေ့ဝိုက်တတ်သောအရွယ်က...။
ချစ်သူအိမ်ရှေ့၌ အကြိမ်တစ်သောင်းမက
ခလုတ်တိုက်ဖူးသည်။
ချိုင့်ခွက်ထူပြော
ကျောက်ခဲပေါ်သည်လေ။
ဩော်...အရသာရှိလိုက်တာ။

နတ်ရွာမိုး



BURMESE CLASSIC



## အခန်း(၁)

"တူ ဝေ...ဝေ...ဝေ...ဝေ"

မိုးတွင်းမနက်ခင်းသည် စိမ်းမြတောက်ပနေ၏။

လောကကြီးသည် ရေတဝချိုး၍ နိုးထလာပုံမျိုးနှင့် လန်းဆန်းသစ်လွင်နေ၏။ တစ်နွေလုံး ဖုန်တင်နေခဲ့သော သစ်ရွက်တွေ အိမ်ခေါင်မိုးတွေ ရေဆေးထားခြင်းကို ဆိုလိုပါသည်။

"တူ ဝေ...ဝေ...ဝေ...ဝေ..ဝေ..ဝေ"

ကျေးငှက်သာရက အသံများက မာဂဓ ဂီတဟု တင်စားရမည်ဆိုလျှင်...စည်ဝေပျံ့လွင့်လာသော ကြေးစည်သံလေးက နားဝင်ပီယံဖြစ်စေသော ငြိမ်းအေးသော ဓမ္မတေးဖြစ်ပေသည်။

"တူ ဝေ..ဝေ..ဝေ..ဝေ..ဝေ..ဝေ..ဝေ..ဝေ"

အမှုဆိုလျှင် သာစုခေါ်တဲ့ လူမျိုးနွယ်ဟူသော သီချင်းထဲကလိုပင် ကြေးစည်သံသည် မေတ္တာဝေသံဖြစ်သည်။ စိမ်းစိုသော သစ်ပင်များ



www.burmeseclassic.com

www.burmeseclassic.com



အုံ့ဆိုင်းနေသည့် နှစ်ထပ်အိမ်တစ်လုံးထဲက ထိုကြေးစည်သံလေး မိုးယံအနှံ့ လွင့်တက်လာခြင်း. . . ဝန်းကျင်အနှံ့ လှုပ်ခတ်သွားခြင်းဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကြေးစည်သံလေး ပျံ့လွင့်နေပုံမှာ ရတနာသုံးပါးကို သတိပေးနေသလို. . . မမေ့ကြနဲ့ဟု လက်တို့နေသလိုပင်။

သာဓု သာဓု သာဓု. . .။

ထိုကြေးစည်သံလေး ဗဟိုပြုရာ အိမ်အပေါ်ထပ်ရှိ ဘုရားခန်းမှာတော့ အသက်သုံးဆယ်ခန့်အရွယ် ယောကျ်ားပျိုကြီးတစ်ယောက် ကြေးစည်လေး ဘေးချ၍ လက်အုပ်ချီရင်း. . .

"သတ္တဝါဝေနေယျနှင့် ချစ်သော. . . ကြင်မြအေး ကျန်းမာချမ်းသာ၍ ဘေးမသီ ရန်မခ အိပ်ရေးဝဝ နိုးထစေကြောင်း ဆုတောင်းမေတ္တာပို့ပါသည် အရှင်ဘုရား"

ထိခြင်းငါးပါးဖြင့် ဦးချနေသော သားငယ်နှင့် ဗုဒ္ဓသကျမုနိကို လှမ်းကြည်ညိုရင်း ဘုရားခန်းအဝမှ သူ၏မေမေ ခေါင်းတညိတ်ညိတ်ပြုံး၍ ဤသို့ မှတ်ချက်ချလေသည်။

"သြော်. . . ငါ့သားလေး. . . အရာရှိကြီး ဖြစ်နေတာတောင် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကအတိုင်း မေတ္တာပို့ဆဲပါကလား၊ သာဓုကွယ်. . . သာဓု. . . သာဓု"

စိတ်ထဲက ချစ်မြတ်နိုးမှုနှင့် သာဓုခေါ်ရင်း နှုတ်ကမူ. . .

"သားရေ. . . သားကြိုက်တတ်တဲ့ မနက်စာ အဆင်သင့် ဖြစ်နေပြီ"

"လာမယ် မေမေ"

မေမေ့ကို လှည့်ကြည့်လိုက်သော သား၏မျက်နှာ၌ မေတ္တာဓါတ်တို့ ဖိတ်ဖိတ်လက်လက် ထင်ဟပ်နေသည်ကို မေမေပဲလေ. . . မြင်သည်ပေါ့။ အို. . . ငါ့သားလေးဟာ ဆယ့်ငါးနှစ်သား ကလေးလေးပါပဲလား။

ဌ ဌ ဌ ဌ





မစားရတာကြာပြီဖြစ်သော မေမေ့လက်ရာ။

ကောက်ညှင်းနှစ်ပြန်ပေါင်းက နှမ်းထောင်းကောင်းကောင်း၊ အငွေ့တလူလူ၊ သူယူလာသော ငါးပုတ်ခြောက်က ပဲဆီစစ်စစ်ထဲ နစ်နေ၏။

အညှောက်ကလေးတွေ ထွက်နေသော စားတော်ပဲပြုတ်ကလည်း မေမေကိုယ်တိုင်ပင် မြေပေါင်းချောင်နှင့် ပေါင်းထားမှန်း သိသာသည်။

လှော်ထားသော လက်ဖက်ခြောက်က အနံ့ကလေး တသင်းသင်း မွှေးခံတွင်းတွေ့လွန်းပါသည်။ အားပါးတရ လက်နှင့် စားနေသော သူ့ကို. . .

"သား. . . အဝအပြဲ မစားလိုက်နဲ့၊ နေ့ခင်း ထမင်းလွတ်သွားမယ်"

"ဒါမျိုးငတ်နေတာ ကြာပြီလေ မေမေရဲ့၊ နေ့ခင်းထမင်း မဆာလဲ မေမေ့ထမင်းပွဲ မြင်တာနဲ့ အလိုလို သွားရည်ယိုလာမှာပဲဥစ္စာ"

ကလေးငယ်တစ်ယောက်လို ကောက်ညှင်းဆုပ်ကလေးတွေကို လက်နှင့်ဆုပ်၍ ပလုပ်ပလောင်း စားသောက်နေသော မေမေ့သားကို နိုင်ငံခြားပြန် ဗိသုကာပညာရှင်ကြီးဟု မေမေ ဘယ်လိုမှ မြင်ကြည့်၍မရ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက မေမေ့သားဟာ ဘယ်လိုမှလည်း ကြီးမသွား။ ခုထိ လုလင်ငယ်သွေး တစ်ယောက်လိုပင်။

သို့ပေမင့် မေမေ ပြောရမည့်စကားက. . .။

"သား. . . သားဟာ မငယ်တော့ဘူး၊ အိမ်ထောင်ရက်သားကိစ္စ စဉ်းစားဖို့ အရွယ်ရောက်ပြီ"

"ဟာ. . . မေမေကလည်း. . . နားရှက်စရာတွေဗျာ၊ ဓမ္မပဒက ဘာပြောသလဲ!. . .၊ အိမ်ထောင်သားမွေး လွန်ရှုပ်ထွေး၏တဲ့"

မေမေရေရွေးငှဲ့ရင်း. . .

"ဓမ္မပဒထက် လောကပဒအရ. . . မေမေလည်း မြေးချီချင်ပြီ လေကွယ်. . . မင်းဖေဖေရဲ့မျိုးဆက်သစ်ကိစ္စကို မင်းက မလွှဲမသွေ ထမ်းဆောင်ရမှာလေ"

သူ ငါးပုတ်ခြောက် နှိုက်သောလက်ကို ပြွတ်ကနဲ စုတ်ရင်း. . .

"မေမေရယ် နိုင်ငံတော်အလုပ်တွေနဲ့တင် ဖင်ယားလို့တောင် မကုတ်အားပါဘူး. . . ဟင်းဟင်း. . . ဖင်နဲ့ခုံပဲ ပွတ်လိုက်ရတယ်"

ခုံနဲ့ဖင်ပဲ ပွတ်လိုက်ရတယ်တဲ့။

သူပြောပုံကြောင့် မေမေပြုံးသည်။ ငယ်ငယ်ကတည်းက လောကကို ဟာသဉာဉ် ဟာသအမြင်ဖြင့် ကြည့်တတ်သောသား၊ သူ့ဖေဖေ၏ အမွေကောင်းတစ်ခုပါပင်။ သို့သော် အချစ်ရေးမှာတော့ သားလေးသည် သူမတူအောင် လေးနက်လွန်းခဲ့သည်။

"နေပါဦး သား. . . သားလေး လူပျိုပေါက်ကတည်းက မေတ္တာပို့လာတဲ့ သတ္တဝါ ဝေနေယျနဲ့ ကြင်မြအေး. . . ဆိုတာကကော. . . အခု အဲဒီကြင်မြအေး ဘယ်ရောက်နေလဲဟင်!. . "

ကော်ဖီတင့်မြည်းရင်း. . .

"ဘယ်ရောက်နေမှန်း မသိလို့ မေတ္တာပဲ လှမ်းပို့ရတာပေါ့ မေမေရယ်"

"ကြင်မြအေး ရှိတဲ့နေရာ သိရင်ကော သားဘာလုပ်မလဲ!. . "

မေမေက အလေးအနက်ဟန်ဖြင့် မေးခြင်းဖြစ်သည်။ ဒါကို သူက





ပေါ့ပေါ့ပါးပါး ရယ်မောရင်း. . .

"သူရှိတဲ့နေရာ သိရင်တော့ ရောက်အောင်သွားပြီး ခပ်ဝေးဝေးက အကဲခတ်ချင်တယ်၊ သူ ကလေးဘယ်နှစ်ယောက် ရနေပြီလဲ!. . ဗိုက်ခေါက်ထူကြီးနဲ့ ဘယ်လောက်ဝနေပြီလဲ!. . လို့ ကြည့်ချင်သိချင်တာပေါ့ မေမေရာ"

"အင်း. . . ဖြစ်ရလေ. . . ဒါနဲ့များ မေတ္တာပို့မပျက်ဘဲ ပို့မြဲပို့ဆဲ တိုး"

သူ့ကော်ဖီကို လက်စသတ်လိုက်ပြီး. . .

"ဩော်. . . မေမေပဲ စဉ်းစားကြည့်ပါဦး၊ ဖြူဖြူသွယ်သွယ် အပျိုရွယ်လေးတုန်းကတော့ အမြဲမေတ္တာပို့ခဲ့ပြီး. . . ဗိုက်ခေါက်ထူဝပြဲကြီးနဲ့ ကလေးနို့တိုက်နေလို့ မေတ္တာမပို့တော့ဘူးဆိုရင် သားမေတ္တာက အတုကြီး ဖြစ်သွားမှာပေါ့"

မေမေ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ အသက်သုံးဆယ်ကျော်သော်လည်း ဖြူဖြူစင်စင် ကလေးငယ်လိုပင် တွေးတတ်သောသား။

"ဩော်. . . မေတ္တာစစ်. . . မေတ္တာစစ်"

အရယ်ဝမှ မေမေက ကောက်ခါငင်ခါ မေးသည်။

"ဒါနဲ့ သား. . ..နယူးဇီလန် သွားတုန်းက ကြေးစည်နဲ့ သစ်သားတုံးလေး ယူသွားသေးတယ်နော်. . . ဟိုကကော လှမ်းပို့ဖြစ်သေးလား!. . "

သူ လက်သုတ်ပုဝါ ပြန်ခေါက်ရင်း. . .

"နေ့တိုင်းပို့တာပေါ့ မေမေရယ်. . . ရောက်စမှာတော့ ချောက်ကျတာတစ်ခုရှိတယ်၊ ကျောင်းက ဖွင့်နေပြီ၊ သားနဲ့ အုတ်ဖို ကိုအေးဝင်းက တစ်ပတ်နောက်ကျပြီးမှ ရောက်သွားကြတာလေ. . .

အဆောင်က တစ်ဆယ့်ရှစ်ယောက်နေရတဲ့ ဟောခန်းကြီး၊ မနက်ငါးနာရီမှာ သားက ထပြီး ထုံးစံအတိုင်း ဘုရားရှိခိုး မေတ္တာပို့တာပေါ့၊ တူဝေဝေဝေကနဲ ကြေးစည်လည်း ထုလိုက်ရော. . . ဝုန်းကနဲ ထပြီးပြေးလိုက်ကြတာ တစ်ချို့ကျောင်းသားတွေဆို လက်ကွတ်တီနဲ့ပေါ့. . . သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုအေးဝင်းလည်း စွတ်ရွတ်ပြီး သူတို့နောက် လိုက်ပြေးသွားရတာပေါ့၊ ဘုမသိဘမသိနဲ့ မီးသတ်ဝတ်စုံတွေ ဝတ်ပြီး ပြေးကြတာ မေမေရေ၊ တစ်ဆောင်လုံး ဝရုန်းသုန်းကားကို ဖြစ်သွားတာ၊ သားလက်ထဲ ကြေးစည်ကြီးနဲ့ ဘာလုပ်ရမှန်း မသိ၊ နောက်မှ သိရတာက ကြေးစည်သံနဲ့ မီးလှန့် အချက်ပေး ခေါင်းလောင်းသံ ဆင်ဆင်တူနေတာကိုး. . . ဟားဟား. . ."

မေမေ့ မျက်စိထဲမြင်ယောင်သည်ထင်၊ ရယ်လိုက်တာလေ၊ အရယ်ရပ်မှ. . .

"ကျော်မကောင်း ကြားမကောင်းကွယ်၊ အဲဒီတော့. . . ဘာဆက်ဖြစ်လဲ!. . . ပြောပါဦး"

"အဆောင်မှူးကို ကိုအေးဝင်းက ရှင်းပြရတာပေါ့၊ ဒါ ဗုဒ္ဓဘာသာမလေ့ ဘုရားရှိခိုးတာဖြစ်ကြောင်း ကောင်းမှုမှုဝေတာပေါ့. . . ၊ မရဘူးဗျာ အဆောင်မှူးက ဘာသာခြားဆိုတော့၊ ကြေးစည်သိမ်းပြီး ကျောင်းအုပ်ကြီးဆီကို အမှုတွဲ တင်ပါလေရော"

"ဟင်!!. . . မထိတ်သာ မလန့်သာကွယ်"

"ကံကောင်းတာ မေမေ. . . ကျောင်းအုပ်ကြီးက လူမျိုးစုံဓလေ့ကို သိတယ်လေ၊ ကြေးစည်ပြန်ပေးတဲ့အပြင် သားတို့အတွက်. . . ဘုရားဝတ်ပြုနိုင်ဖို့ နှစ်ယောက်ခန်းတောင် သီးသန့်စီစဉ်ပေးလိုက်သေး"

"ဘုရားကယ်တာပေါ့"

"လောလောဆယ် ကြေးစည်ကယ်တာ မေမေ၊ နောင် ခင်မင်လာတဲ့အခါ ကျောင်းသားတွေက မေးတယ်၊ အဲဒီအသံကြားရင် တို့က ဘာလုပ်ရမလဲတဲ့၊ သာဓုသုံးခါခေါ်ရတယ်ကွ ကုသိုလ်ရတယ်လို့ ပြောတော့၊ တစ်ယောက်စ နှစ်ယောက်စကနေ အဲဒီကြေးစည်ထုတာနဲ့ တစ်ဆောင်လုံး သာဓုဝိုင်းအော်တယ် မေမေ၊ ပျော်စရာ ကြည်နူးစရာကြီး. . . သားနာမည်ကိုလည်း 'အောင်ထွန်း' လို့ ဘယ်သူမှ မခေါ်တော့ဘူး၊ သာဓု ဖြစ်ကရောပဲ. . ."

မေမေ ကြည်ကြည်နူးနူးပင် သာဓုသုံးကြိမ်ခေါ်သည်။ (သို့မဟုတ်) သူ့သားလူလှကို လှမ်း၍ခေါ်ကြည့်ခြင်းလည်း ဖြစ်နိုင်သည်။





"မေမေရေ. . . သားကို ကယ်တင်လိုက်တာက သတ္တဝါဝေနေယျနဲ့ အမေ မတော်လိုက်ရတဲ့ ချွေးမကြင်မြအေးပဲ. . . မေမေရေ"

သြော်. . . ကြင်မြအေး. . ကြင်မြအေး ချစ်လှစွာသော ကြောင်တလေး၊ ဘယ်များရောက်နေပါလိမ့်. . .

ရေချိုးထားသော သစ်ရွက်စိမ်းလက်များပေါ်သို့ ပြက်ကနဲနေခြည်ပက်သည်။

၅ ၅ ၅ ၅

ချစ်သောမွေးရပ်မြေ ဌာနေဟောင်းသည် ပြောင်းသင့်သည်များ ပြောင်းခဲ့ပြီ။

ခေတ်နှင့်အညီ ပြောင်းသင့်သည်များ ပြောင်းသော်လည်း. . . မပြောင်းသည်များကလည်း မြို့အငွေ့အသက်အဖြစ် ကျန်နေဆဲ။

သူ ကားမယူဘဲ ခြေလျင်ပင် လျှောက်ထွက်လာခဲ့သည်။ မေမေက ပြောသေးသည်။ တချို့များ ကားနဲ့ဟန်းဖုန်းနဲ့ အဆင်ပြေနေတာ ကြားချင်လို့ မြို့ပြန်လာကြတာများတယ်. . . ငါ့သားလေးကတော့ အဲ့ပါ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယေဘာဝကို ခဏလွှမ်းလို့ ပြန်လာတာပဲ မေမေရယ်. . . လမ်းလျှောက်မှ ယေဘာဝ ပြန်ရမှာပေါ့ဟု သူပြောခဲ့သည်။

မြို့တလေးကလည်း တမောလျှောက်စရာ လမ်းမှ မရှိတာကြီးကို၊ တိုးချဲ့ထားသောရပ်ကွက်တွေကိုတော့ မနေ့ညက မီးလေး မှိတ်တုတ်မှိတ်တုတ်တွေနှင့် မြို့အဝင်၌ သူမြင်ခဲ့ပြီးသား။

ဟုတ်ပြီ. . . ကျောင်းဘက်ကို အရင်သွားရမည်။ ဟုတ်ပြီ ဆိုမှ ကျောင်းနေဘက် သူငယ်ချင်း ကျင်ဟုတ်ကို ဟုတ်ကနဲ သတိရသွားသည်။

China ကိုရှေးက 'စိန' ဟုခေါ် သဖြင့်. . . ချစ်စနိုးနှင့် 'စိန' ဟု သူ နာမည်စပေးရင်း ကျင်ဟုတ်အစား စိန ဆွင်သွားသော ခင်မင်နှစ်လိုဖွယ် တရုတ်ကလေး။ ဘုရားလမ်းထိပ် ကုန်စုံဆိုင်ပိုင်ရှင်သားဖြစ်သည်။

"ဟင်!!. . . ခြောက်ထပ်တိုက်ကြီး ဖြစ်နေပါပေါ့လား"

အောက်ထပ်တွင် မီနီမားကက်နှင့် အပေါ် ထပ်တွင် အအေးခန်းဧည့်ရိပ်သာဟု ဆိုင်းဘုတ်ကြီးတွေ ချိတ်ထားသည်။ မန်နေဂျာဟု ထင်ရသော ကောင်တာသို့ ဝင်မေးရတော့သည်။

"ဒီမှာကွယ်. . . ကျေးဇူးပြုပြီး စိန. . အဲ. . ကျင်ဟုတ်. . . အဲလေ. . ဦးကျင်ဟုတ် ဆိုတာရှိသလားကွဲ့!. . ."

ငယ်ငယ်သန့်သန့်ကောင်မလေးက သူ့ကို တခဏအတွင်း တစ်စချင်း အကဲခတ်ပြီးသား ဖြစ်နေ၏။

"ကျွန်မတို့ လော်ပန်ကို မေးတာထင်ပါတယ်၊ သူ့နာမည်က ဦးကျင်ဟုတ်ပါပဲ"

"ဟုတ်ပါတယ်"

"ဘယ်သူရောက်နေတယ်လို့ ပြောလိုက်ရမလဲရှင်. . ရှေ့လိုက အထူးဧည့်သည်တွေနဲ့ စကားပြောနေလို့ပါ"

"မြေဖြူ. . ဆို သူသိပါတယ်"

အင်တာကွန်းမှ ဆက်သွယ်သတင်းပို့သည်။ ဘာပြန်ပြောသည် မသိ။

ကောင်မလေး စကားပြောခွက် ချပြီး ကောင်တာထဲက ပျာပျာသဲ ထွက်လာသည်။

အင်မတန် ရိုကျိုးသော အမူအယာနှင့်. . .

"အပေါ် ထပ် ဧည့်ခန်းကို ကြွပါရှင်၊ လော်ပန်က ခဏကလေး စောင့်ပါတဲ့၊ ဧည့်ဝတ်ကျေဖို့ အမိန့်ရှိပါတယ်၊ အတွင်းလှေခါးက ဒီဘက်မှာပါရှင်"

ဆိုင်ထဲရှိ အတွင်းလှေခါးမှ အကောင်းစားဧည့်ခန်းသို့ ဦးဆောင်ခေါ်၍ နေရာချပေးပြီး အအေးဗူး၊ သစ်သီးဝလံမျိုးစုံ ချပေးရင်း. . .

"စောင့်ရင်း သုံးဆောင်ပါရှင်. . တစ်ခုခု အလိုရှိရင် ဟောဟိုက ဘဲလ်ကို နှိပ်ပါ. . လော်ပန်[illegible]ဧည့်သည်ကို တစ်ချက်ကလေး ပြုပြင်အောင် ထိုင်ရင် အလုပ်ပြတ်မယ်တဲ့. ."

"အေး. . အေး. . . မပြုပြင်ပါဘူးကွယ် ပြည့်စုံပါတယ်. . . ကဲ သူ့ပိစရာရှိတာ သွားလုပ်ပါ"

သူ့အတွေးထဲ. . .

ခြော်. . စိန. . စိန မင်းဒီလောက်တောင် ကြီးပွားနေမှကိုးဟု မှိုင်ဒီတာ ပွားရပါလေသည်။

ဘာတဲ့. . . သူပြောဖူးတာ. . .

"မင်းတို့ဗမာတွေက အကြံတူရင် ရန်သူတဲ့. . တို့ စိနတွေက အကြံတူရင် မိတ်ဆွေကွ၊ အကြံတူတွေ စုပေါင်းပြီး ဦးခေါင်းကြီးကြီးတစ်လုံး၊ အကြံကြီးကြီးတစ်ခုဖြစ်အောင် လုပ်လိုက်ကြတယ်လေ. . ."

မှတ်သားဖွယ်စကားကို လွန်ခဲ့သော(၁၅)နှစ်ကျော်ကျော်ကာလ တပင် ပြောကြားတတ်ခဲ့သူ။ ခုလို ကြီးပွားနေတာ ဘာဆန်းသနည်း၊ အင်း. . . အလင်းထက်မြန်သော အတွေးသည် ဟိုး(၁၅)နှစ်ဆီသို့ ရှင်းကနဲ ပြေးတော့သည်။








www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၂)

မနေ့က ကျောင်းဆင်းပြီးချိန်၌ စိနန္ဒင့်သူ နှစ်ယောက်သား အခန်းသန့်ရှင်းရေး လုပ်နေရင်း ကဗျာတစ်ပုဒ် ကျောက်သင်ပုန်းပေါ် ချရေးဖြစ်ခဲ့သည်။

ဒီမနက် ကျောင်းအလာ၌ ထိုကဗျာခေါင်းစဉ်ကို စိတ်ထဲ ဘဝင် သိပ်မကျ။ ပတ်ဝန်းကျင်အစား "ဝန်းကျင်ဆိုး" ဆို ပိုကောင်းမလားဟု ချိုးစားရင်း တစ်လှမ်းချင်း လာနေစဉ်. . .

"ဟေ့ကောင်. . . အောင်ထွဋ်. . အောင်ထွဋ်. . မြေဖြူ"

ကျောင်းတံခါးဝဆီမှ သူ့နာမည် အော်ခေါ်ပြီး အပြေးလာနေသော စိနကျင်ဟုတ်။

"မင်းဘာဖြစ်တာလဲကွာ၊ မင်းနောက်က တရုတ်နဂါး လိုက်လာလို့ သား. . ငါ့ကို ရပ်စောင့်နေလည်း တွေ့မယ့်ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟဲ. . . ဟောဟဲ သတင်းထူး ပါတယ်ကွ၊ တို့အခန်းထဲ ကျောင်းသူတစ်ယောက် ရောက်လေလယ်. . ."

"ကျောင်းသူအသစ်လည်း ဘာဆန်းလဲကွ. . . ကောင်မလေး တစ်ယောက်ပဲ ဖြစ်မှာပေါ့. . . မုန့်စားလွှတ်ရင် မုန့်ဈေးတန်းမှာ အုန်းနို့ခေါက်ဆွဲနှစ်ပွဲ စားမယ်. . . ဟင်းရည်နှစ်ခါတောင်းသောက်မယ်. . . သောက်ရင်း ရေခဲသုတ် လှမ်းမှာမယ်. . . အစားပုတ်မယ့် အတင်းအုပ်မယ့် ကောင်မလေးတစ်ယောက် တို့အခန်းထဲ ရောက်လာတာပဲ ဘာဆန်းသလဲ!. ."

အတူတူလျှောက်ရင်း ကျောင်းခန်းထဲဝင်လာကြသည်။

"ဆန်းလယ်ကွ. . . မင်းမနေ့က ဘလက်ဘုတ်ပေါ် ရေးခဲ့တဲ့ကဗျာကို သေသေချာချာ ထိုင်ကူးနေလာ ငါမြင်ခဲ့လယ်. . . ဟဲဟဲ. . ပြီးတော့ ကောင်မလေးက တောင့်တောင့်ချောချောလေး. . . အပေား. ."

သူ့ကဗျာကို တခုတ်တရ ကူးရေးသည်ဟု သိရ၍ ပျော်သလိုလို ရှက်သလိုလို ဘာဂလို တိုတိုကြီးတော့ ဖြစ်သွား၏။ သို့သော်. . .

"အလကားပါကွာ. . ကဗျာကို ချစ်တယ် ဘာတယ်ပြောမှ ခေတ်မီတယ် ထင်တာမျိုးပါ၊ တကယ်တော့ မရမ်းပေါင်းလောက် မကြိုက်ပါဘူး"

ကျောင်းခန်းနောက်ပေါက်အရောက်၌ ကျောဘက်မှ စမြင်ဖူးခြင်းဖြစ်သည်။

"ဟိုးက ကောင်မလေး. . . ခုနရေးနေတဲ့စာအုပ် သိမ်းလိုက်ပုံရလယ်"

သူရပ်ငေးနေစဉ် စီနုက ကျောက်သင်ပုန်းရှေ့ လျှောက်သွားပြီး ဒတ်စတာနဲ့ ဖျက်ရန် လက်ပြင်လိုက်စဉ်. . .

"ဟော့. . . ဟော့. . . ခဏနေဦး"

ကောင်မလေးက လှမ်းတားခြင်းဖြစ်သည်။

"ဘာ. . ဘာဖြစ်လို့လဲ!. . . ဆရာမက ဘောသန့်နေမှ ကြိုက်လာလေ. . . နင်ကော ဘောသန့်သန့်လေး. . ."





"အဲဒီကဗျာလေး ပျက်သွားမှာစိုးလို့. . . နေပါဦး မြေဖြူဆိုတာ ဘယ်သူလဲဟင်!. . ."

စီနု လက်ညှိုးက မြောက်တက်လာသည်။ သူမျက်လုံးဖြူးပြီး ခေါင်းရမ်းပြလိုက်မှ. . မြေဖြူခဲ ကောက်ကိုင်လိုက်ပြီး. . .

"သူ. . သူပေါ့. . . မြေဖြူဆိုတာ. . . အဖြူလေး. . ."

သူ့ဆီလှည့်လာသော ကောင်မလေး၏မျက်နှာ. . . တစ်ခြမ်းနှင့် တစ်စိပ် ကျော်ကျော်လေး. . . မျက်ဝန်းထောင့်ကပ်နေသော မျက်ဆံနက် ညိုးမည်းများ၊ လက်ကနဲ ပြက်ကနဲ. . . ခဏဆို ခဏလေးပါ။

ထိုခဏလေးသည်ပင်. . .

သူ့အတွက် တစ်ဘဝစာ ခုတ်မောင်းတော့မည့် နှလုံးသား GAS အိုးအား လောင်စာအပြည့် ထိုးထည့်လိုက်ခြင်း ဖြစ်ပါတော့သည်။ ငယ်စဉ် ဘဝဆီ ပြေးနေသောအတွေးသည် လော်ပန်ကျင်ဟုတ် အသံဝါကြီးကြောင့် ပြတ်တောက်သွား၏။

"ဟား. . မြေဖြူ. . အောင်ထွန်း၊ ဝမ်းသာလိုက်တာကွာ. ."

ငယ်ငယ်တုန်းကလိုပင် ပြေးဖက်လာသော စီနု။ ဘာစကားမှ မပြောနိုင်သေးဘဲ ဝမ်းသာအားရ ခဏတာ ဖက်ထားကြသည်။

သူ၏ပီအေလား၊ ဧည့်သည်လား မသိရသေးသူကတော့ တံခါးဝ၌ သူတို့လော်ပန် ကလေးပြန်ဆန်သွားဟန်ကို ခပ်ပြုံးပြုံး ကြည့်နေသည်။ သူချင်းခွာပြီး လက်ချင်းဆုပ်၍ထိုင်ဖြစ်ကြသည်။

"တို့ကွဲသွားတာ ဆယ်နှစ်ကျော်ပြီနော်. . လော်ပန်"

"ဟော့ကောင်. . စီနု ဟာ့ စီနု ပါပဲကွာ"

"မင်းလူတွေ မင်းဧည့်သည်တွေရှေ့မှာတော့. . . ငါက တလေးတစား လော်ပန်ရမှာပေါ့ကွ. . ကာလံ၊ ဒေသံ၊ အင်္ဂါ၊ ခန့် လေ. . ."

သူ့လူကို သွားနားရန် ပြောအပြီး. . အပြီးသတ်မှာပုံက လှသည်။

"နေဦး. . . နေဦး ဝင်းလင်းထွန်း၊ မိုးနတ်မင်း ဆင်းလာရင်တောင် ပါမအားသေးဘူးလို့ ပြောလိုက်၊ အေး. . . ဘုက်ကီမွန်းဆီက. . . ဖုန်းလာရင်လည်း နောက်မှ ပြန်ဆက်လို့ ပြောလိုက်. . . ကြားလား!. ."



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချိုးစွာ သူ့ပီအေက ထွက်သွားသောအခါ. . .

"စိန. . . မင်း ငယ်ငယ်တုန်းကလို. . . စကားမပဲတော့ . . . ဒါပေမယ့် ပေါ်တုန်းလား!. . "

"အေးကွာ. . . လော်ပန် လော်ပန်အခေါ်ခံပြီး အတည်ပေါက် . . . လုပ်နေရတာ ကြာတော့ မျက်နှာညောင်းတယ်ကွ. . . မင်းနဲ့ တွေ့တုန်း . . . လေး မျက်နှာအညောင်းဆန့်ချင့်တယ်၊ ပေါပါရစေကွာ. . ."

အင်မတန် ရိုးသား၍ ကဗျာဆန်သော ငယ်ပေါင်း ချစ်ခြင်း . . . သူပြန်ခံစားရပါသည်။ ရှေးဟောင်းနှောင်းဖြစ်များ တဟားဟား ပြော . . . ကြသည်။ ဘယ်လိုမှ ပြန်မရနိုင်သော အရွယ်၏အရသာများသည် တဟား ဟား ရယ်နေရင်းမှ ရင်ထဲ နင့်နေအောင် နှမြောတသဖွယ် ပြန်ဝင်လာ နေ၏။

"မင်းမိန်းမ မယူသေးဘူးလား စိန!. . "

"ဟား. . ဟား. . ဟား. . အဲဒါ ပြောချင်နေတာကွ. . . အဲခုနပဲ ရွှေလီက ငါ့ယောက္ခမလောင်းတွေ ပြန်သွားတာ၊ ငါထွက်ပြေးလာလို့ လိုက်လာကြတာ. . ."

"မင်းက ဘာလို့ ထွက်ပြေးလာရတာလဲ!. . . ကောင်မလေးက မလှလို့လား!. . . "

"ဟား. . . အရမ်းလှတာကွ. . မင်းသမီးကျန်းဇီရီရုပ်မျိုး စိနသူ့ အစစ်လေးကွာ၊ အိနေတာပဲ၊ ငါနဲ့ ကြိုက်နေတာ တစ်နှစ်ကျော်ပြီ"

ပြောရင်း ပန်းသီးတစ်လုံးကို တဂွမ်းဂွမ်း ကိုက်စားလိုက်ပြီး. . . ချာတိတ်မလေး ထည့်ပေးလိုက်တာဟု ပြောသည်။

"မင်းသိတဲ့အတိုင်းပဲ. . . ငါက ငယ်ငယ်ကတည်းက ဆေးဘဲဥ အလွန်ကြိုက်တာလေ၊ အတန်းထဲမှာ အီးစော်နံရင် ငါ့ပဲ ဝိုင်းမျက်စောင်း ထိုးကြတာလေ. . ဟဲ. . ဟဲ. . ဟဲ. . ငါပါပဲ. . . တချို့ဆို ငါ့ကို အီးနလို့ တောင် ခေါ်ကြတယ်မို့လား"

မှန်သည်။ အလွန်အီးပေါက်သန်သော စိနဖြစ်သည်။ သူ၏ လော်ပန်ဘဝကို ဆက်ပြောသည်။





"ရွှေလီက ဆေးဘဲဥကြီးတွေက ရှယ်တွေကွ၊ အရသာလည်း . . . ရှိတာပဲ. . ဖြစ်ချင်တော့ အဲဒီနေ့က ငါ ဆေးဘဲဥ တော်တော်များများ . . . ထားမိတယ်။ ငါ့မွေးနေ့ဆိုတာလည်း ငါမေ့နေတယ်၊ ဟော်တယ်ကို . . . ခင်လာမှ ငါသတိရတာ. . ချာတိတ်မက သူ့အိမ်မှာ ကျင်းပပေးဖို့ . . . ဆင်ပြီးမှ ဖုန်းဆက်တာ မြေဖြူရေ"

ပြောရင်း အင်တာကွန်းမှ ဘီယာနှင့် ဆေးဘဲဥသုတ် လှမ်းမှာ . . . သည်။

"ငါရောက်သွားတော့ အိမ်ဝက ထွက်ကြိုပြီး. . . အံ့သြသွား . . . အောင် လုပ်ချင်လို့တဲ့၊ ငါ့မျက်လုံးတွေကို. . . ပုဝါစည်းပြီး ဧည့်ခန်းလား . . . စားခန်းလား မသိတဲ့နေရာက စားပွဲတစ်လုံးမှာ နေရာချပေးထား . . . တယ်၊ အဲဒီအချိန်မှာပဲ. . . အိမ်ဖုန်းမြည်လို့ ငါ့ကို ဖွင့်မကြည့်ရဘူး ပြောပြီး . . . သွားကိုင်တယ်၊ အိမ်အဝင်ထဲက အောင့်ထားရတဲ့ အီးကို ဖင်လေး . . . ချိမ်းဖွပြီး အသံမမြည်အောင် လွှတ်ရတာပေါ့ကွ၊ ဒါပေမယ့် အသံက . . . ဖြစ်အောင် မြည်သွားသေးတယ်. . . အနံ့ကလည်း ထောင်းကနဲပေါ့ . . . ကွာ၊ ငါ့မှာ သူပြန်လာရင် နံသွားမှာစိုးလို့ အနံ့တွေကို လက်နဲ့ ယပ်ခတ် . . . ထုတ်ရတာပေါ့ကွာ. . . ဖုန်းပြောသံ ကြားနေရတုန်း. . . ငါ အီးထုလိုက် . . . တော်ဝန်းကျင်က ညစ်ညမ်းလေထုကို ဟိုဒီရမ်းထုတ်လိုက်၊ ကောင်မလေး . . . ခြေသံကြားရင် အတည်ပေါက် ပြန်ထိုင်နေလိုက်. . . ဖုန်းကလည်း သုံးလေး . . . ခါလောက် ဆက်တိုက်လာတယ်ကွာ. . . သူ့ဖုန်းမြည်လာရင် ငါ အီးထု . . . လိုက် လေထဲ လက်နဲ့ ယပ်ခတ်လိုက်. . . ဟုတ်နေတာပေါ့. . . "

"ဟား. . ဟား. . ဟား. . မင်းဖြစ်နေပုံ ငါမြင်ယောင်ပါတယ် စိန. . . ဟား. . ဟား. . ဟား. . မျက်စိက အုပ်လျက်သားနဲ့ ဖင်တကြွကြွ . . . သတ်တရမ်းရမ်း ဗျာများနေပုံ. . ဟား. . ဟား. . ဟား. . "

"အေးကွာ. . . အီးကလည်း ပေါက်လို့မဆုံးနိုင်တော့ဘူး. . . သူ့ . . . စားပွဲဆီ လာနေသံကြားရင် အတည်ပေါက် ပြန်ထိုင်ရင်း အနံ့မရသွားပါ . . . နဲ့လို့လဲ ဆုတောင်း. . ငါ့အီးနံ့ ငါရသလောက် အကုန်ပြန်ရှူ၊ သူ့စားပွဲက . . . ခွာတာနဲ့ ထပ်ထု၊ ယပ်ခတ်၊ ရှူကြည့်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်လာပြီး ဗိုက်ခေါက်တွေ လိပ်လာအောင် ရယ်နေမိတော့သည်။ ထိုစဉ် ဘီယာနှင့် ဆေးဘဲဥသုတ်ကို ဝန်ထမ်းတစ်ယောက်က လာချပေးရင်း ဘီယာငှဲ့ပေးရန် ဖောက်သည်။

"သွား. . သွား. . တို့ဟာတို့ ငှဲ့မယ်. . . တော်သေးတယ်. . . ကောင်မလေးက အီးနံ့နံတယ်လို့. . . တစ်ခွန်းမှ မပြောဘဲ စားစရာတွေ လာတင်လိုက်၊ ပြန်သွားလိုက်၊ ဆယ်ခေါက်လောက် လုပ်နေပုံပဲ ဟော့ကောင် ငါလည်း အီးထုလိုက်. . . ယပ်ခတ်လိုက်ပေါ့. ."

"ဟား. . ဟား. . ဟား. . မင်းအဖြစ်ကွာ. ."

"အဲဒါ ဟာသမဟုတ်သေးဘူး ဟော့ကောင်. . . ငါ့ကို မျက်စိလာ ဖွင့်ပေးမှပဲ ရသက မြောက်တော့တာ"

"ဘာကွ!. . . ပြောစမ်းပါဦး. . ."

"ငါ့မျက်စိပွင့်ပွင့်ချင်း. . . မောင်ဝဏ္ဏ ကာတွန်းထဲကလို. . . ဟိုက်!! . . လစ်မှ. . ဆိုပြီး. . ထကိုပြေးလာရတော့တာ. ."

သူ အလွန်စိတ်ဝင်စား၍ အရယ်ထိုးရပ်သွားပြီး အတည်ပေါက် ငုံလင့်လိုက်သည်။

"ငါစားပွဲမှာ. . သူ့မိဘဆွေမျိုးတွေနဲ့ သူ့သူငယ်ချင်း တစ်ဒါဇင် ကျော်ကျော် ထိုင်နေကြတယ်လေ. . စဉ်းစားကြည့်၊ ငါမပြေးရင် ဘယ်သူ ပြေးမလဲ. . ."

"ဟားဟားဟား. . သေ. . သေ. . သေပြီခရာပေါ့ တားဟား"

ဝါးလုံးကွဲ ရယ်ခြင်းဆိုသော စကားသည် ဝါးတစ်လုံးတည်းကိုသာ ရည်ရွယ်ပုံ ပေါ်ပါသည်။ စိနအဖြစ်က ဝါးတင်ထားသော ကားကြီးတစ်စင်း လုံး ထကွဲလေသောအဖြစ်။

"ဆေးဘဲဥကို ဒါ ပထမဆုံး ငါမြန်စွာ့းတာ ဟော့ကောင်ရ" တဲ့။

၅ ၅ ၅ ၅





နေ့လည်စာထမင်းကို စိနကပင် တခမ်းတနား ကျွေးသည်။ စားရထားသည့် ထမင်းဝိုင်းတွင် ကြင်မြအေးဘူတာသို့ ဆိုက်လေသည်။

"ကြင်မြအေး မန္တလေးဆေးတက္ကသိုလ် တက်နေတုန်းက ငါနဲ့ ဈေးချိုမှာ တစ်ခါတွေ့တယ်. . . မင်းမြင်စေချင်တယ်. . လှနေလိုက်တာ ကွာ"

"ငါ့ကို မေးသေးလား!. . ."

"မေးမလားကွ. . . မင်းလုပ်ပုံ ဟုတ်မှမဟုတ်တာ"

"ငါက ချစ်နေရရင်ကိုပဲ ကျေနပ်နေခဲ့တာလေ. . . အဲဒီတုန်းက ဟာတိုနစ် အချစ်ဆိုတာ ငါရေရေရာရာ မသိသေးပေမယ့် အဲဒီအတိုင်းပဲ ချစ်နေမိခဲ့တယ်ထင်တာပဲ"

တင်းတွေ ချပ်ထည့်ပေးရင်း. . .

"ဟော့ကောင် မြေဖြူ. . . ဖိုမသဘာဝကစတဲ့ အချစ်ဆိုတာ အဲ နောက်ဆုံးတော့ Give and Take သို့မဟုတ် Action or Reaction တော့ ရှိရမယ်လေကွာ. . . မင်းဟာက တစ်ဘက်သတ်ဆန်လွန်းတယ်ကွ. . . ဟို က ပြန်စိတ်ဝင်စားနေရင်. . မင်းက ဆက်မလုပ်တော့ ဖတ်တင်ငုံ့နဲ့ ဖြစ်ပြီး ကျန်ခဲ့ရှာမှာ. . . မင်းငှရဲ့တောင် ကြီးဦးမယ်"

"ငါ. . နေ့တိုင်း တစ်ရက်မပျက် မေတ္တာပို့သလျက်ပါကွာ. . . ငရဲ တော့ မကြီးလောက်ပါဘူး. ."

စိနက ဘဲကင်ကို လက်နှင့် လှမ်းနှိုက်ရင်း. . ကိုယ့်ကို ကိုင်း၍



www.burmeseclassic.com

www.burmeseclassic.com



ယ်တိုးတိုး ပြောလာသည်။

"ဟော့ကောင်ကြီး. . . ငါ့မှာ အညွန့်အဖူးလေးတွေ ရှိတယ်. . . င်းဝတ်မှုန်ကူးချင်လား. . . ပြော"

ရဲကနဲ ဖြစ်သွားသော သူ့မျက်နှာကို စိနမြင်လိုက်ရပေမည်။

"ဟာ. . . မဟုတ်တာကွာ၊ ဟိုမှာတောင် ငါ ကင်းကင်းရှင်းရှင်း နေနိုင်ခဲ့တဲ့ဟာ. . ပြီးတော့ ရောဂါတွေဘာတွေ"

"ဟော့ကောင်. . . Medical check-up ပါ ပြမယ်"

သူ ခေါင်းရမ်းပြုံးပြရင်း ထမင်းသာ ကြုံးတုတ်နေလိုက်သည်။

"မင်း. . အခုထိ လူပျိုရည်ကို ထိန်းသိမ်းထားတုန်းပဲလား!. ."

"မင်းကော မင်းယူတဲ့မိန်းမ အပျိုစင် စစ်စစ်ကလေး ဖြစ်နေတာ မကြိုက်ဘူးလား!. ."

"မင်နီအိုး မသုံးတဲ့ ယင်ဖို မသန်းလေးပေါ့ကွာ၊ ဟင်း. . . ဟင်း"

"သူတို့ဘက်ကလည်း ယင်မ မသန်းတာလေး လိုချင်မှာပဲ၊ အဲ့ဒါ တရားမျှတမှုလေ. . ငါလဲတစ်နေ့တော့ မျိုးဆက်တာဝန်အတွက် အိမ်ထောင်ပြုရမှာပဲ. . . ငါ့အိမ်သူအပေါ် လိပ်ပြာလုံချင်တယ်ကွာ"

တစ်ရှူးပေပါနှင့် ပါးစပ်သုတ်ရင်း စိနက. .

"အေး. . မင့်စိတ်ကူးအိပ်မက်ထဲက ကြင်မြအေးကတော့ ကလေး ဘယ်နှစ်ယောက် ရနေပြီလဲတော့ မသိဘူး. . . မင်းပို့တဲ့မေတ္တာတွေတော့ မီးခံသေတ္တာသုံးလုံးနဲ့ သော့ပိတ်ထားလိမ့်မယ်ထင်တာပဲ"

"မေတ္တာဆိုတာ လောကသုံးပါးမှာ အင်အားအကြီးမားဆုံးလို့. . ငါယုံကြည်တယ် စိန. . . ရောင်ပြန်ဟပ်တဲ့သဘောလည်း သေချာအောင်ရှိ တယ်. . . အေး. . ကိုယ့်ဘက်ကသာ မေတ္တာစစ်စစ်ဖြစ်ဖို့လိုတယ်"

ပြောသာပြောရသည်။ ကြင်မြအေးတစ်ယောက် မျက်တွင်း ဟောက်ပက် နို့ဗောက်ဗက်နှင့် ကလေးတွဲလောင်း မဖြစ်စေကြောင်း လည်း. . . အင်း. . . ဆုတောင်းမိပါသည်လေ။

၅ ၅ ၅ ၅





ညည်သည်အလွန်များသော စိနကို နားလည်မှု ပေးသောအား ဖြင့် ထမင်းစားပြီး သူ ထပြန်လာခဲ့သည်။ ဘူတာရုံလမ်းထိပ်က ဘာဘူ ထက်ဖက်ရည်ဆိုင်လေးကို သူလွမ်းသည်လေ။

အရင်က ကျောက်စားပွဲတွင် ကျောမှီကုလားထိုင်တွေနှင့် ဖြစ် သည်။ ခုတော့ မြူဆန်ဆန် စားပွဲပုလေးတွေ၊ ပလတ်စတစ် ခုံပုလေးတွေ နှင့် ဖြစ်နေပေပြီ။ ကောင်တာတွင် ဘာဘူ့သား ဖြစ်နိုင်သူ ထိုင်နေ၏။

ဗမ္ဘာစားပွဲထိုးလေးကို မစ်ရှယ်တစ်ခွက် မှာရင်း တစ်ယောက် တည်း ငေါင်စင်းစင်း ထိုင်နေလိုက်သည်။ စိတ်အတွေးကတော့ လွမ်းဆွတ် သတိရဖွယ်တွေနှင့် ပြည့်နှက်နေသည်။

သည်ဆိုင်. . နို့ဆမ်းပလာတာ အရင်က နာမည်ကြီးသည်မို့. .

"နို့ဆမ်းပလာတာတစ်ပွဲပေး. . ကလေး"

"ဟုတ်. ."

သူ ကော်ဖီမွှေရင်း ကျောင်းပြေးလျှင် ထိုင်နေကျ သည်ဆိုင်လေး ကို တိုးအရင်မူလပုံစံ ပြန်ဖော်ကြည့်နေမိသည်။

အင်း. . ဟိုဆောင့်က ကျောက်စားပွဲမှာ. . . အဲဒီနေ့က. . . ငါ စ်ယောက်တည်း ရင်တခုန်ခုန်နဲ့. . . ငုတ်တုတ်လေး ထိုင်စောင့်နေမိခဲ့ သလေ. . . ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုသော
စကားနှစ်လုံးကို
မသုံးစွဲဘဲ
ရင်ထဲကဟာကို
စေ့ငုံမိအောင်
ဖော်ပြနိုင်မည့်
ဝေါဟာရအသစ်တစ်လုံးကို
တစ်ပုံတစ်ယောက်စာသာ
ကျွန်တော့်အားရှာဖွေပေးခဲ့လျှင်.....။
ထိုသူအား.....ဆွီဒင်က တာဝေနိုဗယ်ဆုမပေးလည်း
ကျွန်တော်ကတော့...
ပေးရပါလိမ့်မည်။
အနှစ်တွေအနည်းငယ်ပြီးလျှင်...ထိုသူအား
ဆင့်မပြောက် အနှစ်တွေအဖြစ်
အနုကိုးကွယ်ပါမည်။
ကျွန်တော်၏ကိုယ်ပိုင်ကိုးကွယ်မှုဖြစ်သဖြင့်
ဆွီဒင်က အာဏ်အဖွဲ့လာမပတ်သက်ပါနှင့်။
လောလောဆယ် ထိုသူအား ဘာဘူဆိုင်မှ
နို့ဆမ်းပလာတာ နှစ်ပွဲဆက်၊ ကျွေးမွေး၍
ဂုဏ်ပြုလိုပါသည်။
(ကျွန်တော့်မှာပါတာ အကုန်ဖြစ်ပါသည်။)



အခန်း(၃)

သူမသည် သောကြာနေ့မနက်တိုင်း ကဗျာတိုလေးတစ်စောင်
ပိုတော့တ် ခပ်ကြောင်ကြောင် ဒိုင်ယာလော့(ခ်)တစ်ခုခုကို ဘူတာရုံလမ်း
ထိပ် စာတိုက်ပုံးကလေးထဲ လာထည့်လေ့ရှိသည်။
ထိုသောကြာနေ့ညနေတွင် ကြင်မြအေးယံ ထိုစာအိတ်လေး မလွဲ
သွေ ရောက်ရှိသွားမည် ဖြစ်ပါသည်။ စာပို့စနစ်သည် စာပို့ရထားကို
နေရပြီး ကြင်မြအေးသည် ရုံပိုင်ကြီးသမီး ဖြစ်သောကြောင့်ဖြစ်သည်။

နွယ်ပင်လိမ်ယှက်
ဆူးပင်ခက်လည်း
ပွင့်ရွက်ဆိုတာ ပွင့်မှာပဲ
ပန်းဆိုတာက ပွင့်ဖို့ပဲ

အစရှိသဖြင့် ကိုယ်ပိုင်ကဗျာတိုလေးတွေ ပါသလို. . .



www.burmeseclassic.com

www.burmeseclassic.com



ကြာတတ်တာတွေ
မကြာလေအောင်
ကြာတွေလှူကာ
ဆုတောင်းပါသည် . . .
မကြာခင်ပ် ပြည့်ပါစေ . . .။

စသော မောင်ပန်းမွေး ကဗျာလေးတွေလည်းပါသည်။

သစ္စာနီတို့၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့၊ ကိုရွှေသိမ်းမင်းတို့ ကဗျာတွေအပြင် ပြဇာတ်ဆရာ ဒိုတင်ငွေး၏ဒဿန ဒိုင်ကြောင်တွေလည်း ပါဝင်ခဲ့လေသည်။

ကဆောင်အမည်ကတော့ မြေဖြူ(သို့မဟုတ်)ပိုင်းလော့(သို့မ ဟုတ်)ရှက်ဖါ(သို့မဟုတ်)ရေနိုး(သို့မဟုတ်)ခဲတံ စသည်ဖြင့် အမျိုးမျိုး သုံးစွဲ ခဲ့လေသည်။

ကျောင်းခန်းတွင် တနင်္လာနေ့တိုင်း ကြင်မြအေးနှင့် အကြည့်ချင်း မဆုံအောင် ရှောင်ရခြင်းနှင့် ကြင်မြအေး၏စူးစမ်းသောအကြည့်ကို စိန်နှင့် ပိုကာ(မြင့်ဆွေ)ကို ချောင်တစ်ချောင်မှ ထောက်လှမ်းခိုင်းရတာလည်း . . . ရင်ခုန်တနင်္လာနေ့များ ဖြစ်ခဲ့ရပါသည်။

ထိုနေ့ကတော့ ချစ်ကိုယ်တွေ့ပေါင်းချုပ်စာအုပ်တစ်အုပ်ကို အစောကြီးကတည်းက သူမ၏စားပွဲခုံ(Desk)ထဲ သွားထည့်ထားခဲ့ ပါသည်။ ရှားရှားပါးပါး ဆရာသစ္စာနီ၏ချစ်ကိုယ်တွေ့ ဝတ္ထုတိုတစ်ပုဒ် ပါဝင်သောစာအုပ်ဖြစ်သည်။

အချစ်ဆိုသော
စကားနှစ်လုံးကို
မသုံးစွဲဘဲ
ရင်ထဲကဟာကို

-----------------------

-----------------------






---------------------------

---------------------------

(ကျွန်တော့်မှာပါတာ အကုန်ဖြစ်ပါသည်။)
အချစ်မပါသော
ထိုစကားလုံးအား
ဤ Desk ထဲ၌ . . .
တစ်ဘဝစာ
ကျွန်တော်လာဝှက်ထားပါမည်။

ချစ်ကိုယ်တွေ့ပေါင်းချုပ်ကြား၌ ညှပ်ထားသောစာက ဒါပဲဖြစ် သည်။ သူ ထိုနေ့က ကျောင်းပြေးသည်။

စိန်နှင့် ပိုကာကို စပိုင်ခန့်ခဲ့သည်။ နေ့ခင်းကျောင်းအလွှတ်တို့ အတွေးပေါင်းစုံနှင့် ရင်တခုန်ခုန် ထိုင်စောင့်နေခဲ့သည်။




သူမလည်း ကျောင်းအစောကြီး ရောက်တတ်တဲ့ကျောင်းသူ ဆို တော့ Desk အဖုံးဖွင့်ဖွင့်ချင်း စာအုပ်ကို တွေ့မည်။ အဖုံးကိုဖတ်မည်။ ဟယ်!!. . . ချစ်ကိုယ်တွေ့ပေါင်းချုပ်တော့ဟု စိတ်ထဲက မြည်ပြီး အကြမ်း နည်း လှန်မည်။

အလယ်က စာခေါက်လေး(စာအိတ်မပါ)ကို တွေ့ကိုတွေ့မည်။ ဖတ်ကနဲ ယူ၍ ဘယ်သူမြင်သွားလဲဟု လည်တိုင်ကြော့လေး လှုပ်၍ ဘေးဘီကိုကြည့်မည်။ ပြီးလျှင် ဖတ်ကနဲ ဘော်လီအကျႌကြားသို့ အမြန်လိုက်



www.burmeseclassic.com

www.burmeseclassic.com




ကလေး ထိုးထည့်မည်။ (ထိုအချက်သည် တဒုတ်ဒုတ် ရင်ခုန်ဖွယ် ကောင်းပါသည်)

ပြီးတော့. . . လက်ဗလာနှင့် သူမအတန်းထဲက ထွက်လာမည်။ ကျောင်းကော်ရစ်ဒါ၌ ခပ်တည်တည် လျှောက်လာမည်။ ရေစည်၌ ရေဝင်သောက်ချင်သောက်မည်။ ဆက်လျှောက်မည်။ ထို့နောက်. . သရမပါသော ဗျည်းတစ်လုံးတည်းသာ ရေးထားသည့်အခန်းသို့ စွေ့ကနဲ တန်းဝင်သွားလေသည်။

" မ "

ဟာ!. . ဟာ!. . ။ အတွေးထဲ အနံ့အသက်တွေ ဝင်လာမှ အတွေးကို ထိုးရပ်၍ ပလာတာ နို့စမ်းအေးစက်စက်ကို တစ်ဖွန်း နို့ချည်းပဲ သူခပ်သောက်လိုက်မိသည်။ တေလောသေနေသော ယင်ကောင်ပါလာသည်။

ဖွီး!!. . . ။



ဤသို့ဖြင့် ချစ်သူတွေ ဖြစ်သွားပြီး ရုပ်ရှင်ထဲကလို ပန်းခြံထဲ လက်တွဲ၍ တွန့်လိမ်တွန့်လိမ် လုပ်ကြသည်။

တစ်ယောက်မျက်နှာတို တစ်ယောက် နှစ်လက်မခွဲလောက်က ကပ်၍ မျက်လုံးရွဲတွေနှင့် ကြည့်ကြမည်။ ထို့ထက် နီးကပ်သွားသောအခါ ရုပ်ရှင်တချို့ထဲကလို မင်းသမီး မျက်နက်ဆံ အလယ်သို့ စုပြီး စွေကနဲ ဖြစ်သွားခန်းတော့ မပါဝင်ချေ။

ချစ်သူရုပ်ဆိုးသွားမည်လေ။



သူတို့လိုပင် သီချင်းတစ်ပုဒ် မဆုံးခင် အကျီ၊ ဘောင်းဘီ၊ စကပ်ကွဲနှင့် စကပ်ထဘီ ဒါဇင်ဝက်တျော်ကျော် လဲဝတ်တာတော့ပါသည်။ (ဘယ်နား သွားလဲရမည်သာ မသိ)

ဟိုးအဝေးကြီးက ဆလိုးမိုးရှင်းနှင့် အပြေးလာကြမည်။ အနားရောက်တော့ သူတို့လိုပင် စွေ့ကနဲ ဖက်မည်။ သူတို့ ဖက်သလို (ခါးအောက်ပိုင်း ပူးကပ်မသွားအောင်) ကုန်းကုန်းကွကွ အသက် မပါကြီးတွေ ဖြစ်မနေစေ့တော့ သေချာသည်။ ချစ်သူကို ဖက်တာပဲ ဆောင်ရန် ရှောင်ရန်တွေ ဆင်ဆာတွေ၊ မင်းသမီးယောကျ်ားမျက်နှာတွေ အတွေးထဲ ထည့်နေစရာ လိုပေ. . . ။

ဟုတ်ကဲ့ အတွေးလေ. . . ။



(နောက်တစ်နေ့မှာ ဖြစ်ဖို့များသည်)

ရှင်း ဖုန်း. . .

ရှင်း ဖုန်း. . .

ရှင်း ဗုန်း. . .

ရှင်း ဗုန်း. . . (အတွေးသည် ရိုက်ချက်နှင့်စဖွင့်၏)

ဆရာမကို မျက်ရည်လည်ရွဲနှင့် သူမသွားပြမည်။ ဆရာမက စာစီစာကုံးစာအုပ်တွေ စားပွဲပေါ်၌ ဆမ်ခိုင်းပြီး တစ်အုပ်ချင်း လက်ရေးစစ်သည်။ သူ့လက်ရေးကို မိသွားမည်။ ကျောင်းအုပ်ကြီး ရုံးခန်းရောက်သည်။

ပညာသင် [illegible] ဘာညာ. . . ဩဝါဒတွေ အကြာကြီးပေးမည်။ ထို့နောက် တန်းစီ၍ထောင်ထားသော ကြိမ်လုံးတွေထဲက တစ်ချောင်းရွေး

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းမည် (သူက ဇာတ်နာအောင် အကြီးဆုံးကြိမ်ကို ရွေးမည်)။ တရှဲရှဲ တဖုန်းဖုန်း ရိုက်နေတာကို ရောမသူ့ရဲ့ကောင်း စပါတာကပ်လို အံတင်းခံမည်။

သနားကြင်နာစိတ် ဝင်သွားအောင် တစ်ချက်ကလေး မတွန့်ဘဲ သူ့တင်ပါးကို သဲအိတ်တစ်အိတ်လို (ဂျပိုးလှမ်းသော) ဖျာလိပ်တစ်လိပ်လို တင်းခံနေမည်။

အရိုက်ခံပြီး ရုံးခန်းက ပြန်အထွက်၌ တံခါးဝ၌ မျက်ရည်ဝဲနေမည့် သူမမျက်နှာကို စေ့စေ့ကြည့်ပြီး ကျေနပ်ပြီလားဟူသော အကြည့်တစ်ချက်နှင့် ထိုးစိုက်ထားခဲ့မည်။

တစ်ပတ်ခန့် ကျောင်းမတက်ဘဲ ကျောင်းထွက်တော့မည်ဟု သတင်းလွှင့်မည်။ (နောက်ဆက်တွဲအတွေးက ပိုလှသည်)

သူမ မုန့်ပဲသွားရည်စာတချို့ ဝယ်၍ အိမ်လိုက်လာမည်။ တင်ပါး ဒဏ်ရာများကို မေမေက ကြပ်ထုပ်ထိုးပေးနေမည်။ မေမေ မီးဖိုချောင်သို့ ကြပ်ထုပ်အိုးပြုတ်ရန် မယောင်မလည် ရှောင်သွားမည်။ မုန့်တွေ ကုတင်ဘေးက စားပွဲပေါ်တင်ပြီး အသံတုန်တုန်အက်အက်ကလေးနှင့်. . .

"သိပ်. . . . နာ. . . နေ. . . လား. . . ဟင်!"

"တင်ပါးက မနာပါဘူးဗျာ. . . ဘယ်လိုမှ ကြပ်ထုပ်ထိုးလို့ မရတဲ့ နေရာက နာကျင်နေတာပါ"

"သူ. . သူများ. . အဲသလောက်ထိ မရည်ရွယ်ပါဘူး. . ဘေး. . ဘေးက ခင်ကြည်ဝင်းတို့ပါ. . စာအုပ်တွေ့သွားတော့ စာကိုလည်း ဝိုင်းဖတ်ပြီး စကြပြောင်ကြတော့. . . ရှက်. . ရှက်ရမ်း ရမ်းမိတာပါ. . . သူ. . သူကလည်း ဘာ. . ဘာဖြစ်လို့ ကြိမ်လုံးအကြီးဆုံးကို ရွေးရတာလဲ!. ."

သူ၏မှောက်အိပ်နေသော ကျောကုန်းပေါ် သူမလက်ကလေး ဖွဖွတင်လာမည်။

သူက ဖက်ထားသော ခေါင်းအုံးတို့ ပြောင်းပြန်လှန်လိုက်ပြီး (ကြိတ်ငိုထား၍ စွတ်နေသော ခေါင်းအုံးစွပ်ကို သူမမြင်စေ)မျက်နှာကိုပါ တစ်ဘက်လှည့်လိုက်သည်။





နောက်စေ့နှင့် သူမကို ကြည့်ပြီး ဝမ်းခေါင်းသံကြီးနှင့် ပြောမည်။ (လိုအပ်သလို ရှိုက်သံစွက်နေမည်)

"ကျ. . ကျွန်တော့်ကို သိပ်နာစေချင်ခဲ့တယ် မဟုတ်လား. . . ကျ. . ကျွန်တော် ရုံးခန်းထဲမှာ အင်ဒီယာနာဂျုံး ကိုင်တဲ့ ကြာပွတ်ရှာပါသေးတယ်. . . မတွေ့လို့ အဲဒီထားဝယ်ကြိမ်လုံးကြီးပဲ ရွေးလိုက်ရတာ. . ဟင့် ကျွန်တော်မျိုးကြီး ဒီထက်မက ဒဏ်ခတ်ခံသင့်ပါတယ်. . . အဟင့်. . . ကျွန်တော်. . အပြစ်ရှိသူပါ. . ချစ်မိတဲ့ အပြစ်ရှိသူ. . ငမိုက်သားပါ . . . မတန်မရာ ပင်မြင့်စံပန်းတစ်ပွင့်ကိုမှ. . . အဟင့်. . အဟီး. . ."

တလှုပ်လှုပ် ငိုနေသော သူ့ကျောလေးကို ဖွဖွဖိထားရာမှ သူမက ရွရွလေး ပွတ်ပေးလာမည်။

"ကျ. . ကျွန်မ အရမ်းနောင်တရနေပါတယ်၊ ရုံးခန်းထဲက ရှဲခနဲ ရှဲကနဲ အသံကြီးတွေနဲ့ သူတောင့်ခံနေတာကို ဘယ်လိုမှ မကြည့်ရက်လို့ မျက်လုံးစုံမှိတ် အံကြိတ်ရင်း. . . ငါမှားပြီလို့ အဲဒီကတည်းက နောင်တရခဲ့တာပါ။

ကျ. . ကျွန်မ ပင်မြင့်စံလည်း မဟုတ်ပါဘူး. . . ကျွန်မလေ. . . အခု. . အဟင့်. . ကြွေကျလို့ မြေခခဲ့ရပါပြီ. . သူကြွေကွဲနာကျင်နေတုန်း ဆိုရင် ကျွန်မကို ဖြတ်ရိုက်ချလိုက်ပါ. . . ကျွန်မ ပါးထိုးပေးထားပါတယ်"

သူ တသိမ့်သိမ့် ကျောသာ ဆက်လှုပ်နေမည်။ ငိုရှိုက်သံသာ နောက်ခံတီးလုံးအဖြစ် ဆက်လက်ထုတ်လွှင့်နေမည်။ နံရံဘက် လှည့်ထားသော မျက်နှာရှိ မျက်လုံးက ပြူးကာနဲ ဝမ်းသာ၍ နှုတ်ခမ်းလွှာတွေက ဖြီးဖြီးဖြီးကြီး ဖြစ်နေတော့မည်။

ထိုစဉ် ကုတင်သည် ကျွတ်ကနဲ မြည်သွားပြီး. . .

(သူမ Position ပြောင်းထိုင်လိုက်သောကြောင့်)

သူ့ကျောပြင် တသိမ့်သိမ့်ပေါ် သူမ၏လက်ဖဝါးအစား. . . ပါးတလေး. . ပူနွေးသောမျက်ရည်တွေနှင့်အတူ တိုးကပ်လာမည်။ သူ့ပါးစပ်ဝလုံးလို ဝိုင်းသွား. . .

ဟား. . . ငါကွ. . ဟူသောအတွေး ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဆံပင်နုနုလေးတွေကို မှောက်ခုံကြီးမို့ လက်နောက်ပြန် စမ်းလိုက်စဉ်. . . နူးညံ့နေမည့် သူမဆံပင် ညှိညှိုအိအိအစား အမွှေးကြမ်းတယောင်ယောင်နှင့် အိမ်က ကြောင်မ. . ရွှေဝါဖြစ်နေ. . .

ညောင်

ငါလေ. . . တယ်!!။

ဟဲယ်. . ငါ့ ကြောင်ကလေး ကြင်မြအေး. . ဘယ်ရောက်သွားပါလိမ့်. . . ဟုတ်ပ့ါ ကိုယ့်ဆရာ့ရေ တတိယအတွေး ထိုးရပ်သွားခြင်း ဖြစ်ပါသည်။

အဝေးက ကျောင်းဆင်းခေါင်းလောင်းသံ ကြားလေပြီ။

ဒုတ်ဒုတ်. . .

ဒုတ်ဒုတ်. . .

ကျောင်းတံခါးဝမှ အန်ထွက်လာသော အဖြူအစိမ်းတွေ ကြား၌ အရှေ့ဆုံးက ဘွားကနဲ ပေါ်လာသူများကတော့. . .

ဟုတ်ကဲ့. . သူအထူးမျှော်လင့်စောင့်စားနေသော စိနနှင့် ပိုကာ ဖြစ်နေ၏။ ရောမသတင်းထူး. . . သတင်းဦးကို သယ်ဆောင်လာသူများ ပီပီ သူ့ထက်ငါ ခြေလှမ်းတွေ သွက်နေပုံကို အဝေးမှပင် မြင်နိုင်ပါသည်။

ဒုတ်. . ဒုတ်. . .

ဒုတ်. . ဒုတ်. . .

သူ၏ရင်ခုန်နှုန်းလည်း သာမန်ထက် သုံးဒသမ ခြောက်ဆခန့် မြန်လာ၏။

ဒုတ်. . . ဒုတ်. . . ဒုတ်. . .

ဒုတ်. . . ဒုတ်. . . ဒုတ်. . .

ရှိုး!!. . .

ထိုစဉ် ငယ်ဘဝအတွေးသည် လူကျဲသော အမှတ်ခံရသော ဂိုးသွင်းခါနီး တိုက်စစ်မှူးလို တန့်ကနဲ တုန့်သွား၏။

ရှိုး!. . .

"ဦး. . . လူရှိလားဟင်!. . . ဦး. . ဒီခုံ လူရှိလားလို့!. . ကျွန်မတို့





မေးနေတာ သုံးခါရှိပါပြီရှင်"

"ဟင်!. . မ. . မရှိပါဘူးကွယ်. . ထိုင်. . ထိုင်ပါ"

အတွေးထဲ နစ်ကျွံနေသော စိတ်အစဉ်ကို ခပ်ထွားထွား မြက်ဖုတ်တစ်ပင်လို မနည်းကြီးပင် ဆွဲနှုတ်လိုက်ရ၏။ (တောဘောလုံးကွင်းထဲ သူလဲနေခဲ့သည်လေ)

နုနယ်တက်ကြွသော မော်ဒန်အတွဲလေး သူ့နံဘေး ဝင်ထိုင်ကြ၏၊ ချက်ချင်းပင် မွှေးကြိုင်သွားသည်။

"ချစ်မှာလေ. . . ချစ်စားတာ ကိုယ်စားမယ်"

"ဘာ. . ချစ်လဲ. . သူ့ကို အဖြေလည်း မပေးရသေးဘဲနဲ့"

"မျက်လုံးဟာ နှလုံးသားရဲ့ပြတင်းပေါက်တဲ့. . . ချစ်နှလုံးသားကို ကိုယ်မြင်နေရတာပဲ. . ရည်းစားစကား ပြောတာတို့. . . ရည်းစားစာ ပေးတာတို့. . ဟိုးကလီရှေးမှာ အင်း(န်)တိတ်(ခ်)အဖြစ် ကျန်ခဲ့ပြီ"

"နက်စ် မစ်ရှယ်နစ်ခွက်. . . နို့ဆမ်းပလာတာနှစ်ပွဲ"

အင်း. . ငါက ကလီရှေးမှာ အင်း(န်)တိတ်(ခ်) ဘဝကို ချက်ချင်းရောက်သွားပါလား။

ဟု သူတွေးငေးနေစဉ်. . .

ကောင်မလေးက အင်္ဂလန်နိုင်ငံသား ငါးယောက်ပါဝင်သော Westlife ဂီတအဖွဲ့မှ ရှိန်းနှင့် ဘရိုင်ယန်ကို သူမ ခိုက်ကြောင်း၊ စွဲလန်းမှာ အိပ်မက်ပင် မက်ကြောင်း ပြောသည်။ (ဘုရား. . . ဘုရား၊ ကြမ်းခန်းနမ်းခန်းတွေ ပါနေမှဖြင့် နှစ်ယောက်ကြီးများတောင်)

ကောင်လေးကလည်း ဘရစ်တနီစပီးယားကို အသေရတောင် လိုချင်ကြောင်း အားကျမခံ ပြန်ပြောသည်။ (အသုဘစရိတ် မတွေးမိဘူးလား၊ နာရေးကူညီမှုအသင်းနဲ့ သူ့အသိုင်းအဝိုင်းက လက်ခံပါ့မလား။ အကျယ်ချဲ့မယ်၊ ဆင်နဲ့ ချချင်တယ်ဆို ခက်ရချည့်)

အင်း. . ငါလည်း ငါ့အတွေးထဲမှာ ခုနကတော့ ဇာတ်လိုက်ကလေးပါပဲ. . သူတို့ရောက်လာမှပဲ ငါနှယ်. . ချက်ချင်း ပွဲကြည့်ပရိသတ် ဖြစ်သွားတော့တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်က ပြဇာတ်လေးသည် ဇာတ်ရှိန်ဆက်မတက်ဘဲ. . . ကြော်ငြာကဏ္ဍဆီ ချိုးကွေ့သွားပြန်သည်။

"ဟိုကြော်ငြာ မလာတာ ကြာပြီနော် ကို"

"ဘယ်ကြော်ငြာလဲ ချစ်"

"သနပ်ခါးကြော်ငြာလေ. . . ကြော်ငြာတဲ့ လူကြီးမိုက်တယ်. . . သနပ်ခါး လိမ်းပြီးမှ ပိုမိုက်သွားတယ်. . အခု မလာတာ ကြာပြီလေ"

"ဘယ်လာတော့မလဲ. . . ဆရာသစ္စာနီက အက်ဆေးတစ်ပုဒ်ထဲ ထည့်ရေးတယ်လေ. . . အရက်ကို မိန်းမနဲ့ ကြော်ငြာပြီး. . သနပ်ခါးကို ယောက်ျားနဲ့ ကြော်ငြာကြလို့လေ. . ."

"ဒါကြောင့်. . ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တာကိုး. . အဲဒီဆရာရဲ့ကလောင် သံချေးတက်ပါစေတော်"

"ချစ်. . မပြောကောင်းဘူး. . အဲဒီဆရာက အချစ်သမား စစ်စစ်ကြီးကွ. . . အသည်းကွဲရာက မတော်မဆ ကဗျာဆရာ ဖြစ်လာတာတဲ့၊ ချစ်တတ်လို့ ကဗျာဆရာ ဖြစ်လာတာ. . လေးစားရမယ်"

အင်း. . . ဒီချာတိတ် တော်တော်နဲ့စပ်သားပဲ၊ ငယ်ငယ် ရွယ်ရွယ်နဲ့ သစ္စာနီကို တော်တော်သိနေပုံပဲ၊ ဒါကြောင့်လည်း စာမပေး၊ ရည်းစားစကား မပြောဘဲနဲ့ ချစ်သူရနေတာ ဖြစ်မယ်. . .။

စားသောက် ငွေရှင်းပြီးသောအခါ ကောင်လေးက. . .

"ဒါဒ့ါကား Booking သွားလုပ်ရအောင် ချစ်"

"အဲဒါပြောမလို့. . . ကိုယ်နဲ့တို့နဲ့ တယ်လီပသီ မိမိနေတယ်နော်၊ ချစ်လဲကြည့်ချင်နေတာ အတော်ပဲ. . . ဦး. . ခွင့်ပြုပါဦးရှင်"

"ဟုတ်ကဲ့ပါ. . ခင်ဗျာ"

အရှင်လတ်လတ် ပြဇာတ်လေး လက်ချင်းချိတ်၍ ထွက်သွားလေသည်။ ငယ်တွေးဝင်နေချိန်မို့ ငယ်မူငယ်သွေးသည် ကြွလာ၏။

"အင်း. . . ငါလည်း ရုပ်ရှင်ကို ရုံနဲ့ မကြည့်ရတာကြာပြီ"

သူတို့နောက်နားက လက်မှတ်ရလိုရငြား Booking သွားလုပ်ဦးမှ. . ဒါမှ ရုပ်ရှင်ရော ပြဇာတ်ပါ ကြည့်ရမှာ. . . ဟင်း. ဟင်း။ (သတ်ရခက်သော ပိုးတစ်မျိုး သူ့၌ရှိကြောင်း နောက်ခန်း၌ ခင်းကျင်းပါမည်)

သူ. . တို့ပင်မတို့မိသော နို့ဆမ်းပလာတာထဲ၌ ဘယ်အချိန်က ကျနေမှန်း မသိသော ယင်ကောင်နှစ်ကောင် ဖုတ်လိုက်ဖတ်လပ် ဖြစ်နေသည်။

ငွန်းနှင့် ကော်၍ စားပွဲပေါ် ချပေးလိုက်သည်။ မကြာပါ. . . ထစ်ကောင်အပေါ် တစ်ကောင် ထပ်၍ ထပျံသွားလေသည်။

မဆီမဆိုင်(သို့မဟုတ်)ဆီဆီဆိုင်ဆိုင် ကြင်မြဲအေးကို သတိရလိုက်တာ. . .။





www.burmeseclassic.com

www.burmeseclassic.com






အခန်း(၄)

ထိမိခိုက်မိလျှင် အချိန်မရွေး ကွဲရှပျက်စီးသွားနိုင်သော အဖုံး
န် ပစ္စည်းတစ်ခုကို တယုတယ ကိုင်တွယ်ပုံမျိုးနှင့် ကုတင်အောက်က
သေတ္တာအဟောင်းလေးကို သူဆွဲထုတ်နေ၏။

သံချေးတက်နေနိုင်သော သေတ္တာဝမ်းပိုက်နှင့် လျှာထိုး ကြမ်းခင်း
ပေါ်ရှိ ဖုန်မှုန့်များ၏ဂျစ်ဂျစ်မြည် ပွတ်ကြိတ်သံသည် တိုးတိတ်လွန်းသော
ည်း သူ့ရင်ထဲသို့ စူးစူးနစ်နစ် ခြစ်ရှ၍ ထိုးဝင်လာ၏။

သေတ္တာအဖုံးပေါ်ရှိ ဖုန်မှုန့်များ၊ ပင့်ကူအိမ်များကို လက်ကိုင်ပုဝါ
ဖြင့် ဖယ်သန့်နေစဉ် ရင်ခုန်နှုန်းသည် တစ်စတစ်စ မြင့်တက်လာနေ၏။

သေတ္တာအဖုံးသည် ကျွိကနဲ အော်၍ ပွင့်လာသောအခါ (ညောင်
မအော်သော) ကြောင်ကလေးအကြောင်း စုဆောင်းထားသမျှ ဖိုင်
တွဲလေး အပေါ်ဆုံးက ပေါ်လာ၏။ ယုယုယယပင် သူထုတ်ယူလိုက်ပြီး
သေတ္တာအဖုံးလေးကို ဖွဖွလေး ပြန်ပိတ်လိုက်သည်။

ဖိုင်ကို စားပွဲပေါ်တင်ပြီး ရွရွလေး ဖုန်သုတ်ပေးပြီးမှ ဖြည်းဖြည်း
လှန်လိုက်၏။ မှန်ဘောင်သွင်းထားသော မင်ခြစ်ပန်းချီကားလေး ဦးစွာ



www.burmeseclassic.com

www.burmeseclassic.com



(ကလစ်ညှပ်မထား၍) ထွက်လာ၏။

မှန်ပေါ်က ဖုန်မှုန့်(ရှိချင်မှလည်းရှိမည်)တွေကို လေနှင့် အရင်မှုတ်လိုက်ပြီးမှ မျဉ်းကြောင်းတွေ ပါနေသော ဗလာစာရွက်ပေါ်က ပန်းချီကို အနုစိတ် ခံစားလိုက်သည်။

ကျစ်ဆံမြီးတစ်ချောင်း ကျောပေါ်သို့ ချပြီး နားရွက်. . ပါးလေးလေးပုံတစ်ပုံခန့်နှင့် မေးဖျားပါသည်ဆိုရုံလေး ကျောပေးနေသော ကြောင်ကလေး(ကြင်မြအေး)၏ပုံတူ ဖြစ်ပါသည်။

"မင်းကလေး အရင်အတိုင်း လှနေတုန်းပါလားကွယ်"

ကြည့်နေရင်း. . ကြည့်နေရင်း. . နောက်စေ့ကလေး လည်သွားပြီး မျက်နှာတစ်ခြမ်းနှင့် နှာသီးဖျားလှလှလေး ပေါ်လာသည်ဟု သူထင်သည်။ အထင်ပင်မဟုတ်မှု၍ တကယ်လှုပ်လာ၏။ အလို!. . . သူကိုယ်တိုင် ပန်းချီကားထဲ ထဲထဲဝင်ဝင် တိုးသွားလေသည်။

၄ ၄ ၄ ၄

"လုပ်ပါ သူငယ်ချင်းရာ မင်းက ပန်းချီမှာ ဂုရုပဲ. . . သူ့ပုံလေးရေးပေးစမ်းပါ။ သူများတွေ ပြောင်ခေါ်သလို ပိုကာလို့. . . မင်းမကြိုက်ရင် မခေါ်တော့ပါဘူး. . . မြင့်ဆွေပဲ ခေါ်မယ်. . . ကိုမြင့်ဆွေ ဒါမှမဟုတ် ဆရာမြင့်ဆွေ. . ကြိုက်တာခေါ်မယ်ကွာ. . လုပ်ပါ"





"ဖော့ကောင်. . မြေဖြူ. . . ဟိုတစ်နေ့ကလည်း မင်းကို ကယ်လို့ချစ်ကိုယ်တွေ့ပေါင်းချုပ် အမှုတွဲထဲက တည်းတည်းလေး ငါလွတ်သွားတာ. . . ခုတစ်ခါ ထပ်တွဲပြန်ပြီလား. . . "

ဟိုတစ်နေ့က ချစ်ကိုယ်တွေ့အမှုတွဲ ဖြစ်ရပ်မှန်မှာ. . . (သူ့အတွေးသုံးခုနှင့် ဘယ်လိုမှ မပတ်သက်ခဲ့ပါ)

ကျောင်းတက်ခါနီးမှ ရောက်လာသော ကြောင်ကလေးက Desk ကို လွယ်အိတ်ထည့်ရန် လှန်သည်။ ချစ်ကိုယ်တွေ့စာအုပ် တွေ့သည်။ အုန်၍ပင် မကြည့်ပဲ ဆရာမစားပွဲပေါ် သွားတင်ထားသည်။

"ဟိုက်!!. . . ဟာ!!. . . "

စိန်နှင့်ပိုကာ အလစ်သွားယူရန် တာစူနေစဉ် ကျောင်းတက်သွားသည်။ ကမ္ဘာမကြေဆိုပြီးလျှင် ဖြစ်တဲ့နည်းနှင့် သွားယူကြမည်ဟု ကြံသည်။ ကမ္ဘာမကြေ ဆိုပြီးပြီးချင်း ဆရာမ ဒေါ်တင်မြမြ ရောက်လာသည်။

အမှုမဲ့ အမှတ်မဲ့ပင် ချစ်ကိုယ်တွေ့စာအုပ်အပေါ် ဆရာမက သူ့စာအုပ်တွေ ပစ်ချသည်။ စာသင်သည်။ နှစ်ကောင်သား တစ်ချိန်လုံး တဒိတ်ဒိတ် ထုတ်တုတ်မေ့နေကြရသည်။ စာအုပ်ပုံထဲက ပြဋ္ဌာန်းစာအုပ်ထုတ်သေးသည်။

ချစ်ကိုယ်တွေ့စာအုပ်.တစ်ပိုင်းတစ်စ ထွက်လာသည်။ မမြင်။ ဆက်သင်သည်။

အတန်းချိန်ပြီးတော့ ခွေ့ကနဲ သူ့စာအုပ်တွေချည်း ကောက်မပြီး ထွက်သွားသည်။ နောက်ဆရာ မလာခင် စိနက ကိုယ်လုံးနှင့် ပြေးကွယ်ပြီး ပိုကာက ဖတ်ကနဲ ယူ၍ ရင်ဘတ်ကြားသို့ စာအုပ်ထိုးထည့်၍ ပြန်ယူလာခဲ့ရသည်။ ဒါပဲဖြစ်သည်။

ညစ္စန့်စားခန်းအတွက် လက်ဖက်ရည်တစ်ခွက်စီနှင့် နို့ဆမ်းသောတာနှစ်ပွဲစီ ထမင်းလွတ် အုပ်ကြသည်။ သူ ကြွေးတင်သည်။ (မှတ်မှတ်ရရ ထိုနေ့က သူ စီးကရက် စသောက်သည်။ အဟွတ်. . ဟွတ်. . )

"လုပ်ပါ သယ်ချင်းရာ. . မင်းလက်ရာကိုလည်း. . အမှတ်တရ သိမ်းထားချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပိုကာ အင်မတန် ခိုက်သည့် ခင်သီတာထွန်း ပါသော ရုပ်ရှင်လာလျှင် နှစ်ပွဲဆက် ဒကာခံမည် ပြောမှ စေးတည့်သွားသည်။

"အေးကွာ. . . ကျောကုန်းကြည့်ဆွဲရမှာ ဖျင်းစရာကြီး"

"လုပ်ပါကွာ ကျောကုန်းရယ်. . နောက်စေ့လေးရယ်. . ပခုံးလေးတွေရယ်. . ကျစ်ဆံမြီးရယ် ပြီးတော့ နားရွက်လေးရယ် ပါရင်ပြီးတာပဲ. . မင်းက ပါရမီရှင်ဆိုတော့ တူမှာပါ. ."

သိပ်မကြာလိုက်ပါ။ ပန်းချီရေးခြင်းကိစ္စ ပြီးမြောက်သွားလေသည်။

"ဘယ်နှယ့်လဲ မြေဖြူ"

"ဟာ. . . တူလိုက်တာကွာ၊ ဓါတ်ပုံဖမ်းရိုက်ထားသလိုပဲ. . . မင်းတော့ လီယိုနာဒိုဒါဗင်ဂျီလို ကမ္ဘာကျော်ဦးမယ်"

"ဘာလဲကွ လီယိုနာဒိုဒါဗင်ဂျီဆိုတာ ဟင်းခတ်မှုန့်အသစ်လား"

"အေး. . . ဟုတ်တယ်၊ ဒိုက်ဦးက ထုတ်တာ"

သူ့ အကြာကြီး စိုက်ကြည့်နေ၍ ပိုကာက ရုပ်ရှင်မကြည့်ရမှာ စိုးရိမ်ပြီး. . .

"သိပ်တော့ မတူဘူးကွ. . . သူက လှုပ်နေတာရယ်. . မင်းက လောနေတာရယ်. . ."

"တူပါတယ်ကွ. . . ငါခိုက်တယ်. . နောက်လာမယ့်ကားလည်း ခင်သီတာထွန်း ပါတယ်၊ ငါပြပ့ါမယ်"

ပြီးကန် ဗလာစာအုပ်မှ ပိုကာက စာရွက်ဆွဲဖြဲပေးသည်။

"မြန်မြန်လုပ်ပါကွ. . . ငါ့ကြောင်ကလေး ပုံပါသွားပါ့မယ်"

ဖြစ်ချင်တော့ ထိုညနေ ကျောင်းဆင်းတော့ မိုးရွာသည်။ သူက ထီးယူလေ့ မရှိ။ ထီးပါသူ သူငယ်ချင်းကို လွယ်အိတ်ပေး၍ မိုးရွာထဲတိုး သူပြန်နေကျဖြစ်သည်။

ဒီကနေ့တော့ ကြောင်ကလေးပုံပါသောလွယ်အိတ်ကို ဘယ်သူ့မှ မပေးနိုင်။ မိုးစဲသည်အထိ စောင့်နေမိသည်။ စာအုပ်တွေထက် ကြောင်ကလေး မိုးစိုသွားမှာ သူစိုးသည်လေ။





"အင်း. . . ဒီလောက်ဆို ရပြီ၊ ပြေးမယ်"

လွယ်အိတ်ကို(ကြောင်ကလေးကို) ရင်ခွင်ထဲ ဖိပိုက်၍ မိုးရေထဲ ခေါင်းငိုက်စိုက် ပြေးတော့သည်။ ဖိနပ်သဲကြိုး ပြတ်သည်။ သဲကြိုးပြတ်ဖိနပ်ကို ပြန်ကောက်ရန် အချိန်လျှော့သည်။ သဲကြိုးလဲ၍ရသေးသည်။ ခုံက တောင်းကြီး။

"ဟာ. . ကောက်မနေတော့ပါဘူး၊ မိုးသည်းလာရင် ငါ့ကြောင်လေး. . ."

သူ့ အိမ်အရောက် ဆက်ပြေးသည်။ မန္တလေးသုံးပြရောက်သည်။ တစ်ထောက်မှ မနားခဲ့ပါဘူး ချစ်သူရယ်. . .

အိမ်ရောက်တော့ အိပ်ခန်းထဲ တန်းပြေးဝင်သွားသော သူ့ကို မေတ. . .

"ဟဲ့သား. . . ရှီးရာပျက်တော့မှာပဲ. . မီးဖိုထဲ တန်းမဝင်ဘူး. . . ဘာစားလာသလဲ!. . ."

သူအာဆင်ပြေသလို လှမ်းဖြေခဲ့သည်။

"စားလာတယ်. . ကြာဇံသုတ်လား၊ ခေါက်ဆွဲသုတ်လား တစ်ခုခု မေမေရေ. ."

ကုတင်ပေါ် လွယ်အိတ်အသာချပြီး ကြောင်ကလေးပုံ ပါသော အုပ်ကို "ကွဲတတ်သည်" ပစ္စည်းကိုင်သလို ဆွဲထုတ်သည်။

"ဟာ. . . မစိုဘူး အိုကေပဲ"

ပန်းချီကားကို ဖန်တုံးကလေးနှင့် ဖွဖွလေးဖိ၍ လှေခါးအောက်ရှိ အိုခန်းထဲ ဝင်လာခဲ့သည်။ သည်အခန်းထဲမှာ အဖိုးရှိကိုရှိနေလိမ့်မည်။

ပစ္စည်းအဟောင်းအမျိုးတွေကြား အဖိုးကို ဘွားကနဲ သွားတွေ့သည်။ မှန်ပေါင်ထဲက အဖိုးပုံဟောင်းသည် နှုတ်ခမ်းမွှေးကားကားကြီးနှင့် သူ့ကို ပြုံးပြနေသည်။

"ဆောရီးနော် အဖိုး"

မှန်ပေါင်ကျောက သံမှိုတွေ ဖြုတ်၍ မှန်နှင့်ဘောင်သာ ယူပြီး အဖိုးပုံကို တိုလီမုတ်စတွေ ထည့်သော တောင်းထဲ ပစ်ထည့်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကပြင် ထွက်၍ သူ့သွားတိုက်သွားပွတ်တံနှင့် မွေးဆပ်ပြာကို ယူပြီး အမှန်းတိုက်ချွတ်လိုက်သည်။

မှန်သည် အကြည်လင်ဆုံး အခြေအနေဟု ယုံကြည်ရမှ သူ့လုပ်ငန်းကို ရပ်လိုက်သည်။ ရေစင်အောင်သုတ်ပြီး သပ်ရပ်စွာ ကြောင်ကလေးကို မှန်ဘောင်သွင်းလိုက်သည်။

ပြဿနာ စပါလေပြီ၊ မှန်ဘောင်ထဲက ကြောင်ကလေးကို သူ ဘယ်နား ထားရမှန်းမသိ။

စာကြည့်စားပွဲပေါ် ထောင်၍ကြည့်သည်။ သိပ်မကောင်း။ စာကြည့်စားပွဲတွင် သူအမြဲထိုင်လေ့မရှိ။

အိပ်ရင်း လှမ်းမြင်နေရသော ခြေရင်းနံရံမှာဆိုရင်ကော. . .

ဟာ. . . မဖြစ်သေးပါဘူး ခြေရင်းကြီးဆိုတော့. . အချစ်ကို မလေးစားရာကျနေမည်။

မျက်နှာကြက်မှာ အပြားလိုက် ကပ်ထားမယ်ဆိုရင်ကော. . .

တစ်ရေးနိုး ကြည့်ချင်လျှင် ခြင်ထောင်အမိုး ခံနေမည်။ လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်နေရဦးမည်။ မဖြစ်ချေသေးပါဘူး။

နောက်ဆုံးတော့ အသင့်တော်ဆုံးက ခေါင်းရင်းနံရံမှာပဲ အမြတ်တနိုးထားတာ အကောင်းဆုံး ဖြစ်တော့သည်ဟု ဆုံးဖြတ်ချက်ချသည်။

ထိုစဉ် မေမေက အိမ်အောက်က လှမ်းအော်သည်။

"သားရေ. . . မင်းရွှေဝါမ နေ့ခင်းက ကားတိုက်လို့ သေသွားပြီကွယ်. . ."

"ဟုတ်လား မေမေ. . . စိတ်မကောင်းစရာပဲဗျာ. . ."

အမှန်က စိတ်ထဲမှာ ဘယ်လိုမှ သိပ်မနေပါ။ "ရွှေဝါမ" ထက် အရေးပါသော ကြောင်ကလေး ရှိနေပြီပဲ။ တူနှင့်သံက ရှာရမြန်သည်။

ကုတင်ပေါ် တက်၍ ခေါင်းရင်းနံရံထဲ သံကို တဒုန်းဒုန်း ရိုက်သွင်းနေစဉ်. . .

"ခွမ်း!!. . . ဂလွမ်း!!"

မနက်က မေတ္တာပို့ရင်း သူကိုယ်တိုင် ခပ်တည်းတည်းသာ တင်ထားမိခဲ့သော သောက်တော်ရေခွက် ကျကွဲသံဖြစ်သည်။

"ခွင့်လွှတ်နားလည်တော်မူပါ. . . မဟာကရုဏာသခင် အရှင်တော်မြတ်ဘုရား. . ."

ဒုန်း!!. . ဒုန်း!!. . ။

"ဟဲ့. . . သား ဘာဖြစ်တာလဲ!"

"ကြောင်. . . ကြောင် မေမေ"

သူ့အဖြေကြောင့်. . .

ဟဲ့. . . ရွှေဝါမက သေပြီပဲဟု မီးဖိုချောင်ထဲက မေမေ ကြောင်တောင်တောင် စဉ်းစားနေမည်ကိုလည်း သူမစဉ်းစားမိပါလေတော့၊ သူ့ကြောင်လေး နေရာချထားရေးသာ အရေးကြီးနေ၏။

ကြောင်ကလေးကို ရှေ့ပြင်ညီ၊ ထောင့်မှန်အတိအကျ ချိတ်ဆွဲပြီး ကုတင်ပေါ်က တဝကြီး ပက်လက်အိပ်ရင်း ကြည့်နေမိသည်။

တဖြည်းဖြည်း. . . တဖြည်းဖြည်း. . . ကြောင်ကလေး၏. . . ဆံပင်များ လှုပ်လာသလားလို့၊ ဟုတ်သည်။ ကျစ်ဆံမြီး တစ်လျှားလုံး သိမ့်ကနဲ လှုပ်ခါ သွားသည်။ ပေါ်သည်ဆိုရုံ ပါးကလေး တဖြည်းဖြည်း ပြည့်ပြည့်လာနေသည်။ မေးဖျားလေးလည်း လည်လာသည်။ ကြည့်နေရင်း. . ကြည့်နေရင်း. . နှာသီးဖျားလေး ပေါ်လာသည်. . . တဖြည်းဖြည်း တဖြည်းဖြည်း နှာခေါင်း တစ်ခုလုံးနှင့် မျက်နှာလှလှတစ်ခုလုံး ပေါ်လာသည်။ သေချာပြီ. . . ဆက်ကြည့်နေလျှင် မျက်နှာဝှေလ ရွှင်ပြုံးပြသည်. . လပြည့်တစ်စင်းလို ဝင်းကနဲ ပြည့်လာတော့မည်။

"ဟဲ့သား!. . . ဖောက်ထိုးကြီး အိပ်ဟော့နေတယ်၊ ဟယ်. . ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူလို့. ."

ချစ်ခြင်းမေတ္တာတရားသည် တစ်ခါတစ်ရံ ဖောက်ထိုးမိုးမှော်ဖြစ်တတ်ပါသလား. . . မေမေ၏ကွမ်းရွက်ပြုတ်နှင့် ငန်းဆေးကတော့ ထိုညဥ့် ချိုမြနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com






အခန်း(၄)

ကြင်မြအေး ငယ်ငယ်က ပန်းချီကားလေးကို သူငယ်ငယ်က လိုပင် ကုတင်ခေါင်းရင်းတွင် ပြန်လည်ချိတ်ဆွဲလိုက်ပါသည်။ ဇောက်ထိုး အိပ်လျက်သားတော့ မကြည့်ဖြစ်တော့ပါ။ ဘုရားခန်းနံရံဘက် ခြေမဆင်း ချင်၍ ဖြစ်သည်။ ကုတင်ပေါ်မှ ခဏထိုင်ကြည့်ပြီး သေတ္တာကို ရှိရှိသေသေ ပင် ထပ်ဖွင့်လိုက်ပြန်သည်။ သေတ္တာထဲက. . .

သူ၏ကျောင်းစိမ်းလုံချည်တွေထဲမှ အမှတ်တရအဖြစ်ဆုံး ပုဆိုး လေးတစ်ထည်နှင့် ပိန်ချိုင့်နေသော ဒန်ရေခွက်ကလေး လက်ထဲပါလာ သည်။

၄၄၄၄



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကလေးကို စချစ်မိကတည်းက သူ စောစောစီးစီး ရေချိုးသော အလေ့အကျင့် စတင်ခဲ့ပါသည်။ ခြံထဲက အုတ်ရေကန်တွင် တဗွမ်းဗွမ်း ရေချိုးနေသော သူ့ကို. . .

"သားရေ. . . ထီထိုးခဲ့စမ်း. . ကက်ကင်းမိအောင်. . သုံးအစသုံးအဆုံး"

"ဟာ. . . မေမေက ဘယ်တုန်းက ထီထိုးဖူးလို့လဲ!. . . ပြီးတော့ ဘာလဲ ကက်ကင်းဆိုတာက. ."

"ငါ့သား တစ်ခါမှ မနက်ရေမချိုးစဖူး ချိုးတယ်. . ဆပ်ပြာသုံးခါ တိုက်တယ်. . . ဒီနေ့ ထီမထိုးရင် ဘယ်နေ့ သွားထိုးမလဲ!"

သူနည်းနည်းရှက်သွားပါသည်။ မေမေ ထပ်ပြောပုံကို ကြည့်ဦး။

"ကက်ကင်းဆိုတာက အပြန်အလှန် ဒွိဂဏန်း တြိဂဏန်း ချိတ်မိနေတာ. . တြိဆိုတာ သုံး. . ဗုဒ္ဓဟူး ရ. ဒ. လ. ဝ ရေနဲ့ရည်းစား"

"ရေနဲ့ ရည်းစားက ဘာလဲ မေမေ!"

"ရည်းစားရှိလာရင် လူဟာ ရေချိုးတာကို ပြောတာပေါ့. . ."

သူရှက်ပြီးသား ပိုရှက်သွားပြီး. . .

"ဟာဗျာ. . . မေမေကလည်း၊ ရည်းစားမရှိသေးပါဘူး. . .





အခိုးပွင့်အောင်၊ လန်းအောင် ချိုးတာပါ"

ပြောပြီး အိမ်ခန်းထဲ တချိုးထဲ ပြေးတက်ခဲ့လေသည်။

ရေမွှေးလေးဘာလေး ဝယ်ဦးမှ. . .။

ကြောင်ကလေးကြောင့် သူရေချိုးမှန်လာသည်။

ကျောင်းတက်မှန်လာသည်။ စာမှန်မှန်ကြည့်ဖြစ်သည်။

ချစ်သူရှေ့၌ ဆရာ၊ ဆရာမ မေးသမျှ ရင်ကော့၍ ဖြေဆိုနိုင်တာသာ အောင်ပွဲရစစ်သူကြီးတွေလို အရသာတစ်မျိုး ဖြစ်သည်လေ။

ရောမသူရဲကောင်းတွေဟာ ဂုဏ်သရေရှိ အမျိုးသမီးကောင်းတွေရှေ့၌ ပို၍ရဲရင့်လေ့ရှိကြသည်ဟု သူဖတ်ဖူးသည်။ (ဒါကြောင့် ခြသေ့်နဲ့သတ်တာနေမှာ ဘယ်သူမှမရှိရင် ကြွက်တောင် ကြောက်ချင်ကြောက်နေမှာ. . .)

ရေခွက်ပိန်လေးနှင့် လုံချည်စိမ်းလေး အမှတ်တရ မဖြစ်ခင် သူ့ကမ္ဘာပျက်ဖူးသည်။ နေ့စွဲမှတ်မှတ်ရရကို ကမ္ဘာပျက်ဖူးသည်။ သူမကျောင်းသုံးရက်ဆက်တိုက် ပျက်သောနေ့ များဖြစ်သည်။

သည်လောက်ကျယ်ဝန်းသော ကမ္ဘာကြီးထဲမှာ သူနှင့် သူ့ချစ်သူ (ကြောင်ကလေး)သည် တစ်နေ့ကို နာရီအနည်းငယ် စာသင်ခန်းတစ်ခုထဲ အတူတူ နေထိုင်ခွင့်ရသည်မှာ ဘယ်လောက်များ အံ့ဩစရာကောင်းပါသနည်း။ ဘယ်လောက်များ ကြည်နူးဖို့ကောင်းပါ သနည်း။ သူ့အတွက်သော့ ဤအချက်တစ်ခုတည်းနှင့်ပင် လူဖြစ်ရကျိုးနပ်နေခဲ့လေသည်။

## ကမ္ဘာပျက်သောနေ့

ကျောင်းနောက်ကျလေ့ မရှိသော သူမ ကမ္ဘာမကြေဆိုပြီး သည်ထိ ရောက်မလာအခါ စာသင်ခန်းကြီးသည် စစ်ပြီးစ ကုဝိတ်သဲကန္တာရလို ချောက်ချည်း ခြောက်သွေ့တိတ်ဆိတ်သွားခဲ့သည်။

ကမ္ဘာမကြေသီချင်းကို အသံနေအသံထားနှင့် သူတက်ကြွစွာ ဆိုလေ့ရှိခဲ့သည်။ ထိုနေ့က ကမ္ဘာမကြေ ဆိုနေစဉ်မှာပင် ကမ္ဘာသည်



www.burmeseclassic.com

www.burmeseclassic.com



ကြေမွသွားခဲ့လေသည်။

လှစ်ဟာနေသော သူ့မနေရာလေးကို တစ်နေ့ကုန်နီးပါး ခဏခဏ ကြည့်မိ၏။ ကြည့်မိတိုင်း သူ့ဝမ်းခေါင်းထဲ ဘာမှမရှိတော့သလို ခံစား သည်။ ဟာတာတာနှင့် ခန္ဓာကိုယ်သည် အခွံကြီးသက်သက်လို ဖြစ်နေခဲ့ သည်။

ကျောင်းဆင်းဆင်းချင်း စိန့်နှင့်ပို့ကာတို့ကိုပင် တိုင်ပင်မနေ ဘူတာရုံလမ်းထဲ ဝင်ခဲ့သည်။ ဘူတာရုံလမ်းသည် ချိုင့်ခွက်ထူပြော ကျောက်ခဲပေါ်သောလမ်းဖြစ်သည်။

ကြောင်ကလေး၏ဖခင် ရှုံပိုင်ကြီးသည် ဘူတာဝင်းထဲတွင် အိမ် တစ်လုံးရှိသော်လည်း ဘာကြောင့်မှန်းတော့ မသိ၊ ဘူတာအနီးက တိုက်အိမ် ကြီးတွင် နေသည်။ ငှားနေတာလား၊ ဝယ်နေတာလား သူမသိ။

သေချာသည်က အဲဒီတိုက်အိမ်ကြီး၏အမိုးနှင့်နံရံထဲတွင် ချို သောကြောင်ကလေး သေချာအောင် ရှိနေခြင်းပင်။

ကျောင်းအလွှတ်မို့ ဘူတာနောက်ပိုင်း နတ်ကင်းရပ်ကွက်က ကျောင်းသားတွေနှင့် ရောပြီး တစ်ခေါက်ဖြတ်လျှောက်ရင်း ငေးသည် ခလုတ်နှစ်ခါတိုက်သည်။

ဘူတာထဲ ယောင်လည်လည် ခဏလုပ်ပြီး အပြန်၌ တစ်ယောက် တည်းမို့ မလိုမလဲ မရဲတရဲ လှည့်ကြည့်မိသည်။ ခလုတ်တစ်ခါသာ တိုက် သည် ကြောင်ကလေးအရိပ်ကိုပင် မမြင်ရ။ ကုက္ကိုပင်အောက်က စမ ကွမ်းယာဆိုင်တွင် ပီကေဝင်ဝယ်သည်။ လွယ်အိတ်ခဏအပ်ပြီး နောက် တစ်ကြောင်း ပြန်သည်။

မရဲတရဲ လှမ်းကြည့်သည်။

**ဒုတ်!!. . .**

အာလာလာ. . ခြေမတော်တော်အီသွားသည်။ အောက်ထပ်ဒေ ခါးရင်းတွင် ရိုပ်ကနဲ တွေ့လိုက်ရသည် ထင်သည်၊ ခြေမကို ငုံ့မကြည့်အား လည်ပြန်ကြည့်ရင်း ပုဏ္ဏားကွယ်က ဖြတ်ကနဲ အရိပ်တလေး ပိတ်ကာသွားသည်။ ဘယ်ပုဏ္ဏားလာကွယ်လို့ ပုဏ္ဏားကွယ်လို့ ခေါ်သည်





သိ။

ဖိနပ်နှင့် ခြေမကြား ကပ်စေးစေး၊ စေးထန်းထန်း ဖြစ်လာတော့ ဘူတာရုံအဝင်ဝ ရောက်နေပြီး ငုံ့ကြည့်လိုက်တော့ သွေးတွေ ဟက်တက်ပွဲ နေသော ခြေမထိပ်က ထွက်နေ၏။

နီးစပ်ရာ ကုက္ကိုရွက် ခုန်ခူး၍ လုံးချေ အရည်ညှစ်ပြီး အစက်ချ သော အာလားလား. . . စပ်လှသည်။ မထူးတော့ အရွက်တွေပါ အုံပြီး နီးရာပလတ်စတစ်အိတ်နှင့် ချည်ထုပ်လိုက်သည်။

အပြန်၌ အကြံရသည်။ သူမအိမ်ရှေ့တည့်တည့်၌ ထိုင်ချပြီး ခြေမ ကြည့်စည်းမည်။ အပိုင်ပဲ။ အသေအချာ အထဲကို မြင်လောက်သော နေရာ တွင် ထိုင်အချ. . .

ဟ. . ဟ. . ရှုံပိုင်ကြီး ကုလားထိုင်ပေါ် ဆေးတံသောက်နေတာ နှင့် တည့်တည့်တိုးတော့သည်။ သူ့ကို ဘုကြည့်ကြည့်နေသည်။ ဆေးတံထဲ က ဒေါသမီးခိုးတွေ အူကနဲ အူကနဲ လူတက်လာသည်။ ဟော. . . ကျုံးထ ထိုတ်ပြီ။ လစ်ဟ. . . မီးရထားလက်ဝှေ့ချန်ပီယံဟောင်းကြီးတဲ့။

## ဒုတိယ ကမ္ဘာပျက်သောနေ့

နှင်းတောထဲ အစောကြီးပင် ထလာခဲ့သည်။ ကြောင်ကလေး အိမ်မရောက်ခင် ခါးလွယ်ခုတ်၌ အကြော်တဲလေး ရှိသည်။ အကြော်ထိုင် ဘားရင်း အကဲခတ်နေခဲ့သည်။ တိုက်ရှေ့၌ အုတ်ရေကန်တစ်ကန် ရှိသည်၊ ရေခွက်ကို ကန်ဘောင်ပေါ်မှာ တင်ထားသည်။ သွားပွတ်တံလား သွားတိုက် ဆေးဘူးလားတော့ မသိ. . . ရေခွက်ဘေးမှာ ရေးရေးလေး သေးသေးလေး သာမြင်နေရသည်။

ကြောင်ကလေး မျက်နှာသစ်ပြီးသွားတာလား!၊ မျက်နှာသစ်ဖို့ ချထားတာလား!။ မျက်နှာသစ်ဖို့ ချထားတာ ဖြစ်ပါစေ. . . ခုနေ သူ ဘာလုပ်နေမလဲ!. . . ရေအိမ်ဝင်နေနိုင်သည်။ ရေအိမ်ဝင်နေလျှင်. . . သို့အတွေးကို တိကနဲ ဖြတ်ချ၍ အဝေးသို့ မောင်းထုတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွပ်ရွနေသော မန္တလေးပဲကြော်ပူပူလေးကို အချဉ်ရည်ထဲ ခဏစိမ်ထားရသည်။ နည်းနည်းအေးမှ ပွတ်ကနဲ ကိုက်သည်။ ကောင်းလိုက်တာ။ သုံးခုလောက် ဝယ်ပြီး သွားပို့ချင်လာသည်။ ပိုက်ဆံကလည်း သုံးခုစာပဲ ပါသည်လေ. . .။

အစားကောင်း စားရလျှင် ချစ်ခင်သူကို သတိရမြဲပင် မဟုတ်လား. . . နေပါဦး သူမ အစာကော စားဝင်အောင် နေကောင်းရဲ့လား!။ ရေအေးနှင့် မျက်နှာထွက်သစ်နိုင်အောင် အားအင်ကော ရှိပါရဲ့လား!။ အကြော်ဖိုဘေးနား ထိုင်နေသော စိတ်သည် ပူလာ၏။ အနွေးထည် မပါသော လူကတော့ အေးခဲနေခဲ့၏။

ဖြစ်ချင်ရာဖြစ်ကွာ. . . မန္တလေးပဲကြော်သုံးခုနဲ့ အချဉ်ရည်ထုပ်ကလေး ကြောင်ကလေးအိမ်ရှေ့ ခြံတံခါးတွင် ဘယ်သူမှ မသိအောင် သွားချိတ်ထားခဲ့မယ်ဟု ဆုံးဖြတ်လိုက်စဉ်တွင်. . .

ကျွီကနဲ ခြံတံခါးသံပန်းကြီး ပွင့်လာ၏။ အနွေးထည်၊ မာဖလာနှင့် ဘူဒါးကြီး ထွက်လာ၏။ လက်ထဲတွင်လည်း ဒုတ်ကောက်ကြီးနှင့်။ အကြည့်ကလည်း. . . ဆိုက်ဆိုက်မြိုက်မြိုက်ပင် အကြော်တဲဆီ ရောက်လာ၏။

ကြောက်လန့်အားငယ်စိတ်က သူ့ကိုပဲ စိုက်ကြည့်နေသည်ဟု ထင်လာ၏။ အင်အားကြီးသူကို ကြောက်တတ်သောစိတ်သည် ငယ်ထိပ်ကို စူးဝင်၍လာ၏။ သူ့သမီးကို လာပစ်မှားမိနေပါလားဟူသော အရှိုးခံစိတ်သည်လည်း ဗုဒ္ဓဘာသာဝင် သားသမီးပီပီ မလုံမလဲ ခြောက်ခြားလာ၏။

ပြောနေရင်း ကြည့်နေရင်းပင် အကြော်တဲဆီ ဆင်းချလာသည်။ သူဘာလုပ်ရမှန်းမသိ၊ ရေနွေးခွက်ကို ကောက်မော့လိုက်၏။ ဟိုက်!. . . မှားပြီ။

“မဒွေးဖြူ. . . ကျုပ် လမ်းလျှောက်က ပြန်လာရင် အကြော်ဝင်ယူမယ်၊ ထုံးစံအတိုင်းပဲ”

“ဟုတ်ကဲ့ ရှုံပိုင်ကြီး”

ချာကနဲ လှည့်ထွက်သွားမှ ကမန်းကတန်း ထပြီး ကုတ္တိုပင်အကွယ်သို့ ပြေး၍ ဝေါ့ကနဲ ထွေးချလိုက်ရသည်။ ရဲပဒေါင်းခတ်နေသည့် ငရုတ်သီး





စပ်စပ်နှင့် အချဉ်ရည်များ၊ ပါးစပ်တစ်ခုလုံး ပူစပ်ကျန်ခဲ့။ (အချဉ်ရည်ကို ရေနွေးပန်းကန်လုံးနှင့် ထည့်ထားသည်လေ)

တဝိယ ကမ္ဘာပျက်သောနေ့

အကြော်တဲကိုပင် ခြေကုတ်စခန်းအဖြစ် သူရွေးချယ်လိုက်သည်။ နှင်းတောထဲဖြတ်ပြီး ခြေကုတ်စခန်းသို့ဝင်တော့ မီးမွှေးတုန်းပင်ရှိသေးသည်။

“မင်း ဝေါလမ်းက ကြင်ကြင့်သားလေး မဟုတ်လား!”

“ဟုတ်တယ် ဒေါ်ဒွေးဖြူ”

“အံမယ်. . . မင်းက ငါ့နာမည်တောင် သိနေပါလား”

ဟဲဟဲ. . . မနေ့က ဘူးဒါးကြီး ခေါ်သွားတာလို့တော့ ဘယ်ပြောမလဲနော့။

“ဒေါ်ဒွေးဖြူ အကြော်စုံဟာ မင်းသမီးနဲ့ ကြော်ငြာစရာ မလိုပါဘူး အရိုးရဲ့”

ခြေကုတ်စခန်းမှူးနှင့် ပြေလည်နေ၍ ကြိတ်ဝမ်းသာနေမိသည် ထင်းတောင် မါးမတိုနဲ့ ဝိုင်းခွဲပေး၊ ရေခပ်ပေး လုပ်လိုက်သေးသည်။

မီးတောက်အောင် ယပ်ခပ်ပေးနေစဉ် အုတ်ရေကန်ပေါ် လက်တလေးတစ်ဘက် ရေခွက်တင်ပြီး ပြန်ရုတ်သွားသည်ကို သူ့အင်ဂယ်(လ်)မျက်ကနဲ မြင်လိုက်ရသည်. . . တစ်သန်းကြေး လောင်းရဲသည်။ သူ့ဘယ်လက်ကလေး။

ဒါ ကြောင်ကလေး၏အင်မတန်လှသော ဘယ်လက်ကလေး၊ လက်သည်းနီလေးတွေ အရောင်ခဏခဏ ပြောင်းဆိုး၍ တသသ ထားလေ့ရှိသော ကြောင်ကလေး၏(လက်ကောက်ဝတ်၊ လက်ဝါး၊ လက်ဖမိုးနှင့် လက်ချောင်းဖောင်းဖောင်းသွယ်သွယ်လေးတွေ၊ လက်သည်းခွံ အဲဒါ မျှောမျှောလေးတွေနှင့် ဖွဲ့စည်းထားသော) ဘယ်လက်စစ်စစ်ပေး ဖြစ်ပါသည်။ ကြောင်ကလေးကလည်း သူ့လို ညာသန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောလက်ကို ကောင်မလေးတွေ သ,လေ့မရှိဘဲ ချောင်ကလောင်ထဲထိ ဟိုဟာဒီဟာလုပ်သော လက်ကိုမှ ဘာကြောင့် တသသ လုပ်လေ့ရှိသလဲ သူမသိ။ သူသိသည်မှာ လောလောဆယ် ကြောင်ကလေးအိမ်သို့ မှာနေကျ(ထုံးစံအတိုင်း) အကြော်သွားပို့ချင်နေသည်။

ကြောင်ကလေးပင် ထွက်ယူမှာ သေချာသည်။ ထွက်ယူလျှင် ပြုံးပြမည်။ နေကောင်းပြီလားဟု မေးမည်။ အခြေ အနေကောင်းပါက စာအုပ်တွေ ပေးလိုက်လေ၊ နောက်ကျတဲ့စာတွေ တို့ ကူးပေးထားမယ်ဆို သူကျေးဇူးတင်စွာ ပေးလိုက်မှာပါပဲ။ သူလက်ရေး အလှဆုံးနှင့် တစ်ညလုံး အမှန်းကူးပေးမည်။

ကျောင်းတက်တဲ့နေ့ကျတော့. . .

ခင်မင်သွားပြီး မုန့်ဈေးတန်းမှာ သူမက တစ်ခုခု လိုက်ကျွေးမည်၊ ပိုက်ဆံအတင်းလုရှင်းရင်း သူမကို အနိုင်ပေးလိုက်မည်။ မနက်ဖြန် ကျွန်တော် ရှင်းအလှည့်နော်ဆိုရင် နောက်နေ့ မုန့်အတူတူ စားဖို့ "အော်တို"ပင် ဖိတ်ကြားပြီးသားဖြစ်သွားမည်။

စိတ်ကူးနှင့် ရိုက်သောဖဲက ကျိုကာတွေချည်း ဆွဲတိုင်း တက်နေ၏။

ပထမဆုံး ကျလာသော အကြော်ပူပူတွေကို အင်ဖက်နှင့် ထုတ်၍ သင်ကြိုးနှင့် ဒေါ်ဒွေးဖြူက ချည်ပေးသည်။ ချဉ်ရည်ထုတ်ကလေးကို ပလတ်စတစ်အိတ်နှင့် ထည့်၍ သားရေကွင်းနှင့် ထိပ်စုချည်သည်။ ဒေါ်ဒွေးဖြူက မှာသည်။

"အိမ်ရှေ့ခြံတံခါးမှာ ခြင်းတောင်းလေး ချထားတတ်တယ် သား" တဲ့။ တရားဝင် ခြံရှေ့သွားခွင့် လိုင်စင်ဖြစ်သော အကြော်စုံနှင့် အချဉ်ထုတ်ကိုင်၍ တိုက်ပွဲဝင်သူရဲကောင်းတို့၏ခြေလှမ်းမျိုးနှင့် ရင်ကော့၍ ခြံရှေ့ရောက်လာသည်။

ခြံတံခါးက သံပြားကပ်သံပန်းတံခါးဖြစ်သည်။ တံခါးအပြင်တွင် ဆွဲခြင်းတောင်းလေးတစ်လုံး ချထားသည်။

သူ့ထက် ဝီရိယကောင်းပုံရသော နို့ကူလားကြီးက နွားနို့ပုလင်း ဘယ်အချိန်က လာထည့်သွားသည်မသိ။



ခြင်းတောင်းထဲ အကြော်ထုတ်နှင့် အချဉ်ရည်အိတ်ကလေး ခပ်သာသာ ချလိုက်သည်။

ဘာဆက်လုပ်ရင် ကောင်းမလဲ. . ဟုတ်ပြီ. . လူခေါ် ခေါင်းလောင်းကြိုးလေး တွဲလောင်းကို တွေ့သည်။ ခပ်သာသာလေး နှစ်ချက်. . သုံးချက်ဆွဲကြည့်သည်။ အိမ်ထဲမှာတော့ ခေါင်းလောင်းသွားမြည်သည်။

ခေါင်းလောင်းမဟုတ် ဆည်းလည်းသံလေး ဖြစ်သည်။ သာယာနာပျော်ဖွယ် ကောင်းလှသည်။ နောက်နှစ်ချက် ဆက်ဆွဲသည်။ ပွင့်လာမည့် သံပြားကို နားကလေး အသာကပ်မိသည်။ ရင်ခုန်သံတွေ ပိုမြန်လာသည်။ ကြောင်ကလေးခြေသံကို တဖြတ်ဖြတ် ကြားနေရပြီလေ. . .။

"ကျွိ. ."

တိမ်ညိုကြားက ဘွားကနဲ ထွက်လာမည့် လမင်းကို မျှော်သလိုမျိုး သံတံခါးကြားက. . .

**ဝုတ်!!. . .**

**"ဟမလေး!!. . ."**

ကြောင်ကလေး မဟုတ်. . . ခွေးကြီး။ အယ်လ်ဖေးရှင်းခွေးကြီး။ နည်းနည်းနောနော အကောင်ကြီးမဟုတ်။ လျှာကြီးတစ်တောင်လောက်နှင့် ကြောက်စရာအစွယ်ကြီးတွေ ဖွေးကနဲ။

သူ လန့်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်မိ။ အသက်ပင် မရှူမိဘဲ မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည်။

ဝုတ်!!. . .

သူ့တစ်ကိုယ်လုံး လှုပ်အောင် တစ်ချက်ဟောင်ပြီး ခြင်းတောင်းကို တိုက်၍ ပြန်ဝင်သွားသည်။ ဟူး. . ခနဲ သက်ပြင်းချလိုက်မိ။ တံခါးလည်း ဖြည်းဖြည်းချင်း ပြန်ပိတ်။

ဂျိတ်!!. . .

၅ ၅ ၅ ၅

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသစ် ပထမနေ့. . .॥

သူ့တွင် ကျောင်းစိမ်းလုံချည် လေးထည်တိတိ ရှိသည်။ ထိုနေ့က
ိုလေးထည်ထဲက အကောင်းဆုံး အုန်းနှစ်ပင်တံဆိပ် ကျောင်းစိမ်းလုံချည်
ကို သူဝတ်ခဲ့မိသည်။

ဘူတာရုံလမ်းနှင့် ကျောင်းဝင်းဘေးပေါက်ကို ဆက်သွယ် တည်
ဆောက်ထားသော မေတ္တာပေါင်းကူး သစ်သားတံတားလေးပေါ်က
ကြောင်ကလေးကို သူသွားစောင့်နေခဲ့သည်။

ဒီနေ့ သူမ ကျောင်းတက်ကိုတက်ရမည်ဟု သူသေချာနေသည်။
ပက သမ္မာဒေဝတွေ အိပ်မက်ပေးသည့်အပြင် မနက်က မေတ္တာပို့နေစဉ်
ကြးစည်ကိုင်ထားသော သူ၏ဘယ်လက်ဝန်းကျင်သို့ လိပ်ပြာလေး တစ်
ကောင် လာဝဲသည်လေ။

အိပ်မက်ကလည်း လှုပျိုလေးတစ်ချို့၏ အိပ်မက်တွေလို. . .
ကြမ်းခန်းရမ်းခန်းတွေ မပါ။ အပြာရောင်ပုဝါတွေကို လှပစွာ ခြုံသိုင်း၍
ဟင်းလင်းပြင်တစ်နေရာမှ လွင့်မျောလာသောချစ်သူက ရှင်းပြတ်သော
ပုံမြင်ကွင်း ထဲအရောက်၌. . .

ကမ္ဘာပေါ်က မည်သူတစ်ဦးတစ်ယောက်မှ မြင်ဖူးမည် မဟုတ်
သော လင်းလက်တောက်ပဆုံးအပြုံးကို သူ့အား ပြုံးပြသွားသည်။





နေပါဦး. . . ပြုံးပါဦး. . ဟု အော်မြည်တမ်းတရင်း လက်လှမ်းမိ
ရာ ဖမ်းဆွဲသောအခါ အပြာရောင်ပုဝါစကို ဖမ်းမိသည်။ ချစ်သူက
ဟင်းလင်းပြင်တစ်ဘက်ကို ကျောပေး ရွေ့လျားရင်း တစ်စတစ်စ ဝေးကွာ
သွားနေသည်။ မဆုံးနိုင်သော ပုဝါစသာ လက်ထဲ ကျန်ခဲ့ပြီး ချစ်သူပျောက်
သွားသည်။ သူနိုးလာသောအခါ လက်ထဲတွင် ပုဆိုးစကြီး ဖြစ်နေသည်။
စောင်က ကုတင်အောက် ရောက်နေသမို့ ခြုံကွေးနေသော ပုဆိုးစသာ
ရှိသည်လေ။

ပြီးတော့ ကြေးစည်ကိုင်ထားသောလက်နား လာဝဲသည်ကလည်း
အပြာရောင်လိပ်ပြာလေးပင် ဖြစ်နေခဲ့သည်။ Love is Blue တဲ့ ၊ အချစ်ကို
အပြာရောင်နှင့် တင်စားခိုင်းနှိုင်းကြသည်လေ။

ဘုရားရေ. . . ဟိုမှာ လာနေတာ အနွေးထည်အပြာရောင်နှင့်
သူချစ်သော ကြောင်ကလေးမှ ကြောင်ကလေး။

သူ၏ကြောင်ကလေး. . .။ သူ၏နွေဦးပေါက်ရာသီလေး. . .॥
သူ၏အမြဲစိမ်းသစ်တောလေး. . .॥

သွားလေသူ မောင်ချောနွယ်စကားနှင့် ပြောရလျှင်. . . သူ၏
ခေါ်ဖိခင်း ထွေးထွေးထပ်ထပ်ကလေး။ သူ၏ကိုယ်ပိုင်စကားနှင့် ပြောဆိုရ
ပါလျှင် သူ၏ရင်ခုန်နှုန်း သုံးဒသမ ခြောက်ဆလေး လာနေပါပြီ. . .
တစ်လှမ်းချင်း ခုတ်မောင်းလာနေပါပြီ. . .။ သူ့တည့်တည့်ဆီ သူ၏ကမ္ဘာ
အသစ်ချပ်ချွတ်ကလေး လာနေပါပြီ။

မေတ္တာပေါင်းကူးတံတားအလယ်တွင် သူသည် အသက်ရှူရန်
မေ့ပြီး ကျော်ဟိန်းငယ်ငယ်ကလို ခေါင်းငုံ့၍ တံတားကြမ်းခင်းကိုသာ
မမြင်ဖူးသလို စိုက်ကြည့်ရင်း ကျယ်လောင်လှသည့် သူ့ရင်ခုန်သံသည်
တံတား၏ခံနိုင်ရည်နှင့် မျှမမျှ(အလုပ်မရှိ အလုပ်ရှာ)တွေးဆရင်း ပေရပ်
နေလိုက်သည်။

ညာခြေထောက်ကို ခပ်လျော့လျော့ ဆန့်၍ ဘယ်ဒူးကို ခပ်ကွေး
ကွေးထားရင်း ဘယ်ဖနောင့်ကို ညာဘက်ခြေမျက်စိ၌ ထောက်ထားခြင်း
ဖြစ်သည်။ လွယ်အိတ်ကိုင်ထားသော ဘယ်တံတောင်နှင့် တံတားလက်ရန်း



www.burmeseclassic.com

www.burmeseclassic.com



ထို ထောက်မှီထားခြင်းဖြစ်ပါသည်။ လည်လိမ်၍ဦးခေါင်းက ငုံ့နေမည်နော်။ (အရေးကြီးပါသည် ကိုယ့်ဆရာ၊ မြင်အောင် ကြည့်ပေးထားပါ)

ဟော. . . တံတားပေါ် ကြောင်ကလေး ခြေချပါလေပြီ. . . တံတားသည် သိမ့်ကနဲဖြစ်သွား၍. . . မဟုတ်ပါ။ တံတားသည် အလွန်ခိုင်ခံ့ပါသည်။ သိမ့်ကနဲ ဖြစ်ရခြင်းမှာ. . .

ထိုခဏ၌ ထူးခြားသောခံစားချက်တစ်မျိုး ဝင်လာသောကြောင့် ဖြစ်ပါသည်။ ထိုခဏ၌ တံတားတစ်ခုလုံးသည် သူ၏ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုလို ဖြစ်သွားပြီး ချစ်သူနင်းဖြတ်ရန် သူ့ခန္ဓာကိုယ်တစ်ခုလုံး ချခင်း လိုက်သည်ဟု နှစ်နှစ်ကာကာ ယုံကြည်လာခြင်းဖြစ်သည်။

သူ့နှလုံးသား. . သူ့အသွေးအသား. . သူ့အရေပြားပေါ်. . .

ချစ်သူနင်း၍လျှောက်လာသည်ဟု ထိသိခံစားနေရသည်။

ထိုထိသိခံစားချက်သည်လည်း ကြည်နူးကျေနပ်မှုအတိနှင့် သူ၏ပီတိအဖြစ် နှလုံးအိမ် တသိမ့်သိမ့်ဖြစ်နေ၏။ ဖြစ်နေချေ၏။

ချစ်သူ နောက်သုံးလှမ်းဆို သူ့ကို ဖြတ်သန်းတော့မည်။

ပထမတစ်လှမ်း. . .

ငုံ့ထားသောကြမ်းခင်းထဲ ဖျူဖွေးဖောင်းအိသော ခြေဖမိုးလေး ထိုးဝင်လာ၏။ သဲကြိုးဖိထားသဖြင့် အစ်ထွက်နေသော နောက်ခြေဖမိုးလေး ထပ်တိုးဝင်လာပြန်၏။

ဒုတိယခြေလှမ်း. . .

ခြေသည်းနီတွေ ပြောင်စင်အောင် ဖျက်ထားသော ဖွေးလက်သန့်စင်သည့် ခြေချောင်းလေးများ။

တတိယခြေလှမ်းအဖြစ် ဖြတ်သန်းချိန်မှာတော့. . .

ဖြုတ်ကနဲ. . . (ဖျတ်ကနဲဆိုရုံလေးပါ)

သူမ၏ထဘီအောက်နားစနှင့် သူ၏အုန်းနှစ်ပင်အစလေး. . . ထိခတ်သွားခြင်းဖြစ်သည်။ မဆိုစလောက် ဖျတ်ကနဲလေး ထိခတ်ခြင်းပါ။ သူ့ဘဝ၌ ချစ်သူနှင့် အနီးကပ်ဆုံး ထိစပ်ပတ်သက်ဖူးခြင်း ဖြစ်ပါသည်။

ကြီးကျယ်ခမ်းနားသော အမှတ်တရလည်း ဖြစ်ခဲ့ရပါသည်။





နှစ်ယောက်စာသာ တည်ဆောက်ခဲ့သော တံတားသခင်ကို ကျေးဇူးတင်မိသည်။

အိမ်ကို အပြေးပြန်၍. . . ထိုအုန်းနှစ်ပင် လုံချည်လေးကို တချိုတသေ ခေါက်သိမ်းပြီး အခြားကျောင်းစိမ်းလုံချည်တစ်ထည်ကို လဲဝတ်လိုက်ပါသည်။

ထိုနေ့က ပျော်လွန်းသဖြင့် ခါးတောင်းပြောင်အောင်ကျိုက်၍ ကျောင်းမတက်ခင် ဘောလုံးဝင်ကန်ပစ်လိုက်သေးသည်။ မကန်တာကြာ၍ မောသော်လည်း အကောင်းဆုံး ကစားနိုင်ခဲ့သည်။

ကျောင်းတက်ခေါင်းလောင်းထိုးမှ ချွေးသုတ်ပြီး ရေအိုးစင်သို့ အပြေးတစ်ပိုင်းအလာ၌. . .

"ဟိုက်!. . ."

နန်းတော်ရှေ့ဆရာတင် မြင်လျှင်တော့ သီချင်းရေးတော့မှာပဲ၊

"ရေကြည်သောက်လျှင် မြင်ရမလောက်ပင်"

ကျောင်းရေအိုးစင်တွင် ကြောင်ကလေး ရေသောက်နေသည်၊ သူခဏရပ်ငေးပြီး သူမ သောက်သွားသော ရေခွက်လေးနား အပြေးချဉ်းကပ်သွားကာ ရေခွက်လေးကို ကိုင်ကြည့်သည်။ ဒန်ရေခွက် ပိန်ချိုင့်တလေးမှာ သူမ၏နှုတ်ခမ်းနီရာလေး စွန်းထင်းနေ၏။ သူ တယုတယ နမ်းကြည့်သည်။ မွှေးကြိုင်နေ၏။ ရင်ခုန်ရပါသည်။ ဟိုဒီကြည့်ပြီး ဘယ်သူမှ မသိအောင် ဝှက်ယူ၍ Desk ထဲ ထည့်ထားလိုက်မည်။ အခြားရေအိုးစင်က ခွက်နှင့် ရေသောက်ရင်း. . .

အင်း. . . နောက်နေ့ ကြွေရည်သုတ် ရေခွက်တစ်လုံး လှူဒါန်းတုသိုလ်ယူရမယ်. . ဤသို့ပြုရ. . ကောင်းမှုအဖို့ဘာဂကိုလည်း ကြောင်တလေးကို မျှဝေမှ သဘာဝကျမှာပေါ့. . . နော့၊ သူပေးတဲ့ ကုသိုလ်လေ

ထိုနေ့ကစ၍ နေပျော်ဖွယ် ကမ္ဘာကြီးသည် သူ့အတွက် သစ်ငြိမ်းရှင်း သစ်နေခဲ့တော့သည်။



www.burmeseclassic.com



မထင်မှတ်ဘဲ

သင့်ပါးစပ်ထဲက

တစ်စုံတစ်ရာ(ပွက်ကနဲ)

ထွက်ကျလာနိုင်သည်

- အမေ ထွက်ကျလာနိုင်သည်
- ဘုရားသခင် ထွက်ကျလာနိုင်သည်
- ပလုတ်တုတ်နှင့်
- မိန်းမတစ်ယောက်၏

  ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခု

  ထွက်ကျလာနိုင်သည်။

ဘာမှမဟုတ်ပါဘူး....(ဒုတ်ကနဲ)

သင်....ခလုတ်တိုက်ခြင်းဖြစ်သည်။



## အခန်း(၅)

"သာဓိရေ. . . မေမေ ဈေးထဲမှာ မောင်မြင့်ဆွေနဲ့ တွေ့လာတယ်၊ မင်းရောက်နေကြောင်း ပြောလိုက်တယ်"

"ဟာ. . . သူ့ဆီ မလာလို့ ဆဲနေတော့မှာပဲ"

"သူက ရှေ့နေဆိုတော့ သိပ်မအားဘူးတဲ့. . . လာမယ့်တနင်္ဂနွေ မင်းကို အိမ်ကပဲ စောင့်နေဖို့ မှာတယ်. . . သူလာခဲ့မယ်တဲ့"

"သူကော ကလေးဘယ်နှစ်ယောက် ရနေပြီလဲ မေမေ!"

"သမီးနှစ်ယောက်. . တစ်ယောက်က ခြောက်တန်း၊ အငယ်မ တ. . . သုံးတန်းထင်တာပဲ"

"ခင်စန်းဦးနဲ့ပဲ ရတာနော်"

"ငယ်ချစ်တွေပဲကွယ်. . . ညားရမှာပေါ့. . . ငါ့သားလေးသာ"

မေမေ တွေကနဲဖြစ်သွားသည်။ အဝေးကို လှမ်းကြည့်နေသည်။ မှိုဆက်သစ်အကြောင်း စကားဆက်လာမည်စိုး၍. . .

"မေမေ. . . သားငယ်ငယ်က ဘဝကို ခဏပြန်လို့ချင်လို့. . .



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်သွားကြည့်ဦးမယ်နော်. . . မနေ့က Booking လုပ်ခဲ့တယ်"

"မိုးရွာမယ် သား. . . ကားတော့ ယူသွား. . . ငါ့သားလေး တင့်တင့်တယ်တယ်ဖြစ်နေတာကို အမေ ဂုဏ်ယူဝင့်ကြွားခွင့် ရှိပါတယ်ကွယ်"

မေမေ့စကားက ငြင်းပယ်စရာ မကောင်းပါ. . သူကားမောင်း၍ ရုပ်ရှင်ရုံဘက် ထွက်ခဲ့၏။

အလို!. . .။

အဆင့်မြင့်ဆိုတဲ့ စကားလုံးက ဒီမြို့လေးထိအောင် ပေါက်ရောက်နေပါပေါ့လား၊ အဆင့်မြင့်ရုပ်ရှင်ရုံဆိုပဲ. . .။

ရုပ်ရှင်ရုံကို နည်းနည်းကျော်ပြီးမှ မြို့ယောင်ဆောင်ထားသော အဆင့်ခပ်နိမ့်နိမ့် ပလက်ဖောင်းနံဘေး၌ ကားရပ်ရန် နေရာရသည်။

မိုးသည် ညို့တက်လာ၏။

ကားပြတင်းတွေ ခလုတ်နှိပ်၍ ပိတ်လိုက်သည်။

ထိုစဉ်. . .

လမ်းတစ်ဘက်ခြမ်းရှိ မီနီမားကက်ရှေ့၌ SuperRoof ကားလေး တစ်စီး ထိုးဆိုက်လာသည်။

ကားတံခါးခလုတ်ကို လက်ကလှမ်းရင်း ခလုတ်သို့ပင် အမြင်ကို ရွှေ့လိုက်မိစဉ်. . . ဖြန်းကနဲ ဖြစ်သွား သောအကြည့်က(သူ့ဘက်ခြမ်းသို့) SuperRoof ကားပေါ်မှ ဆင်းလာသူဆီ တန်းကနဲ ပြန်ရောက်၏။

ဟင်!!. . . ကြောင်ကလေး. .။

ကြင်. . မြ. . အေး. . .။

အသည်းနှလုံးသည် အေးကနဲဖြစ်သွား. . .

လောကကြီးတစ်ခုလုံး DVD စက် Pause ခလုတ်ဖမ်းနှိပ်ခံ လိုက်ရသလို ထိုးရပ်သွား. .

ငှက်တွေပင် လေထဲ တန်းလန်းကြီး ထိုးရပ်သွားသည်ဟု ထင် လိုက်ရတော့သည်။

လှုပ်ရှားနေတာဆို၍ ကြောင်ကလေး၊ သူ၏ကြင်မြအေး တစ်





ယောက်တည်းပင် ရှိတော့သည် ထင်သည်။ ကားပေါ်က ဆင်းပြီးမှ ကားထဲ က တစ်စုံတစ်ရာကို လှမ်းယူနေပုံရသည်။ ထိုခဏ၌ ကားဟိုဖက်ခြမ်းက မြ(မြ)ထောင်ထောင်မောင်းမောင်း လူတစ်ယောက် 'ဂျိတ်!'ကနဲ တံခါးပိတ် သံနှင့်အတူ ထွက်ပေါ်လာပြီး. . .

ရပ်ထားသော သူ၏ Surf ကားကို မြို့ထဲတွင် မမြင်ဖူး၍ ထင်သည်။ တစ်ချက်လှမ်းကြည့်သည်။ သူ အလိုလို ဇက်ပုဝင်သွားသေး၏. ငါ့လေကာမှန်ကို ဖြတ်ပြီး သူမမြင်နိုင်ပါဘူးဟု သတိရမှ ကြင်မြအေးကို အသေအချာ လှမ်းကြည့်မိသည်။

အထုပ်တစ်ထုပ်ကို ဆွဲယူပြီး သူမ ခါးဆန့်သည်။

မဆိုစလောက် ဝလာသည်မှလွဲ၍ ရင့်ကျက်တည်ငြိမ်သောအလှ နှင့် တင့်တယ်ပြီးရင်း တင့်တယ်နေသည်။

ဝတ်ထားသော ဘီဘဲလ်လုံချည်အိဖွော့ဖွော့က ပို၍အချိုးကျနေ သော ခန္ဓာကိုယ်ကို အတိအကျ ဖော်ပြနေသည်။ အပေါ်အောက် ရွေးချယ် ထားသော စိမ်းစားငပိအရောင်က ပန်းရောင်သမ်းသော အသားဝါဝါနှင့် လိုက်ဖက်နေ၏။ အပေါ်အင်္ကျီလက်ပြတ်ကြောင့် လက်မောင်းနှင့် ပခုံးသား သခင်ကထက် အိအိဖိုင့်ဖိုင့် ပြည့်ပြည့်ခန့်ခန့်ဖြစ်နေ၏။

ချောက်. . .

ပုလ္လိုလ်က မိုးပေါက်ကျမလာသေးပါဘဲ ချောက်ကနဲ ပွင့်လာသော လက်ထဲက ထီးဖြင့်မိုးပေးပြီး မီနီမားကက်ထဲ တွဲဝင်သွားလေသည်။ ကျော ရှင်သည် လှဆဲပင်၊ ချက်ချင်းပင် အာခေါင်တွေ ခြောက်ကျန်ခဲ့သည်၊

သူ ဘယ်လိုက ဘယ်လို ရုပ်ရှင်ရုံထဲ ရောက်လာသည်မသိ။ သူ့ခုံ တွင် ဝင်ထိုင်ပြီး ငုံ့ကြည့်လိုက်တော့ ရေသန့်ဗူး အေးစက်စက် လက်ထဲ ရောက်နေသည်။ ဘယ်လောက်နှင့် ဘယ်နေရာတ ဝယ်ခဲ့မှန်းလည်း မသိပ် လေတော့။

ရေသန့်ဗူး တစ်ဝက်ကျော်ကျော်ကို မနားတမ်း မော့သောက်လိုက် မိသည်။ ရေအေးဝင်သွားမှ စိတ်သည် ပြန်လည်စုစည်း၍ ရလာ၏၊ အာနာပါနကို သတိရ၍ ဝင်လေထွက်လေကို နှာသီးဖျားပေါ် တင်၍



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ခန့် . ရှုတ်လိုက်သောအခါ စိတ်သည် ပုံမှန်အနေအထားသို့ ပြန်ရောက်လာ၏။ ခြေထောက်ထိပ်တွေ ပူထူနေတာ ဘာဖြစ်တာပါလိမ့်။ ...ပြသည်။ မေ့နေလိုက်တာ၊ ခလုတ်တိုက်တာကလွဲလို့ ဘာရှိုး ... . . စိတ်တို့ နှာသီးဖျားမှ ခြေထောက်ကိုရွှေ့ ရအောင်မေ့လိုက်သည် ပြီ။

ဟင်. . . ဟိုချာတိတ်စုံတွဲ လာမကြည့်ပါလား. . ။

ရုပ်ရှင်ကပြတော့မည်။

စိတ်ဝင်စားဖွယ် အတွဲလေးကို သတိရမိသည်။

တပြိုင်နက် ငယ်စဉ်က ကန်သာယာ၌ အတွဲချောင်း ဝါသနာထုံခဲ့ ကြပုံတွေ ပြန်သတိရလာမိပြန်သည်။

ပိုကာဆို ထမင်းချိုင့်ပါ ထည့်လာလေ့ရှိသည်။ စိနက ဆေးဘဲဥ တွေ ခွာစားရင်း ကြားလေတသွေးသွေး၊ မှန်ပြောဖ်တကားကား။

နိုင်ငံတော်အလံ စပြသည်။

ဇာတ်ကားမစခင် နမူနာတွေဝင်လာ၏. . .

ဟင်!!. . .

သူပြုံးကြောင်သွား၏။ သူ့ခုံတန်းရှေ့တည့်တည့်ဆီ ဝင်လာနေသော ကြောင်ကလေး ကြင်မြအေး၊ ပိတ်ကားနှင့် ပြစက်အလင်းပြန်တန်း ကြောင့် ထင်ရှားပြတ်သားစွာ မြင်နေရသည်။ သူ့နောက်က ဟိုပုဂ္ဂိုလ်၊ ထီးမိုးသူ၊ အေးလေ. . . သူ့ယောကျာ်းပေါ့။

နမူနာကားပိုင်းပေါ် စိတ်ကို တင်ကြည့်သော်လည်း နီးလာနေသောမြင်ကွင်းက မျက်စေ့ထောင့်ကျဉ်းထဲ ဝင်လာသည်။ သူ ဖင်လျှော၍ ကိုယ်ယောင်ဖျောက်လိုက်၏။

အလို!. . .

သူ့ရှေ့က လွတ်နေသော ခုံနှစ်လုံးတွင် ဝင်ထိုင်ချလိုက်ပါပကော လား။ ဘုရား. . . ဘုရား။

၅၅၅၅





“ငါကွာ. . . ရုပ်ရှင်ရုံထဲ ဘယ်လိုရောက်သွားမှန်း မသိတဲ့အပြင် ရုပ်ရှင်ရုံထဲကနေ ဘယ်လို အိမ်ပြန်ရောက်လာသလဲဆိုတာတောင် မသိ ဘူး”

ပိုကာမြင့်ဆွေက ငယ်ငယ်ကလို အာခေါင်ခြစ် မရယ်တော့ဘဲ. .

ရှေ့နေပီပီ ငါသိတယ်ဟူသော ခေါင်းကို တညိတ်ညိတ် လုပ်ရင်း ခုံးမပြုံး ပြုံးသည်။ (ငါးခုံးမပြုံးကို မမြင်ဖူးလျှင် ငါးခုံးမ အရှင်တစ် ကောင်ကို ပါးဟပ်အောက်မှ လက်မနှင့်လက်ညှိုး ညှပ်ကိုင်၍ ထိပ်တည့် တည့်မှ ကြည့်ပါ။ ဖိဖွဖိဖွ လုပ်ပါ။ ပြုံးမပြသေးလျှင် ခပ်နာနာ ညှစ်ကြည့်ပါ၊ ပြုံးမပြသေးလျှင် နံနွင်း၊ အချိုမှုန့်နှင့် ဆားလူး၍ ဆီပူအိုးထဲ ပစ်ထည့် လိုက်ပါ။ ပါးစပ်ထဲ ထည့်ခါနီး၌ နောက်ဆုံး ရှေ့က တစ်ချက်ကြည့်ဖို့ မေ့ပါနှင့်၊ ဟုတ်ကဲ့. . . အဲ့သမှာ ငခုံးမပြုံးပါပဲ)

လက်ဖက်သုတ် လာချပေးသော မေမေနှင့်မြင့်ဆွေ အကြည့်ချင်း ဆုံ၍ တစ်ချက်ပြုံးလိုက်ပြီး(ဘာအပြုံးမှန်းတော့ သူမသိပါ)။

“သူပြန်ရောက်နေတာ ငါတောင် မသိသေးဘူး မြေဖြူရ. . . ဒါပြီး. . . သူနဲ့ ပါလာတာ သူ့ယောကျာ်းလို့ မင်းက ဘာကိုကြည့်ပြီး ပြောတာလဲ!”



www.burmeseclassic.com

www.burmeseclassic.com



"ကားထဲက အတူတူ ထွက်လာတယ်ကွာ၊ ထီးမိုးပေးတယ်၊ မီနီမားကက်ထဲ အတူတူဝင်တယ်၊ ပြီးတော့ ရုပ်ရှင်ရုံထဲ ရောက်လာတယ်"

"ဟာ. . . အဲ့သလောက်နဲ့ သူ့ယောက်ျားဖြစ်ရောလားကွ!. . . ဒီလောက်နဲ့ သက်သေ Evedence မခိုင်လုံဘူး"

သူလက်ဖက်တစ်ဇွန်း ကော်စားလိုက်ပြီး ရေနွေးကြမ်း သုံးပန်းကန်ငှဲ့လိုက်ရင်း. . .

"လွန်ခဲ့တဲ့လေးနှစ်ကျော်က. . . ငါသတင်းစာမှာ စေ့စပ်ကြောင်းလမ်း သတင်းဖတ်ရတယ်လေ. . . သူ့ယောက်ျားက တောင်ကိုရီးယား S.R.S လိုင်းက သင်္ဘောအရာရှိပဲ"

မြင့်ဆွေ ရေနွေးကြမ်းမှုတ်ရင်း. . .

"နေပါဦးကွ. . . စေ့စပ်တာနဲ့ အိမ်ထောင်ကျရောလား!"

မေမေက ခပ်ပြုံးပြုံးသာ ကြည့်နေသည်။ စကားဝိုင်းထဲ မဝင်။

"ဟာ. . . ပိုကာရဲ့ သူကလည်း ဆရာဝန်မ၊ ဟိုက သင်္ဘောအရာရှိ စေ့စပ်ကြောင်းလမ်း ကြော်ငြာပြီးမှ ဂုဏ်သိက္ခာအရ မင်္ဂလာဆောင်ဖို့ပဲ ရှိတော့တာပေါ့ကွ. . . နာမည်ပျက်ခံပါ့မလား!"

မြင့်ဆွေက လက်ဖက်သုတ်ကို ပလုပ်ပလောင်း ဝါးရင်း. . .

"အဲဒီကိစ္စ သူ့အိမ်က စီစဉ်တာတွေ၊ ရှိုင်ကြီးကတော် ဒေါ်ခင်ရွှေ မသေခင် စီစဉ်ခဲ့တာ၊ သတင်းစာထဲမှာ ပါတဲ့အထိ မင်္ဂလာကြောင်းကလေးက ငြင်းတုန်းပဲ. . . နောက်ဆုံး ဘယ်လိုဖျက်သိမ်းလဲ သိလား!"

"မင်းကလည်း ရှေ့နေပီသနေပြန်ပြီ၊ စကားထောက်တွေ. . . စကားဝှက်တွေ လာလုပ်မနေနဲ့. . . ဒဲ့ပြောကွာ. . . ဘယ်လိုဖြစ်သွားလဲ၊ အဲ့ဒါ ငါ့သေရေးရှင်ရေးကွ"

"ဒေါ်ခင်ရွှေ နှလုံးရောဂါနဲ့ ဆုံးပြီးနောက်ပိုင်း. . ."

မြင့်ဆွေက မေမေ့ကို လှမ်းကြည့်ပြီး ပြောလိုက်ရမလား ဟူသော စကားမဲ့ဖေဒနှင့် သဘောထား တောင်းခံသည်။ ခေါင်းကို မသိမသာ ငြိမ့်ရင်း မေမေက ပြုံး၍ လက်ဖက်ဇွန်းပေါ်က ယင်ကောင်ကို မောင်းထုတ်သည်။





"အဲ့ဒီစေ့စပ်ကြောင်းလမ်းကိစ္စ မကြေငြာပဲ ပျက်သွားတယ်တွ"

သူ အရမ်းစိတ်ဝင်စားသွားသည်။ ကိုယ်ကို ရှေ့သို့ တိုင်းလိုက်မိမှန်း ကိုယ့်ဘာသာပင် မသိလိုက်။

"ကြင်မြအေးက စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းဖို့ ခိုင်လုံတဲ့ အကြောင်းပြချက် ဆွဲထုတ် ပြလိုက်တယ်လေ. . ."

သူ ငြိမ်သက်စွာ နားထောင်နေသည်။ မြင့်ဆွေ သူ့စကားကို ဆက်သည်။

"ခေတ်မီသူတိုင်း လက်ထပ်ခါနီးမှာ ကျန်းမာရေး ဆေးစစ်ကြတယ်လေကွာ၊ ဒီအခွင့်အရေးကို ဆရာဝန်မပီပီ ကြင်မြအေးက တောင်းဆိုခွင့် ရှိနေတာပေါ့"

"အဲဒီတော့. . ."

ရှေ့နေက လက်ဖက်ဝါးပြီး ရေနွေးတစ်ပန်းကန်လုံး ကုန်အောင် မှုတ်သောက်ခြင်းအားဖြင့် သူ့စကားကို တန်ဖိုးမြင့်နေပြန်၏။ သူသည်းခံရသေတော့သည်။

"အဲဒီတော့ တိုသင်္ဘောသားဘက်က တိုးတိုးတိတ်တိတ် ကိစ္စတွေ ဘွားကနဲ ပေါ်လာတော့တာပေါ့"

"ဘာ. . . ဘာကိစ္စလဲကွ!"

"မင်းကလည်း. . . ဒွေးနဲ့ ဒုန်းဝေးနေပြန်ပါပြီ H.I.V Positive ကွာ. . . ဘယ်သူ့ မှမှာလဲ!"

"ဟာ. . . စိတ်မကောင်းစရာပဲကွာ"

"ဟာ!!. . . ဘာကို စိတ်မကောင်းရမှာလဲ. . . ဗဝေပေ့ဂျီ ဂျီဆိုပြီး ခင်းထက ရမှာကွ. . . ငါနောက်ဆုံးကြားရတဲ့သတင်းက ရောဂါဗေဒ ပါရဂူဖြစ်ပြီး ကြင်မြအေး တောင်ကြီးစပ်စံထွန်း ဆေးရုံမှာတဲ့. . . မင်း တစ်နေ့ကတွေ့တာ သေချာလို့လား!"

"ဟော့ကောင်. . . ငါ သူ့နောက်စေ့လေးတောင် အလွတ်ရနေတဲ့ ကောင်ပါကွာ၊ သူ့အခုယူထားတဲ့ ယောက်ျားကလည်း ဖြူဖြူချောချောပဲကွ၊ သူ့ကိုလည်း တော်တော်ချစ်ပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မြေဖြူ. . . သူယောကျ်ားယူရင် ငါသိကိုသိရမယ်ကွာ. . . ရှိုင်ကြီးက ငါ့ကို သူ့မိသားစုရှေ့နေလို့ သဘောထားတာကွ. . . ပင်စင်ယူခါနီးတော့ ဘူတာလမ်းက တိုက်အိမ်ကြီးကို ငါနဲ့ဖဲ ဝယ်ခဲ့တာ. . .

ကဲ!. . . ငါမေးမယ်. . သူအိမ်ထောင်ကျတာတောင် မင်းက မေတ္တာပို့တုန်းလို့ အမေကြောင်က ပြောတယ်. . ဆိုတော့ကာ. . . သူ လွတ်လွတ်လပ်လပ်ဆို. . . မင်း ဆက်မကြိုးစားတော့ဘူးလား!”

သူ ချက်ချင်းပြန်မဖြေ။ စကားလုံး ရွေးနေ၍ဖြစ်သည်။

“ပိုကာ. . ပိုကာ. . မင်း မေတ္တာနဲ့တဏှာ မကွဲသေးဘူး သူငယ်ချင်း၊ အေးကွ. . မေတ္တာနဲ့ တဏှာကလည်း ပါးပါးလေးပဲ ကွဲတာကိုးကွ. . . သူ့အကျိုးကို လိုလားတာ. . . သူပျော်ရွှင်တာကို လုပ်ပေးချင်တာ. . . သူကောင်းစားတာကို မုဒိတာပွားတာ. . . ဒါကို မေတ္တာလို့ ခေါ်နိုင်ပေမယ့် သူပျော်ရွှင်တာ၊ သူကောင်းစားတာကို တွေ့ချင်မြင်ချင်လာရင် ခပ်ပါးပါး တဏှာ ကပ်လာပြီကွ. . .

သူပျော်ရွှင်တာ သူကောင်းစားတာကို ကြည့်ပြီး အဲ့သလို မြင်နေတွေ့နေရမှ ကိုယ်စိတ်ချမ်းသာမယ် ကိုယ်တွေနပ်နေမယ်ဆိုရင် အဲဒါ ကိုယ့်ဖို့ ပါလာပြီ. . . အဲဒါမှ ငါပျော်ရွှင်မယ်ဆို သေချာတယ်. . . တဏှာပဲ”

မေမေက ရေနွေးငှဲ့ပေးရင်း စကားဝိုင်းထဲ ဝင်လာသည်။

“ဗုဒ္ဓလက်ထက်တော်အခါက. . ‘သံဃာရက္ခိတ’ ရဟန်းရဲ့ ကျောင်းသင်္ခမ်းနားမှာ သမင်မတစ်ကောင် သားဖွားတယ်. . သမင်မဟာ သားငယ်ကို မေတ္တာကြီးမားလွန်းလို့ သားနားက မခွာဘဲ အစာရေစာတောင် ထွက်မစားလို့ ကိုယ်ကျိုးနည်းရတယ်. . . အတူသီတင်းသုံးဖော် ရဟန်းက ဒါကို မေတ္တာလို့ မြင်တယ်. . .

‘သံဃာရက္ခိတ’ ရဟန်းကတော့ ဒါကို တဏှာလို့ ဆင်ခြင်မိပြီး ကျင့်ကြံရာက ရဟန္တာဖြစ်သွားတယ်. . . အတူနေ ရဟန်းကိုလည်း တရားပြနိုင်ခဲ့တယ်. . . သားပြောတာမှန်ပါတယ်၊ ဒါပေမယ့် ပုထုဇဉ်မှာတော့ လိုအပ်တဲ့ ကပ်ညှိမှုတဏှာ ရှိသင့်သလောက် ရှိကိုရှိရမှာပေါ့. . . သားရဲ့”

“အမေကြောင့်သားက အရိယာလား. . . စူဠသောတာပန်လား





ဖြစ်နေပြီလားမှ မသိတာ. . . ပုထုဇဉ်အဆင့်တော့ ဘုတ်မယ် မထင်ဘူး”

“ပုထုဇဉ်ပါပဲကွာ. . . ဒါပေမယ့်. . သိဏောဟာဆိုတဲ့ အကောင်တစ်မျိုးကြောင့် ဖိုနဲ့မ အိမ်ထောင်သားမွေးကိစ္စတွေ ဖြစ်လာတာကို ငါသိတယ်. . . မေတ္တာဆိုတာကတော့ ကောင်းကျိုးချမ်းသာ ဖြစ်ပါစေဆိုတဲ့ စိတ်ကလေးပဲ ဘယ်လောက်လှသလဲ. . . တဏှာကင်းတယ်၊ လွတ်လပ်သန့်စင်တယ်”

“အေး. . . တို့ကတော့ ပုထုဇဉ်တွေပဲ ဆိုတော့ကာ. . . အိမ်ထောင်သားမွေး မျိုးဆက်သစ်အရေးအတွက် ရွေးစမ်းဟဲ့ ငအောင်ထွဋ်ဆို မင်းဘယ်သူ့ ရွေးမလဲ!”

“ပြောနေရသေးလားကွာ. . . ငါ မပိုင်ဆိုင်ရတာတောင် မေတ္တာပို့နိုင်သေးတာပဲ. . . မင်းသဘောပေါက်ပါတယ်. . . ငါ့ဘဝမှာ ဒီတစ်ယောက်ပဲ ရှိခဲ့တဲ့ဥစ္စာ”

စကားဝိုင်းသည် ခဏတာ တိတ်ဆိတ်သွားပြီးမှ. . .

“အင်း. . . မင်းက ပညာတော်သင် သွားပြီး ပြန်လာတော့. . . နိုင်ငံတော်စီမံကိန်းထဲ တန်းဝင်ပြီး နေ့မအားညမအား အလုပ်များနေလို့ ကြင်မြအေး ရှာဖို့နေနေသာသာ မြို့တောင်မပြန်အားတာ ငါသိပါတယ်ကွာ အမေကြောင်ကော သားတော်မောင်နဲ့ ရန်ကုန်မှာ မကြာမကြာ သွားသွားနေတာပဲဟာ၊ သူ့ တိုက်ခန်းပတ်ဝန်းကျင်မှာ သင့်တော်တဲ့ ချွေးမလောင်းလေး ဘာလေး. . . မမြင်မတွေ့ဘူးလား!”

“အမေတွေ့တာတော့ အများကြီးပေါ့ကွယ်. . . မြင်ပါ၊ ပညာတတ်၊ မျိုးရိုးကောင်း၊ လှပေ့ချောပေ့တွေ၊ အမေကြောင် အမေကြောင်နဲ့ ခင်လို့၊ မင်းတို့သူငယ်ချင်းကသာ တဟင်ဟင် လုပ်နေတာ၊ အဲ့. . . မြင်ကိုမမြင်တာ. . .”

ပိုကာ လက်ဖက်ဝါးရင်း ရေနွေးသောက်ရင်း သူ့ဟာသူ ရယ်နေရင်း. . .

“ရီးဒါးဒိုင်ဂျက်(စ်)ထဲက ဟာသတစ်ပုဒ်ကို သတိရမိတယ် အမေကြောင်ရေ့၊ သားလုပ်သူက တစ်နေ့ အမေ့ကို ပြောတယ်တဲ့. . . ဒီညနေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ထမင်းစားဖိတ်ထားတဲ့ ကောင်မလေးသုံးယောက်ထဲက တစ်ယောက်ကို သားရွေးထားပါတယ်၊ အမေရွေးကြည့်ပေးပါတဲ့. . .

အဲ. . ကောင်မလေးတွေလည်း ပြန်သွားတော့ အလယ်က တစ်ယောက်လို့ အမေက ပြောတယ်. . . ဟာ!. . . အမေတော်လိုက်တာ ဘာကြည့်ပြောသလဲပေါ့. . ဟင်း. . ဟင်း. . သူ့အမေ ဖြေပုံက ရှင်းတယ် ဟင်း. . ဟင်း. . ငါကြည့်မရဆုံး ကောင်မလေး. . တဲ့၊ ဟား. . ဟား. . "

အမေရော သူပါ ရယ်ကြသည်။ အရယ်ရပ်၍ ရေနွေးထပ်ထည့်ရန် ခရားယူ၍အထ၌ မြင့်ဆွေက ထောင့်ဖြတ်မေးခွန်း လှမ်းမေးသည်။ ရှေ့နေ၏ Cross Question. . . ။

"အမေကြင်. . . ကြင်မြအေးကို မြင်ဖူးလားဟင်!"

အမေကြင် တွဲကနဲ ဖြစ်သွားပြီးမှ ဆင်ဝှေ့ရန်ရှောင် ဖြေသည်။

"ဟာသထဲက အမေက ကြည့်မရပေမယ့် အမေကြင်ကတော့ ဘယ်သူ့ကိုမဆို ရအောင်ကြည့်ရမှာပဲ. . . သမီးဝေတ်နေတာကိုးကွဲ့"

အမေ အိမ်နောက်ဖေး ဝင်သွားသောအခါ မြင့်ဆွေက ခပ်ဆဆ ပြောလာသည်။

"အေးကွာ. . . မင်းလုပ်သက်ခွင့်နဲ့ ပြန်လာတုန်း တိုက်တိုက်ဆိုင်ဆိုင် ကြင်မြအေးလည်း ပြန်ရောက်နေတယ်ဆိုတော့ နဖူးစာ မြဲပြန်လည်လာတဲ့သဘောပဲကွ"

"သူ့မှာ နံပါတ်ချိတ်ပြီးသားကြီးနဲ့ကွာ၊ နဖူးစာ မဖြစ်နိုင်တော့ပါဘူး"

"ငါ့မှာ နားတစ်ထောင်လောက် ရှိတယ် မြေမြှုပ် မကြာခင် အဖြစ်မှန်ကို မင်းသိရမယ်"

"ဆွေပြမျိုးပြ လာကြတဲ့သတင်းပဲ မင်းရမှာပါကွာ. . . ဟိုလူကလည်း နုဖတ်နေတာပဲ၊ မိန်းမတွေ ခိုက်မယ့် ဥပမိနဲ့ကွ"

ထိုစဉ်မှာပင်. . .

ညှော်သည်ရောက်လာခြင်းဖြစ်သည်။

"အမေကြင်"





တံခါးဝ၌ ရပ်နေသော အသံရှင်ကို ကြည့်၍ သူရော မြင့်ဆွေပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အဝတ်စားထည့်သော အိတ်တစ်လုံးကို လွယ်၍ ပြည့်ဖောင်းနေသော ပလတ်စတစ်ဆွဲခြင်းကို တံခါးဝ ဖိနပ်ချွတ်၌ ချရင်း သူတို့နှစ်ယောက်ကို စူးစမ်းသော အကြည့်တစ်ချက်နှင့် လှမ်းကြည့်နေသည်။

မြင့်ဆွေနှင့် သူ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ထားသလို ကြည့်လိုက်ကြပြီး ပြိုင်တူပင် ပါးစပ်က စကားလုံးများ အလိုလို ထွက်ကျလာသည်။ ခပ်တိုးတိုးပါ။

"တူလိုက်တာကွာ"

"တူလိုက်တာကွာ"

မေမေ ရေနွေးခရားတောင် မပါဘဲ နောက်ဖေးက မပြေးရုံတမယ် ပြေးထွက်လာသည်။

"ဟယ်. . သမီး. . ပွင့်၊ လာလာ. . "

မေမေသည် ဝမ်းသာအားရမျက်နှာနှင့် သူမပခုံးကို ကိုင်လိုက်ပြီး ချထားသော ခြင်းတောင်းဆီ လက်ကမ်းသည်။

"ဖယ်ပါ. . အမေကြင်. . . အလေးကြီး. . "

သူမကိုယ်တိုင်ပင် ဧည့်ခန်းထဲ ခြင်းကို သယ်လာသည်။

ဆက်တီပေါ် ထိုင်ချလိုက်သော မေမေ့ရှေ့တွင် ခြင်းနှင့်အိတ်ကို ချ၍ ကြုံ့ကြုံ့ရုံ့ရုံ့ ကြမ်းပေါ် ထိုင်ပြီး. . .

လက်အုပ်ကို ချီ၍ မေမေ့ကို ဦးသုံးကြိမ် ချလေသည်။

အပွင့်အခက် ခပ်နုပ်နုပ်ပါသော ပါတိတ်လုံချည်၊ နက်ပြာရောင်ခြင်ရင်နှင့် ဘာသားမှန်းမသိသော အပြာနုရောင် ကိုယ်ကြပ်လက်ရှည် အင်္ကျီက သူမ၏ ကိုယ်နေဟန်အလှကို ထင်းကနဲ ပြနေသည်။ ရွှေကြိုး မျှင်မျှင်နှင့် လော့ကတ်သီးလေးက ရင်ညွှန့်၌ ပြေးနေ၏။

မေမေ့ကို ဦးချစဉ်. . .

မဆိုစလောက် ဝင်းကနဲ ပေါ်သွားသော ခါးသားလေးကိုတော့ ယောက်ျားသား မကြည့်ချင် မြင်လျက်သား ဖြစ်သွားသည်။ ကြောင်အမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ဖက်ပန်းကန်ဆီ ပြိုင်တူလက်ကမ်းမိပြီး ပြိုင်တူပင် လက်ရုပ်မိလိုက်ကြသည်။

"အမေကြင်ဖို့ မေမေထည့်ပေးလိုက်တာလေ. . . စုံနေတာပဲ၊ မေကြင်ကြိုက်တဲ့ ရွှေကျင်ပုဇွန်ချဉ်လည်း ပါတယ်"

"ကဲ. . . သမီး. . . ဒီမှာထိုင်၊ သားရေ. . . မေမေပြောပြောနေတဲ့ ခင်ပွင့်ဖြူလေ. . ရွှေကျင်က. ."

ဖွေးလက်စီတန်းနေသော သွားလေးတွေ လက်ကနဲ ပေါ်ရုံ ပြုံးပြသည်။

"ဒါက အမေကြင့်သား. . . အောင်ထွဋ်၊ ဟိုဘက်က သားရဲ့ သူငယ်ချင်း ရှေ့နေဦးမြင့်ဆွေတဲ့. ."

သူတို့လည်း ပြုံးပြအသိမှတ်ပြုလိုက်ကြသည်။

"ကားမြင်ကတည်းက အစ်ကိုရောက်နေမှန်း ပွင့်သိပါတယ်၊ အမေကြင်က ကားနံပါတ် တစ်ခါက ပြောထားဖူးတယ်. . . ရန်ကုန်မှာ တွေ့ရင် သိအောင်လို့တဲ့"

မေမေ နှစ်ခါလား သုံးခါလား မသိ၊ ရန်ကုန်တိုက်ခန်းတွင် ပြောဖူးသည်။ သူက နာမည်တောင် မမှတ်မိ။ ရှောက်သီးနှင့် ဘိတ်ရှောက်သီးခြံကို သားအမိနှစ်ယောက်တည်း လုပ်ကိုင်နေ. . ဆိုလား။ တွင်းထွက်ရွှေလည်း ကောက်သည်ဆိုလား. . ။

မေမေနှင့်သူမ ခြင်းတောင်းတစ်ဘက်စီ ဆွဲ၍ နောက်ဖေးဘက် ဝင်သွားသောအခါ သူမနောက်ပိုင်းအလှကို တမင်မကြည့်မိအောင် နေနေသော သူ့ကို မြင့်ဆွေက တံတောင်နှင့် တွတ်၍ လေသံနှင့်. . .

"ဟော့ကောင့် မြေဖြူ. . . ကြင်မြအေးမှာ အမွှာရှိတယ်လို့ မင်းကြားဖူးလား!"

"ဟေအေး. ."

သူခေါင်းရမ်းရင်း နှစ်လုံးသောစကားသာ တုန့်ပြန်နိုင်သည်။

"အေးကွာ. . . ရွှေကျင်သူတွေ လှတယ်လှတယ်နဲ့ ပြောသံ ကြားဖူးတာ၊ ခုမှ. . နဖူးတွေ. . ဒူးတွေ. . ဟောဟော့. . ခါးတွေပဲ. . ဟဲဟဲ






ရွှေသားအစစ်နဲ့ ထွန်းလုပ်ထားသလိုပဲကွာ. . နဖူးတွေနေတာပဲ. . . မင့်ကြင်မြအေးထက်တောင် လှသေး"

သူ ဘာမှပြန်မပြောချေ၊ တံ့ကို့ဘာဝေ. . . မိုးတွင်းနေ ဖြာကနဲ သင်းပွင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com






အခန်း(၆)

ဝက်သားသုံးထပ်သားနှင့် ပုန်းရည်ကြီး ရောချက်ထားသည်။ နာမည်ကျော် ရွှေကျင်ပုဇွန်ချဉ်က ချဉ်ချဉ်စိမ့်စိမ့်။ ဟင်းငပေါင်းသီးများကို ပုဇွန်ကြားနှင့် အိနေအောင် ကြော်ထားသည်။ ဟင်းချိုက ငါးဖန်းမ လတ်လတ်ဆတ်ဆတ်နှင့် 'အဟမ်း' ဟင်းချိုဟု ဆိုသည်။ စပါးလင်နှင့် ချောက်မှုက်၊ ချောက်သီး၊ ငရုတ်သီးစိမ်း ခတ်ထားသည်။ သူစမ်းသောက် ကြည့်၍။ သောက်ပြီးသည်နှင့် အဟမ်းဟု ချောင်းတကယ်ဟန့်ဖြစ်သော ဟင်းချိုဆန်းဖြစ်သည်။

မမေ ညစာကို ဘာမှဝင်မလုပ်ရ။ သူမ ဒိုင်ခံ ချက်ပြုတ်သည်ဟု မမေက ပြောသည်။ တကယ်လည်း ထမင်းမြိန်ဖွယ် တည်ခင်းထားသည်။

မီးဖိုချောင်နှင့် ထမင်းစားခန်းသည် အထားအသိုတွေ ချက်ချင်းပြောင်းသွားပြီး ပြောင်လက်သန့်စင်နေကြောင်း သူ သတိပြုမိသည်။

သူမသည် ဖလော်ဆော်ဖီနှင့်(အဝေးသင်) ကျောင်းပြီးထားသည်ဟု သိရသည်။ ညက်ညက်ပြေပြေ လိမ်းထားသော သနပ်ခါးနှံ့သည် ထမင်း

www.burmeseclassic.com



ဝိုင်းကို အုပ်ဆောင်းတစ်ခုလို အုပ်မိုးထား၏။

မေမေ့ကို ဟင်းတွေ ဦးဖယ်အပြီး ဟင်းခတ်ဇွန်းတွေကို သူ့ဘာတ်လှည့်၍ ချထားလိုက်သည်။ သူမကို မေမေက ပြုံး၍ကြည့်နေသဖြင့်. . .

"အစ်ကိုကိုတော့ ဦးမဖယ်ရဲလို့ပါ အမေကြင်၊ ပိုင်စိုးပိုင်နင်း အပြုအမူလို့ ထင်သွားမှာပေ့ါ"

ခင်ပွန်းဖြူ၏ပွင့်လင်းသောအပြောကို သူ ပထမဆုံး. . . ကြားဖူးခြင်းဖြစ်သည်။ အင်း!. . . မဟုတ်သေးဘူး။ သူ့ကားနံပါတ်ကို မေမေ တစ်ခါပြောရုံနှင့် သူမ မှတ်ထားသည်ဟု ရောက်ရောက်ချင်း ပြောတာက သူမ၏ပထမ ပွင့်လင်းမှု ဖြစ်သည်ပဲ။

သူ့စိတ်ထဲက သူမကို တမင်တွန်းကန်နေသောစိတ်သည် လျော့ပါးသွား၏။ ဇတ်ကနဲပင် ဟင်းခတ်ဇွန်းကို လှမ်းကိုင်၍ ဝက်သားတုံးခပ်ပြီး ပါးစပ်က အလိုလိုပင် ထွက်လာသောစကားမှာ. . .

"အိမ်ရှင်အနေနဲ့ ဧည့်သည်ကို ဦးစားပေးတာပါ၊ ဦးချတာ မဟုတ်ဘူးနော်"

သူမပန်းကန်ထဲ ဝက်သားတုံး၊ ဟင်းငပေါင်းသီးကြော်၊ ပုဇွန်ချဉ်၊ ဟင်းချိုနှင့် ငါးပိရည်ပါ ဆက်တိုက်ခပ်ထည့်ပေးလိုက်သည်။ တို့စရာ ဟင်းဂလာချဉ်ပတ်ပါ လက်နှစ်ဖက်နှင့် ဖျဉ်နေ၍ မေမေရော သူမပါ ရယ်မောရင်း. . .

"တို့စရာတော့ ဦးစားမပေးပါနဲ့ရှင်၊ ဝက်သားလောက် ကျွန်မ မကြိုက်လို့ပါ"

ထုံ့ပိုင်းပိုင်း မာတောင့်တောင့်ဖြစ်နေသော အိုးတိုးအန်းတန်း ထမင်းဝိုင်းလေး ချက်ချင်းစိုပြည်ရုံမက နွေးထွေးသွားတော့သည်။

"ဟာသညာဉ်ဟာ ခင်မင်နွေးထွေးမှုကို ချက်ချင်းဖြစ်ပေါ်စေတယ်တဲ့. . . ဟုတ်တယ်နော် အစ်ကို"

သူမ၏မှတ်ချက်ဖြစ်ပါသည်။ ပွင့်လင်းလှပါသည်။

ရန်ကုန်တိုက်ခန်းတွင် သူမအကြောင်း မေမေပြောစဉ်က ခင်ပွင့်ဖြူသည် သူမတူအောင် ရိုးစင်းပွင့်လင်းသူဟု မေမေပြောဖူးသည်ကို အမှတ်ရလာ၏။

အင်မတန် လှတယ်ဟု မေမေ ဘာကြောင့် ထည့်မပြောခဲ့ပါလိမ့်ဟု တွေးရင်း ဟင်းချိုပူပူစပ်စပ်ကို မမှုတ်ဘဲ သောက်ချလိုက်မိသည်။

"ဟှူး. . . ဟတ်. . ချီး. . !!"

သူ့ပါးစပ်ကို ထမင်းဝိုင်းလွတ်ရာသို့ အမြန်လှည့်လိုက်ရသည်။ ဟင်းချိုရည်တွေ အမှုန်အမွှားအဖြစ် ထမင်းဝိုင်းဘေးသို့ လွင့်စင်ကျကုန်သည်။

သူမ ဖျတ်ကနဲ ထ၍ ရေခဲသေတ္တာထဲက ရေပုလင်းနှင့် ဖန်ခွက်ထဲ ရေထည့်ပြီး ကမ်းပေးနေသည်။ သူရုတ်တရက် မယူဖြစ်သေး။ နှာနှပ်ရသေးသည်။

"အဟမ်း. . . ဟမ်း!. . "

သူ့လည်မျိုဝ၌ မွှန်ထွန်ပူစပ်နေသည်။ မနက်က ရုပ်ရှင်ရုံအပြန်၌ နိုးမိခဲ့၍ ဖျားချင်သလိုလိုဖြစ်နေတာတွေ ယူပစ်သလို ပျောက်သွားပြီး ချွေးတွေ စိမ့်ထွက်လာသည်။

"မှုတ်ပြီး နွေးမှ သောက်တာတောင် လည်ချောင်းရှလို့ အဟမ်းတင်းချိုလို့ ခေါ်တာသားရဲ့"

ရေယူသောက်လိုက်မှ နည်းနည်းပြေလည်သွား၏။

"အဟမ်းဟင်း မဟုတ်တော့ဘူး မေမေရေ့. . . ဟှူးဟင်း. . . ဟှူးဟင်း. . . "

"အပြည့်အစုံ နာမည်ပြောင်းရရင်တော့ ဟှူး. . ဟတ်ချိုးဟင်းပေါ့နော် အစ်ကို"

မိသားစုဆန်သော ထမင်းဝိုင်းလေးသည် မြိန်ယှက်ရုံမက ပျော်ရွှင်ကြည်နူးမှုအတိပြီး၏။

ထမင်းစားပြီးသောအခါ ရွှေကျင်သီးမွှေးနှင့် ပုဇွန်ဆီကို တို့စားသော အထူးအဆန်း အချိုပွဲ တည်ခင်း၏။ အအီပြေစေရန် ရွှေကျင်ဘိုက်ရှောက်သီး(ကျွဲကောသီး) ခြံထွက်ကို အမွှာသင်ပြီးသား ရေခဲသေတ္တာထဲက သူမ ထုတ်ပေး၏။ ရွှေကျင်ထွက် ရှောက်ပျားရည်ကလည်း ကိုကာကိုလာ







www.burmeseclassic.com

www.burmeseclassic.com



နှင့် မလဲနိုင်ပါချေ။

"သား. . မင်းနှမကို မဟာဝိဇယဘုရား လိုက်ပို့ပေးလိုက်ဦး၊ တို့မြို့လေးရဲ့ တစ်ဆူတည်းသော သမိုင်းဝင်စေတီပဲ၊ အရှင့်နှောင်မင်းတရားကြီး တည်ထားခဲ့တာလေ. . ."

မေမေပို့ပြီဟု သူထင်သည်။

"ဟိုတစ်ခေါက်က အမေကြောင် လိုက်ပို့ပြီးသားလေ. . . ကျွန်မ အစ်ကို့ကား စီးဖူးချင်ပေမယ့် ကျွန်မနဲ့ တွဲသွားတွဲလာလုပ်ရင် အစ်ကို လာဘ်ပိတ်သွားလိမ့်မယ်၊ မြို့က ကျဉ်းကျဉ်းလေးရယ်. ."

သူ့စိတ်ထဲ ရှိနေသည်ကို သူမ ဘယ်လိုလုပ် ဖတ်မိသွားပါလိမ့်ဟု သူ မလုံမလဲ ဖြစ်သွား၏။ ပြီးမှ သူတစ်စုံတစ်ရာ ပါဝင်ပြောဆိုရတော့မည်ကို သတိရသွားသည်။

"ဘုရားမသွားချင်ရင်. . မပွင့် ဘယ်သွားချင်လဲ. . . ကျွန်တော့်ကားက ခရီးသည်ငတ်နေတာ တော်တော်ကြာပါပြီ. . . အထူးသဖြင့် ချောချောလှလှ ခရီးသည်မျိုးပေါ့"

မိန်းမလှလှ တင်၍စီးလေ့ မရှိကြောင်း မသိမသာ ပြောလိုက်ခြင်းမှန်း သူမသိပုံရ၏။

ပြုံး၍. . .

"အစ်ကို လာဘ်ပိတ်မှာကို မကြောက်ဘူးလား!၊ အစ်ကို့ရုပ်ရည်အစ်ကို့ဘွဲ့နဲ့ အစ်ကို့ကားက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ အစ်ကိုရဲ့"

ပျိုတိုင်းကြိုက်တာ မကြိုက်တာထက် ယောကျ်ားမရသေးရင် ကြင်မြှအေး မကြိုက်မှာကိုပဲ ပူတာ မခင်ပွင့်ဖြူရေ့ဟု စိတ်ထဲက အကျယ်ကြီး အော်ပြောလိုက်မိ၏။

ဟာ!. . . ဒီသူငယ်မ ငါ့စိတ်ကို ဖတ်နိုင်တယ်. . . ကြားများကြားသွားပြီလားဟု တွေးပူလိုက်မိသေးသည်။

မေမေက ငါနဲ့ ပတ်သက်ပြီး ဘာတွေပြောဆိုထားလဲဟုလည်း တွေးနေမိသည်။ မေမေ့ကို ပွင့်ပွင့်လင်းလင်း မေးဖို့ ငါက ဘာလို့ မေ့နေတာလဲ။





ထိုစဉ် မေမေက. . .

"သား. . . သမီးပွင့်က ဘုရားရောက်ဖူးပေမယ့် မရောက်ဖူးသေးတာက သားကိုယ်တိုင်ပဲလေ၊ ဒီဘုန်းကြီးလက်ထက်မှာ ဘုရားကို ဘက်စုံမွမ်းမံထားတာ သွားကြည့်စမ်း. . အဲ. . သွားဖူးစမ်း အင်မတန် သပ္ပါယ်တယ်၊ ဘုန်းကြီးဆီလည်း မုန့်ပုံးနဲ့ ဆီပုလင်းကြီး ပို့ရဦးမှာလေ၊ ညပိုင်းဆိုရင်ပြင်ပေါ်မှာ လူရှင်းပါတယ်ကွယ့်"

မှန်သည်။ နေ့ခင်းဆို လူပိုတွေ့မည်၊ ညခင်းဆို တော်သေးသည်ဟု တွေးရင်း. . .

"ကဲ. . . ကျောင်းအစ်မလေး၊ ဘုရားဖူးသွားတာ ကုသိုလ်စိတ်နဲ့ပဲ သွားကြရအောင်၊ လာဘ်လာဘကိစ္စတွေ ခေါင်းထဲက ထုတ်ပစ်လိုက်"

သူမ အိပ်ခန်းထဲ ခဏဝင်သွားပြီး အကျီလက်ရှည်အဖြူ ယောကိထမီ အညိုရင့်ရင့်နှင့် ထွက်လာ၍ သူလည်း ဂျင်းဘောင်းဘီနှင့် တီရှပ်ကို ကြည့်ရင်း. . .

"မဖြစ်သေးဘူး. . . ကျွန်တော့်ပုံစံက ကျောင်းအစ်မရဲ့ ဒရိုင်ဘာရုပ် ပေါက်နေတယ်၊ လဲလိုက်ဦးမယ်. ."

ကော်လာကတုံး အဖြူလက်တိုနှင့် ပလေကပ်လုံချည် ဝတ်ပြီး သူ့ ညေ့ခန်းထဲ ရောက်လာတော့ မေမေက သူမကို ယောဂီတဘက်လေး တမ်းပေးရင်း. . .

"သား. . . အပြန်ကျရင် နို့ဆီနဲ့ နို့စိမ်း ဝင်ဝယ်ခဲ့ဦး. . . အမေ မနက်က မေ့လာလို့"

မုန့်ပုံးနှင့် ယိုးဒယားဆီပုလင်းကြီး ကားပေါ်တင်ပြီးနောက် သူမ အတွက် ရှေ့ခန်းတံခါးအဖွင့်၌. . .

"ရှေ့ခန်းက စီးရင် တင့်တယ်ပါ့မလား အစ်ကို"

"ဘုရားသွားမယ့် ကုသိုလ်စိတ်က ဘယ်ကစီးစီး တင့်တယ်ပြီးသားပါ. . ."

ကားလေး ခြံထဲက ထွက်သွားသောအခါ မေမေပြုံး၍. . . ခေါင်းတညိတ်ညိတ် ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲယားကွန်း ဖွင့်မယ်နော်. . . နည်းနည်းအိုက်သလားလို့"

"အစ်ကိုသဘော"

အဲယာကွန်း အကြောင်းပြပြီး အရောင်ပြန်ပါသော မှန်တံခါးတွေကို သူပိတ်ပစ်လိုက်၏။ အထဲကို မမြင်ရလေ ပိုကောင်းလေ မဟုတ်လား။ မြို့ကလေးသည် ကျဉ်းရသည့်အထဲ ကိုယ်ပိုင်ကားက နည်းသည်။ ဒါ ဘယ်သူ့ကားဆိုတာ အားလုံးသိနေနိုင်သည်။

ဘုရားမြောက်ဘက် မုခ်ဦးဝ၌ ကားရပ်တော့ ခုနစ်နာရီကျော်စသာ ရှိသေးသည်။ တန်ဆောင်းထဲ၌ အဝင်အထွက် ဘုရားကြည်ညိုသူတွေ ရှိနေသေးသည်။ ကားထဲဖိနပ်တွေ ထားခဲ့လို့ရသော်လည်း နှစ်ယောက်လုံး မေ့ပြီးစီးလာမိကြသည်။

မုခ်ဝအရောက် သူမက ဖိနပ်အရင်ချွတ်ကောက်ပြီး. . .

"ကျွန်မ ကုသိုလ်ယူပါရစေ အစ်ကို"

သူ့ဖိနပ်က ချွတ်ပြီးပြီ ကုန်းမကောက်ရသေး။ ထိုင်ပြီးသား ဖြစ်နေသော သူမက သူ့ဖိနပ်ကိုပါ ပြောပြောဆိုဆို ကောက်ကိုင်လိုက်သည်။

သူ ရှိန်းကနဲဖြစ်သွားသည်။ ဖော်မပြတတ်သော ခံစားမှုတစ်ခု တစ်ကိုယ်လုံး ပျံ့နှံ့သွား၍ဖြစ်သည်။

သူ့ဘဝ၌ သူ့ဖိနပ်ကို(မိန်းမသူတစ်ယောက်)တရိုတသေ ကိုင်ယူသယ်ဆောင်ခြင်းကို ပထမဆုံး ခံစားလိုက်ရခြင်းလည်း ဖြစ်လေသည်။ ဘယ်လိုကြီးမှန်းကို မသိတာပါ။

ဆောင်းတန်းတစ်လျှောက် လှည့်ကြည့်သွားသောသူတွေ ရှေ့၌ သူ့စိတ်သည် တစ်ခြမ်းက(ကြင်မြအေး သိမှာစိုး၍)ပူပန်နေသည်။

အလို!. . . နောက်တစ်ခြမ်းက ကြည်နူးချမ်းမြေ့လို့ နေပါလား။ စောင်းတန်းမှ ဆင်းလာသော အပျံစား ချာတိတ်မ သုံးယောက်က အဝေးမှပင် မျက်တောင်မခတ်တမ်း ကြည့်လာပြီး အနီးရောက်သောအခါ. . .

"နေနဲ့လ ရွှေနဲ့မြဆိုတာ အဲဒါမျိုးကို ပြောတာကွ"

"အေးဟယ်. . . လိုက်ဖက်ညီလိုက်တာ၊ နဖူးမှာ စာရေးပြီး မွေးလာကြသလိုပဲနော်"





ချာတိတ်မတွေ ဖြတ်သွားသည်နှင့် တစ်ဦးကိုတစ်ဦး ဖြတ်ကနဲ လှမ်းကြည့်မိကြသည်။ သူတို့ ဘာအမူအယာမှ မပေါ်အောင် မကြားသလို ထိန်းသိမ်းနိုင်ကြစဉ် ကျောဘက်မှ ထပ်ဝင်လာသော စကားသံက. . .

"အဲဒီလူကြီး ငါသိတယ်၊ ဈေးထဲမှာ ငွေတိုးပေးတဲ့ ဒေါ်ကြင်ကြင့်သား. . ."

သူ့မျက်နှာ ဖိန်းကနဲဖြစ်သွားသည်။ သူမက ကြည့်နေဆဲမို့ မြင်သွားပုံရသည်။

"အဲဒါပြောတာပေါ့ အစ်ကို၊ အစ်ကိုလာဘ်တိတ်မယ်ဆိုတာလေ၊ နက်ဖန်ဈေးထဲမှာ သတင်းထူး ထုတ်လွှင့်တော့မယ်. . အဲဒါ ဈေးထဲက အပ်ချုပ်တဲ့ ကောင်မလေး ပွင့်သိတယ်၊ အယ်!. . ဟယ့်တော့ အစ်ကိုရယ်၊ ကျွန်မရှက်ဖို့လည်း ထားပါဦး. . အစ်ကို့မျက်နှာကြီး ရဲထွင့်နေလိုက်တာ"

နဂိုက အသားဖြူသူမို့ သူမျက်နှာနီလျှင် ရဲကနဲကို ပေါ်သည်။

ဘယ်လိုမှ လိမ်၍မရ။ ရှက်တာက နည်းနည်းပါ၊ အပ်ချုပ်ဆိုင်ဆိုလျှင် ကြင်မြအေးအမေ ဒေါ်ခင်ရွှေ ဖွင့်ခဲ့သောဆိုင်တွေချည်းဖြစ်သည်။ ကြင်မြအေးတို့ အလုပ်သမလေး ဖြစ်နေလျှင် သေပြီ ဆရာ. . .။ အဲဒါကို စိတ်ပူပြီး ရဲတာ ကျောင်းအစ်မရေ့ဟေ့. . ဟုသာ ခုနစ်သံချီနှင့် အော်လိုက်ချင်ပါတော့သည်။ သူ ကျောမလုံတော့ပြီ။

မသိမသာ လှည့်ကြည့်တော့ ချာတိတ်မတွေက စောင်းတန်းထဲ ရပ်ပြီး သူတို့ကို လှမ်းကြည့်ရင်း အတင်းဆက်အုပ်နေကြသည်။

"ဒုတ်!!. . ."

"ဟဲ့. . . ပလုတ်တုတ်!"

လှေခါးထစ်ကို ခြေဖျားနှင့် အပြင်းအထန် တိုက်မိပြီး ကံကောင်းလို့ ဟပ်ထိုးကြီး လဲကျတော့မလို့။ သူ့ကို ကြည့်ရင်းပါလာသော ခင်ပွင့်ဖြူတာ မနိုင်မနင်း လက်မောင်းကို ဖတ်ကနဲ အမိဆွဲထားလိုက်၍ သောက်ရှက်ဆော် မကွဲလေခြင်း။ သိသိသာသာကို အသံထွက်၍ ဟန်ချက်ပျက်ကုန်၏။

"ကျေးဇူးပဲ. . ဟဲ. . ဟဲ၊ ရာဇဝင်ရွှေပဲ့တော့မလို့. . . ဒီအထင်လူတစ်ယောက်လုံး လာနေတာ မမြင်ဘူး. . . ကဲ မမြင်ဦး. . ကဲဟာ. ."



www.burmeseclassic.com

www.burmeseclassic.com



ကဲဟာ. . ”

ခလုတ်တိုက်မိသော လှေခါးထစ်ကို ဖနောင့်နှင့် သုံးလေးကြိမ် ပေါက်ပစ်လိုက်၏။ ခင်ပွင့်ဖြူက သူ ကလေးလေးလို ပြောဆိုလုပ်ကိုင်သည်ကို အသံထွက်အောင် ရယ်၍. . .

“အစ်ကိုက ချက်ချင်း ဟာသပြန်ဖောက်လိုက်တော့ ကိုယ်တိုင်လည်း အရှက်ပြေ. . . ပါလာတဲ့လူနဲ့ မြင်လိုက်ရသူတွေလည်း ရယ်ရယ်မောမော နေသာထိုင်သာ ရှိသွားပြီ. . . အားနာတာတို့. . အိုတို့အမ်းတာန်း ဖြစ်တာတို့ ပြေကျသွားတာပေါ့နော်. . .”

“ခင်ဗျားလေးကလည်း မသိလိုက်မသိဖာသာ ရယ်လိုက်မောလိုက်ရင် ပြီးရောဟာကို. . အဲသလိုပြောမှ ကျွန်တော်မျိုးရဲ့. . ရာဇအိမ်မြေ ပွဲကျရာက ပုံကနဲ မြုတ်ကျကုန်တော့တာဗျ. . . ပြန်ကောက်တပ်လို့ကို မရတော့တာ. . ကျောင်းအစ်မရေ. . ”

ညြော်. . . မင်းနဲ့ ပတ်သက်ရင် ငယ်ငယ်ကတည်းက တဒုတ်ဒုတ်ခလုတ်တိုက်လာတာ ခုလည်း တိုက်ထုန်းပါလား ကြောင်တလေးရေ. . .။ သူ၏ကိုယ်တွင်းတစ်နေရာက ထွက်ပေါ်လာသော လျှပ်တစ်ပြက် ခေါ်ထူးသံဖြစ်လေသည်။

ခင်ပွင့်ဖြူ ရယ်မောရင်း မေ့ပြီးကိုင်ထားဆဲ သူ့လက်မောင်းကို လွှတ်ဖို့ သတိမရသေး။ မြောက်ဘက်တန်ဆောင်းကို ရောက်လာသည်။ မြောက်ဘက်တန်ဆောင်း၌ ဘုရားကို ညလုံးပေါက် ပူဇော်သော ဟောလိုဂျင်မီး အလှူခံဌာန ရှိသည်။

ဘုရားဝတ်ပြု ဦးချပြီးသောအခါ သူမက အရင်ထသွားပြီး အလှူခံ နိဗ္ဗာန်ဆော်ကို တစ်ညတာ မီးပူဇော်ချင်ကြောင်း ပြောနေသံကြားရသည်။ ခဏအကြာ ဖြတ်ပိုင်းလေး ခေါက်သိမ်း၍ သူ့ဆီ ပြန်လာသည်။ ဖိနပ်တွေ တန်ဆောင်းထဲ ထားခဲ့သည်။

“အစ်ကို. . တနင်္လာထောင့်မှာ ကျွန်မ ခဏ ပုတီးစိပ်ချင်တယ်၊ သိပ်မကြာပါဘူး”

“ရပါတယ် ပွင့်. . . အေးအေးဆေးဆေး စိပ်ပါ”





သူမက ယောဂီတဘက်ကြားမှ ပုတီးလေး ထုတ်ရင်း အတူတူ ငါ်တနင်္လာထောင့်ကို လျှောက်လာမိကြသည်။ သူမထောင့်အရောက်၌ ပိုက်ဆံအိတ်အသေးကလေး သူ့ကို လှမ်းပေးရင်း ပုံပုံကလေး ဦးချသည်။ ဘုရားအရင်ရှိခိုးသည်။ သူမဘေး ခဏဝင်ထိုင်ရင်း ငါက ဘာလုပ်နေရင်ကောင်းမလဲ စဉ်းစားသည်။ ထိုစဉ် မိုက်ခွက်စမ်းသံ ကြားလိုက်ရပြီး. . .

“ကျွန်တော်တို့မြို့ရဲ့ကျက်သရေဆောင် သမိုင်းဝင် မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားသောအားဖြင့်. . တဲ့. .၊ အဟမ်း. . . ဧည့်သည်ခရီးသွား ဇနီးမောင်နှံများ ဖြစ်သော ကြင်ကြင်နှင့် သူ့ချစ်ခင်ပွန်းက. . တစ်ညဉ့်တာ လျှပ်စစ်မီးပူဇော်ရန် အလှူတော်ငွေ သုံးထောင်ပါတဲ့ ခင်ဗျား. . .၊ ဤသို့ပြုရ ကုသလကြောင့်. . . . .”

ဟာ. . ပြဿနာပဲ၊ သူ ခင်ပွင့်ဖြူကို လှမ်းကြည့်သည်။ ပုတီးစိပ်ရင်း သူမလည်း ကြားပုံရသည်။ ရင်ပြင်က ငြိမ်သက်နေသည်။ အသံက အကျယ်ကြီး။

“ကြင်ကြင်နှင့်ခင်ပွန်းတို့. . . သွားလေရာ လာလေရာ. . ဘေးမသီ ရန်မခဘဲ. . . ဘယ်ဘက်က တစ်ဆုပ်ကြွမှာ ညာဘက်က တစ်လှည်းဝင်ဆိုသလို. . .”

“လွဲနေပြီ. . . ဒုက္ခပဲ”

သူ. . ပွင့်ကြားအောင် ပြောကြည့်သည်။

“ကြင်ကြင်နဲ့ခင်ပွန်းတို့. . . လာမယ့်ဘေး ဝေးပါစေ. . . ထိမယ့်ခလုတ် ဆုတ်ပါစေ. . . ရတနာစိန်ကျောက် ဇယ်တောက်၍”

ခင်ပွင့်ဖြူ ကျောလေး တသိမ့်သိမ့် လှုပ်နေသည်။ ပုတီးစိပ်ရင်း စိတ်မထိန်းနိုင်ပဲ ရယ်နေပြီ၊ ပုတီးကသွားနေသည်။ ပါးစပ်ကတော့. . .၊

“အစ်ကို သွားတားဦးလေ. . . ပိုက်ဆံအိတ်ထဲမှာ ဖြတ်ပိုင်းအမေကြွင်းနာမည် ဒေါ်ကြင်ကြင်နဲ့ လှူခဲ့တာ”

“ကြင်ကြင်နှင့် ခင်ပွန်းဖြစ်သူတို့ အမြတ်ဆုံးတရားနဲ့ ကပ်သင်းကိုလည်း ကျော်နိုင်နင်းနိုင်ကြပါစေ. . . အေး. . . .”

နိဗ္ဗာန်ဆော်က အသံနေသံထားနှင့် အော်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ. . ပွင့်အိတ်ထဲက ဖြတ်ပိုင်းကို ကမန်းကတန်း ထုတ်ကြည့်သည်။ ဒေါ်ကြင်ကြင်ဟု အသေအချာ ရေးထားသည်။ ဖြတ်ပိုင်းနှင့် ပိုက်ဆံအိတ်ကို ကိုင်၍ မြောက်ဘက်တန်ဆောင်းဆီ သုတ်ခြေတင်ရှလေတော့သည်။

"အင်း. . . စီးတဲ့ရေ ဆယ်တဲ့ကန်သင်းလို လင်တော်မောင်ရဲ့ လုပ်စာကို. . တဲ့ အိမ်မှုကိစ္စအဝဝ ပြည့်စုံအောင် စီမံခန့်ခွဲပြီးသတာလ. . ပိုလျှံငွေကို လှူမယ်. . တန်းမယ်ဆိုတဲ့ အမရာ ကိန္နရီ မဒီ သမ္မုလ ဆိုတဲ့ တော်လေးဝ ဝင်တဲ့ ကြင်ကြင်. . ."

"ဦးလေး. . ဦးလေး. ."

"အဲဒီ. . တော်လေးဝ ဝင်တဲ့ ကြင်ကြင်လေးဟာ. . တဲ့. ."

သံစဉ်အနိမ့်အမြင့်နှင့် ဆွဲငင်နေလေပြီ။

"ဦးလေး. . ဦးလေး. . ဒီမှာ ရေးထားတာ ဒေါ်ကြင်ကြင်ဗျ၊ ကြင်ကြင်လေး မဟုတ်ဘူး. . ဒေါ်. . ပါတယ်"

မျက်လုံးစုံမှိတ်၍ ဩဇာသံအပြည့်နှင့် အော်နေသော. . . တနည်းအားဖြင့် သူ့အသံ ဘဝင်ထိ ညံနေသည်ကို ကျေနပ်အားရနေသော နိဗ္ဗာန်ဆော်ကြီး မျက်လုံးပွင့်လာသည်။ ပြန်မှိတ်သွားသည်။

မိုက်ခွက်ကို ပါးစပ်က မခွာတ်ဘဲ. . . သံစဉ်အနိမ့်အမြင့်နှင့်ပင် ပြန်ပြောပါတော့သည်။ ဟိန်းထွက်နေ၏။

"ဒေါ်. . တပ်ပြီး. . ရေးတာက. . လေးစားသမှု ဖြစ်ပါတယ်. . . အသက်ကလေးက ငယ်ငယ်. . . စေတနာအားက ကြွယ်ကြွယ်. . ."

ကြာနီကန်ဆရာတော်၏အသံကို နှစ်ခြိုက်လွန်း၍ လိုက်တုနေမှန်း သိသာသည်။ တူလည်း အတော်တူပါသည်။

"မဟုတ်ဘူး ဦးလေး. . . ငယ်ငယ်လည်း မဟုတ်ဘူး၊ ကြွယ်ကြွယ်လည်း မဟုတ်ဘူး. . . ကြင်ကြင်လည်း မဟုတ်ဘူး၊ ဒေါ်ကြင်ကြင်. . . ဒေါ်ကြင်ကြင်ဗျ. . . ကျွန်တော့်အမေ. ."

ဖြစ်ချင်တော့ သူ့အသံပါ မိုက်ကရိုဖုန်းထဲ ဝင်၍ အော်လံက ပြန်ထွက်နေသည်။ သူကမသိ. . ။ နိဗ္ဗာန်ဆော်ကြီးကလည်း သူ့စကားကို





ခွတ်ဝင်ဖြိုနိုးသည်။ သူ့ရှာန်အပျက်အခံ။

"အ. . မေ. . ဆိုတော့. . . မိခင်လို ချစ်ရသောမိန်းမ. ."

အ. . မေ၌ အာပေါင်အာရင်း ဌာန်အပြည့်ထည့်၍ ဆွဲဆွဲငင်ငင် ကြာနီကန်ဆရာတော်အသံနှင့် အော်လိုက်ပြီးမှ မိခင်လို ချစ်ရသောမိန်းမဌ် ရှေ့မန်းတင်မောင်လေသံနှင့် အမြန်ဖြတ်ချလိုက်ခြင်းဖြစ်၏။

ဝုန်း!!. . ဂလုံး!!. . ဂေါင်!!. .

သူ မိုက်ခွက်ကို လှမ်းလုလိုက်၍ စားပွဲပေါ် ပြုတ်ကျသွားသော အသံသည် လော်စပီကာယ်ကြောင့် ရင်ပြင်ပေါ် ရောမ ဆူညံသံကြီး ဖြစ်သွား၏။

နိဗ္ဗာန်ဆော်ကြီး ဩဇာသံပျက်၊ ရှာန်ပြယ်သွား၏။

"ဟော့ကောင်. . . မင်း ဘယ်လိုလုပ်တာလဲ!"

"ဦးလေး မှားနေလို့. . . ၊ လျှပ်စစ်မီးပူဇော်တဲ့ အလှူရှင်နဲ့ ကျွန်တော်က ဇနီးမောင်နှံမှ မဟုတ်တာ"

အဓိကကို သူဖြည်ချခြင်းဖြစ်သည်။ ပြည်ကျမသွားသည့်အပြင် ဒေါသသံနှင့်. . .

"ငါ. . နိဗ္ဗာန်ဆော် လုပ်လာတာ ဆယ်နှစ်ကျော်ပြီ၊ အဲသလောက် မညံ့ဘူးကွ၊ ကားနဲ့အတူတူလာကြတယ်. . . မင်းဖိနပ်နဲ့သူ့ဖိနပ်ကို တွဲပူးပြီးကိုင်တယ်. . . ကျန်တစ်ဘက်က သေသေချာချာ မင့်လက်မောင်းကို တွဲထားတယ်ကွာ၊ ငါမြင်နေရတယ်၊ ကဲ. . . ဒါ လင်မယား လက္ခဏာ မဟုတ်ရင် ဘာလဲ!. . ."

စားပွဲပေါ် ပြုတ်ကျနေသော မိုက်ခွက်က အသံဝင်နေဆဲ. . . ဖွဲ့တင်ရိုက်သွားသော နိဗ္ဗာန်ဆော်ကြီး၏အသံကို သူနားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။ အပြင်၌ ဟီးလို့. . ၊ မိုက်ကရိုဖုန်းမှ ခလုတ်ကို ထောက်ခနဲ သူလှမ်းပိတ်၍ ဇာတ်ရည်လည်အောင် ခပ်တိုးတိုး အကျိုးအကြောင်းစုံအောင် ရှင်းပြလိုက်ရပါတော့သည်။ ဇာတ်ရည်လည်မှ နိဗ္ဗာန်ဆော်ကြီးကလည်း ရိုးသားဖြူစင်စွာ ပြန်ပြောသည်။

"သိဘူးလေကွာ. . . ငါကလည်း. . တစ်ညနေလုံး အလှူရှင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မလာလို့ ဘာဆုမှ မပေးရတော့၊ ဟဲ. . ဟဲ. . ပျင်းနေတာနဲ့. . ”တဲ့။

သူ ငါးထောင်ထပ်လှူထားခဲ့သည်။

“ဖြတ်ပိုင်းမှာ ဘာနာမည် ရေးရမလဲ. . အတိအကျ ပြောပါ။ အမှန်အကန်ရေးပြီး အမှန်အကန် အော်ပေးမယ်. . ”

“ဘာမှ မရေးပါနဲ့ ဦးလေးရယ်. . ရပါတယ်”

ပြီးတော့ စိတ်ထဲက ဆက်ပြောဖြစ်သည်မှာ. . . အောင်ထွန်းနှင့် ကြင်မြအေး မိသားစုလို့ရေးချင်တာပေါ့ ဦးလေးရယ်. . . ခုဟာက ဘာတော်မှာမှန်းလည်း မသိနိုင်တော့လို့ပါ ကြောင်ကလေး ကြင်မြအေး ရယ်. . ။

သူ့ဖိနပ်ဂျာလေး နှစ်ရံယူပြီး ခင်ပွင့်ဖြူဆီ ပြန်လာခဲ့သည်။ ခင်ပွင့်ဖြူ တည်ငြိမ်စွာ ပုတီးစိပ်နေဆဲပင်။ ဘေးနား ဝင်ထိုင်ရင်း သူ့ အာလည်လည် လုပ်နေစဉ်. . .

“အဟိ. . . အဟိ၊ ဘယ်လိုမှ စိပ်လို့လည်းမရတော့ပါဘူး အစ်ကို ရယ်၊ အဟိ. . အဟိ၊ ဂုဏ်တော်ကိုးပါး တစ်ပတ်တောင် ခုထိ မရသေးဘူး ခွင့်လွှတ်ပါဘုရား. . . ပုထုဇဉ်သမီးတော်ကို ခွင့်လွှတ်တော်မူပါ၊ တပည့် တော်အစ်ကိုရဲ့ဖြစ်အင်က ရင်ပြင်တော်တစ်ခွင်လုံး ပြုံးစရာ ရယ်စရာ ဖြစ်နေလို့ပါဘုရား”

သူမ ခါးကလေး ပေါ်အောင် ဦးချလိုက်သည်။ အရယ်က မပျက်။

မတ်တတ်ရပ်၍ အကျီကို ခါးစဆွဲဆန့်ပြီး ဖိနပ်တွေ လှမ်းယူ သည်။ ရယ်နေဆဲ. . .

“ဟဲ့. . ကလေးမ သိပ်မရယ်နဲ့ကွာ၊ မင်းရယ်နေမှ ချောင်ချိချောင် ကြားပါ မကျန်အောင် ငါ ရှက်လာတယ်ဟ. . ”

“လူကြီးရှက်တော့ ရယ်တယ်သတဲ့. . . ကလေးရှက်တော့ ငိုသတဲ့ အစ်ကိုရဲ့”

“ငါငိုချလိုက်မှာနော်. . . ဗြဲ. . ဟား. . ဟား. . ဟား. . ”

ပျော်ရွှင်ပေ့ါပါးစွာပင် ဘုရားတစ်ပတ် ပတ်၍ မြောက်ဘက် စောင်းတန်းမှ ပြန်ဆင်းလာကြသည်။





ကားနားရောက်၍ သူလှမ်းကြည့်လိုက်သောအခါ ဒိန်းကနဲ ရင်ဝ ကို တစ်စုံတစ်ရာ ဝင်ဆောင့်သလို ခံစားလိုက်ရသည်။

သူ့ကားဘေးနားတွင် ယှဉ်ရပ်ထားသော SuperRoof ကားဖြူ လေး။ သေချာသည်။ ကားနံပါတ်ပါ သူအလွတ်ရလိုက်သော ကြင်မြအေး ကား၊ သူ ဖျာကနဲဖြစ်သွား၏။

“ဒါ. . ဒါဆို၊ ရင်ပြင်တော်ပေါ်မှာ စောစောက သူ. . သူတို့ ရှိနေခဲ့ကြမှာပေါ့”

သူ့အသံက ပါးစပ်က ထွက်သွား၏။ ခင်ပွင့်ဖြူ အလန့်တကြား ပြန်မေး၏။

“ထိတ်ထိတ်ပျာပျာနဲ့ ဘယ်သူလဲ အစ်ကို. . ဘာဖြစ်လို့လဲ!”

“ဘာမှမဖြစ်ဘူး. . တက်. . တက်”

“ဂျိတ်. . ”

“ဂျိတ်. . ”

“ဝူး. . ဝူး. . ဝူး. . ဝူ. . ”

ခလုတ်တိုက်သော စောင်းတန်းထဲ၌ ဟန်ချက်မပျက်ခဲ့ဘဲ. . . ဘာခလုတ်မှ မရှိသော ကားနား ရောက်မှ အကြီးအကျယ် ဟန်ချက်ပျက် သွားသော သူ့ကို(ဘာမှ မေးမရဘဲ)ဘေးက ယောင်နန ငေးရင်း ခင်ပွင့်ဖြူ အိမ်ပြန်ပါသည်။

မုန့်ပုံးနှင့် ဆီပုလင်းကြီးလည်း အိမ်ပြန်ပါလာသည်။

ဆရာတော်ကိုမေ့. . ။

နို့ဆီနှင့်နို့စိမ်း ဝယ်ဖို့လည်းမေ့. . ။

မေမေ့ကိုလည်းမေ့. . ။

ကြင်မြအေးရယ်. . . မင်းခလုတ်က တော်တော့်ကို အဖုကြီးပ ဲ သွား အမေ့. . . ။



www.burmeseclassic.com

www.burmeseclassic.com



♤ အားငါတဲ့ ကဗျာတစ်ပုဒ် ဖတ်ဖူးတယ်...၊
"ရပ်စရာနေရာနဲ့
ဂုတ်တစ်ချောင်းပေးပါ
ကမ္ဘာကြီးကို နည်းနည်းရော့တင်မလို့" ဆိုလား...

♤ အချစ်ဆိုတဲ့ ကြိုးစစ်စစ်တစ်ချောင်းပဲ ပေးပါ
လကို ခိုပြီး
ကမ္ဘာကြီးကို ဆွဲတင်ပေးချင်တယ်
ကမ္ဘာ...အချစ်နိမ့်နေတယ်၊ ။



# အခန်း(၇)

သိ သေတ္တာအဟောင်းထဲရှိ ဖိုင်အပြာလေးထဲက နောက်ဆုံးအမှတ်တရလေး ထွက်လာ၏။ A.4 စက္ကူအဖြူပေါ်တွင် ပင်အပ်ကလေးနှင့် တွယ်ထားသော ကြောင်ကလေး ကြင်မြှုံအေး၏ပတ်စ်ပို့ဓါတ်ပုံကလေးဖြစ်သည်။ တစ်လက်မ ပတ်လည်လေးပါ။

ပင်အပ်ကလေးကို ဓါတ်ပုံသား မထိအောင် ဘေးအဖြူသားနှင့် အပေါ် အဖြူသားနေရာမှ ကပ်သီးကပ်သပ် တွယ်ချိတ်ထားခဲ့ရသည်။

ပင်အပ်လေးက သံချေးတွေ တက်ပြီး ဓါတ်ပုံဘေးသားနှင့် A.4 စက္ကူသားကိုပင် သံချေးရောင် ဓါကျင်ကျင်တွေ စွန်းပေနေခဲ့သည်။

ပြုံးမလိုလို မဲ့သလိုလိုနှင့် စူပုတ်ပုတ်လေးဟာ သူ့ကြောင်ကလေးပါပဲ. . .။ ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်ကျော်က သူ့ရင်ထဲ နင့်နေအောင် ချစ်ခဲ့ရသော သူ့ငယ်ချစ် ကြောင်ကလေးပါ။

စာရွက်လေးကို ဖိုင်ထဲမှ တယုတယ ဖြုတ်ယူ၍ စာကြည့်စားပွဲပေါ် ညင်ညင်သာသာ တင်လိုက်ပြီး သူ တစိမ့်စိမ့် ကြည့်ရင်း. . .

ကျောင်းစာရေး ကိုမြတ်သွေး၏ကျေးဇူးတော်ကို အောက်မေ့သတိရမိသည်။ အတွေးသည် ရှင်းကာနဲ အတိတ်ကို ပြေးပြန်၏။

www.burmeseclassic.com



# ၀၀

နေ့က ဥပုသ်နေ့၊ ကျောင်းပိတ်ရက်ဖြစ်သည်။ မေမေ ဥပုသ်သွားစောင့်နေသည်။ မိုးတွင်းပေမယ့် နေအလွန်သာသောနေ့ ဖြစ်သည်။

စိနက သူ၏မောင်းတိန်းစက်ဘီးနှင့် ခြံထဲ အပြေးနင်းဝင်လာသည်။ စက်ဘီးကို ဒေါက်ပင် ထောက်မနေဘဲ ဝုန်းခနဲ ပစ်ချပြီး သူရှိရာအပေါ် ထပ် ဝုန်းဝုန်း ပြေးတက်လာသည်။

"ဟိတ်ကောင် စိန. . . ဘာဖြစ်လာတာလဲ၊ မင့်ကျီးဒေါ် ဂျားမာမက်နဲ့ လိုက်ပြေးလို့လား!"

"အဲ့လာထက်. . . အရေးကြီးတဲ့သတင်းကွ"

စိန အတော်မောလာပုံရသည်။ ရေတကောင်းထဲက ရေကို ခွက်ထဲတောင် ထည့်မနေနိုင်ဘဲ ရေစာကောင်းလည်ပင်းက ကိုင်၍ မော့သောက်နေသည်။ ပြီးမှ ပိုက်ပူပူအကျီထဲက ဖုထစ်ထွက်နေသည့် ခိုးလိုးခုလုတွေကို ဘောင်းဘီတိုထဲက အကျီလှန်ပြီး စားပွဲပေါ် တင်သည်။

ထုံးစံအတိုင်း မြေကြီးဖြူဖြူတွေ အုံထားသော ဆေးခါဥတွေနှင့် ကိတ်မုန့်ကြီးတစ်လုံး. . ။

"မြေဖြူ. . . မင်းလွယ်အိတ်ထဲ ထည့်ထား၊ အိမ်က ငါလစ်လာတာ၊ ဒါ ဒီနေ့ရိက္ခာပဲ. ."

စိန ရိက္ခာတွေကိုရော သူ၏မုန့်ကြွပ်ထုပ်ကိုရော သူ့လွယ်အိတ်ထဲ





ထည့်ရင်း. . ယောက်စာလုံး လေးငွပါ ထပ်ထည့်ပြီး. . .

"ပြောစမ်းပါဦးကွ သတင်းထူး"

"အေး. . . အဲ့လာပြောချင်လို့ ပြေးလာလာ၊ ကျောင်းစာရေးကိုမြတ်သွေးကြီးလေ. . ၊ ဇယ်လေးတစ်ယောက်နဲ့ ကန်သာယာထဲ ဝင်သွားလယ်. . ဟိတ်ကောင်၊ ငါအပြင်ကနေ မသိမသာ လိုက်ကြည့်လော့ ပိုကာနဲ့ ငါ ဖန်တီးထားတဲ့ ပန်းချုံထဲ တန်းဝင်သွားလယ်"

"ကောင်မလေးကို မင်းသိလား!"

"အဝေးကဆိုလော့ ငါလဲ မသိဘဲကွဲဘူး၊ ဦးထုပ်ပြားကြီး ဆောင်းထားလယ်၊ တော်တော်တောင့်လယ်"

"မင်း ပိုကာကိုကော ဝင်ခေါ်ခဲ့သေးလား!"

"ဒီကောင် အစောကြီးထဲက ထမင်းချိုင့်လွဲ. . . ဂျက်ကာတစ်(ညောင်ပင်ပေါ် က လင့်စင်)ပေါ် တက်အိပ်နေမှာလေ. . သည်နေ့ ဥပုသ်နေ့လေကွာ. . ၊ ဟော့ကောင်. . . ငါ့မုန့်ပြောင်း မေ့မယ်"

"ပါ၊ပါတယ်ကွယ်. . ဒါအရေးကြီးတဲ့ဟာပဲ၊ ဘယ်မေ့မလဲ"

လိုအပ်သည်များ အကုန်လုံး လွယ်အိတ်ထဲ ထည့်၍ ဘီးတစ်စီးစီနှင့် ကန်သာယာပန်းခြံဘက် နင်းထွက်ခဲ့ကြသည်။

ပန်းခြံရှေ့က စက်ဘီးအပ်သော လက်ဖက်ရည်ဆိုင်တွင် ပိုကာ့စက်ဘီးကို မြင်ရသည်။ သေချာသည်၊ ဒီကောင် ထမင်းချိုင့်နှင့် လင့်စင်ပေါ် ရောက်နေနှင့်ပြီ။ စောသေးလျှင် ရတနာဝင်းထိန် စာအုပ်ဖတ်ပြီး ပေ၍အိပ်နေတတ်သည်။

သူတို့၏လင့်စင်တွေကို လျှို့ဝှက်အထာနှင့် ဂျက်ကာတစ်၊ ဂျက်ကာနှစ်၊ ဂျက်ကာသုံး အမည်ပေးထားသည်။ ဂျက်ကာတစ်က မြင်ကွင်းအား ပိုကောင်း၏။ စုံတွဲကို အကောင်းဆုံး မြင်နိုင်ရန် ဂျက်ကာ သုံးခုကို သိုအပ်သလို အသုံးပြုကြခြင်း ဖြစ်သည်။ သူတို့ ဂျက်ကာတွေကို အောက်တကြည့်၍ ဘယ်လိုမှ မမြင်ရအောင် ဆောက်လုပ်ထားကြခြင်း ဖြစ်သည်။

စက်ဘီးအပ်ပြီး ပန်းခြံထဲ ဝင်ခဲ့ကြသည်။

"အေးကွ. . . လူပျိုကြီး လူအေးကြီးလို့ နာမည်ကြီးလှသဲ့ ကိုမြတ်



www.burmeseclassic.com

www.burmeseclassic.com



သွေးကြီးကို အားပေးရမှာဆိုတော့ ဒီနေ့ လန်နေအောင် တန်တယ် စိန်. . .”

“အဲလာ ပြောလာပေါ့ကွ. . .”

စိန်နှင့် သူ၏ခြေလှမ်းများ တက်ကြွနေ၏။

အဓိကပစ်မှတ် ချုပ်,ထိန်ပင်နှင့် သူတို့ ချဉ်းကပ်လမ်းကြောင်းကို မျဉ်းဖြောင့်ယူလိုက်သည်။ ထိန်ပင်ကြီးကို အကာအကွယ်ယူ၍ တစ်ယောက်ချင်း ထိန်ပင်ပေါ် မမြင်ယောက်သည့်အပိုင်းမှ တက်ခဲ့ကြသည်။ ဂျက်ကာနှစ် လင့်စင် ဖြစ်သည်။

“ဟိုက်. . . သေပြီကွာ၊ ခေါ်တ်ထီးနဲ့ ကာထားတယ်ကွ”

“ခဏစောင့်ပါ မြေဖြူရော၊ အပျိုးပဲ ရှိသေးလား၊ ပွဲကြမ်းလာလော့ ထီးဖယ်သွားမှာပေါ့”

ဆေးဘဲဥ ခွာတော့သည်။

“ဟော့ကောင် စိန်၊ ပွဲမကြမ်းခင် မင်းအီးမရမ်းနဲ့နော်”

“ငါ လေအောက်မှာ တမင်နေရာယူထားတယ်လေ. . .”

စိန်၏အတွေ့အကြုံအရ ပြောသောစကားက မှန်သည်။ မကြာခင် ကိုမြတ်သွေး ထီးပိတ်ပြီး ဘေးနား ချထားလိုက်သည်။ နောက်ကျောနှင့် ဘေးဘီကို မြှုထဲကနေ လိုက်ချောင်းနေ၏။ စကားသံပါ ခပ်တိုးတိုး ကြားနေရသည်။ ကိုမြတ်သွေးက အသံသြသည်။

“တွေ့လား အသည်းလေး. . . မောင်တို့ ဝင်လာတာ ဘယ်သူမှ မသိ. . ဘယ်သူမှ မရှိပါဘူးလို့ ပြောတာ ယုံပြီလား”

ဖော့ဦးထုပ်အကြီးကြီးကို ဆောင်းထားဆဲ အသည်းလေးကလည်း ဘေးဘီလိုက်ကြည့်သည်။ အပေါ်မှာ ရန်သူရှိနေသည်ကို လုံးဝ မသိကြ။

“အဟိ. . .”

စိန်က ရယ်သည်။ ခပ်ညှိညှိ ဆေးဘဲဥကို နှစ်လုတ်နှင့် အပြောင်တုတ်နေသည်။ ပြီးမှ သူ့လို အလျှားထိုးမှောက်လိုက်ပြီး လင့်စင်အစပ်ကို မေးစေ့လာတင်သည်။ သူကြည့်နေသော မှန်ပြောင်းကို လက်ကမ်းသည်။

“ဖယ်က ဘယ်သူမှန်း မသိသေးဘူးကွ၊ မျက်နှာက ဦးထုပ်နဲ့ ကွယ်နေတယ်”





“မျက်နှာသိပ်အရေးမကြီးပါဘူးကွာ၊ အဓိက,က အဓိကပါ. . . ဟဲ. . ဟဲ. .”

မကြာခင် ဇာတ်ရှိန်တက်လာသည်။ အာပွားပေးသောအဆင့် ရောက်လာသည်။ အသည်းလေးသည် ပထမ ဟိုရှောင်သည်ရှောင် လုပ်နေသေး၏။ မကြာခင် ငြိမ်သက်၍ ငြိမ်းချမ်းမှု ရသွားပုံရ၏။ ဦးထုပ်တော့ မချွတ်သေး။ ထိုစဉ် လင့်စင်ငြိမ့်ကနဲ ဖြစ်သွားသည်။ ပိုကာတက်လာခြင်း ဖြစ်သည်။ လေသံနှင့်. . .

“ဟဲ. . ဟဲ. . ဂျက်ကာတစ်က သိပ်အမြင်မကြည်လင်ဘူးကွ၊ သုံးလည်း ငါတက်ပြီးပြီ၊ မင်းတို့နှစ်လောက် မမိုက်ဘူး”

“မှန်ပြောင်း ချောင်းချင်ရင် ချောင်းချင်လယ် ပြောပါကွာ၊ နှိုးမှုပဲ”

“အေး. . . ခဏပေးကွာ၊ နက်ဖြန် ကိုမြတ်သွေးကြီးကို အကျပ်ကိုင်ပြီး ကျောင်းဈေးတန်းမှာ မုန့်တွေ အပြတ်တီးပစ်ရမယ်. . . ဟေဟေ့”

ကြုပ်ကြုပ်သပ်သပ်ထဲ အတင်းဝင်မှောက်တော့သည်။ ပိုကာသည် မှန်ပြောင်းနှင့် သည်းသည်းမဲမဲ ချောင်းရင်း ပါးစပ်ကလည်း တတွတ်တွတ် အားပါနေ၏။

“အဲ့ဒီဦးထုပ်ကြီး ချွတ်လိုက်ပါတော့လား လူပျိုသိုးကြီးရ၊ ညဲ့ပါ ဒါမှ လွတ်လွတ်အာပွင့်လို့ ကောင်းမှာဗျ၊ အဲ. . အဲ. . အာပွင့်ထက် အဆင့် မြင့်လာပြီကွ၊ အနာတော်မီပိုင်း စပြီကွ. . . စပြီ”

စိန်က မှန်ပြောင်းပြန်လုသည်။ ပိုကာက ပြန်မပေး. .။

“ကောင်းခန်းလေးကွာ. . . ငါကိုင်တာ မကြာသေးပါဘူး၊ ခဏလေး. . . ဒါမှ ကိုမြတ်သွေးကွ. . . ဟုတ်ပြီ. .”

မှန်ပြောင်းမပါ၊ မျက်စေ့နှင့် ကြည့်နေသော သူတို့နှစ်ယောက်သား ဇာတ်ရှိန်တက်လာနေကြောင်း မြင်နေရသည်။ အသည်းလေး ဦးခေါင်း မော့လန်နေပြီဖြစ်သည်။ ထိုစဉ် အသည်းလေး၏ဦးထုပ်သည် ဖတ်တနဲ ကျွတ်၍ ကျောဘက် ကျသွား၏။

“**ဟာ!!**. . .”

ပိုကာ မှန်ပြောင်းမှ မျက်လုံးကို နောက်ဆုတ်လိုက်ပြီး ဟာတနဲ



www.burmeseclassic.com

www.burmeseclassic.com



ကြက်သေ,သေနေ၏။ သူက ဇတ်ကနဲ မှန်ပြောင်းလှယ်ပြီး လှမ်းကြည့်လိုက်သောအခါ. . .

"ဟာ!!. . "

သူ့ဆီကနေ စိနက မှန်ပြောင်းလှယ်၍ ထိုးစိုက်ကြည့်လိုက်ပြန်သည်။

"ဟာ!!. . . မမတိုး၊ ပိုကာ. . . မင်းအစ်မ. . "

ဝက်ခြံတွေ ပေါက်နေ၍ နဂိုက နီနေသော ပိုကာ့မျက်နှာ ရဲတွတ်တွတ်ကြီး ဖြစ်လာ၏။ တင်ပျဉ်ခွေ ထထိုင်၍ ပုဆိုးနှင့် မျက်နှာကို သုတ်လိုက်ပြီး. . .

"တောက်!. . . ငါထင်တော့ထင်သားကွ၊ မောင်လေး. . . မင်းအောင်ထွန်းတို့အိမ် စာသွားကျက်မယ်ဆို၊ မမ ထမင်းဘူး ပြင်ထားတယ်တဲ့၊ ဘုန်းကြီးပွဲက ကြက်ကြော်နဲ့ ရှယ်လုပ်ထားတာတဲ့၊ ဟိတ်ကောင် စိန. . . မှန်ပြောင်းချထားပါကွာ. . . "

စကားက လေသံနှင့် ပြောရခြင်းဖြစ်၏။

"ဟိတ်ကောင်. . သောက်ရမ်းကောင်းနေပြီကွ၊ ကိုမြတ်သွေးကြီး တော်တော်စွမ်းတယ်၊ ကြိတ်ထား. . . "

ပိုကာတ မှန်ပြောင်းရှေ့ လက်ဝါးသွားကာ၏။ စိနက ရှေ့သို့ တွားတက်ပြီး ပိုကာမမှီရာမှ ထပ်ချောင်း၏။ ပိုကာက အတင်းလိုက်လု၏။ စိနက အီးနှင့် လှမ်းထု၏။

"ဘူ. . . "

"ဟိတ်ကောင်. . . အီးနာ တော်ပါတော့ကွာ. . . ငါ. . ငါ. . ဖင်ထဲက ကျိန်းတိန်းတိန်းဖြစ်နေလို့ပါ၊ နှမလင်နေ မောင်ဖင်ကျိန်းတဲ့ မင်းကြားဖူးသားနဲ့"

"ကြည့်ရခဲ မြင်ရခဲလို့ပါကွာ၊ ဟော. . . ဟော၊ ကိုမြတ်သွေးကြီး လက်ကုန်အစွမ်းပြပြီ၊ မမတိုးလည်း အားပါလာပြီ. . . ကောင်းခန်းစပြီ"

နံလွန်း၍ သူလင့်စင်အောက်နား နည်းနည်းဆုတ်လိုက်၏။ ပိုကာနှင့်စိန မှန်ပြောင်းလုပွဲက တိုးတိုးတိတ်တိတ် သည်းသည်းမဲမဲ ဖြစ်နေ၏။





ထိုစဉ် ဂျက်ကာနှစ်၏ခံနိုင်ရည်ဝန်အားသည် သုံးယောက်သား၏ Loading အားနှင့် မမျှတော့ဘဲ. . .

ဂွတ်. . ဂွတ်. . ဂွတ်. . .

ဝုန်း!!. . .

နီးရာသစ်ခက်သစ်ကိုင်းတွေကို လှမ်းဆွဲလိုက်နိုင်၍ အောက်သို့ dog-fall (ခွေးကျ) ကျမသွားပဲ၊ monkey hang နှင့် တွဲလောင်းလေးတွေ ဖြစ်ကျန်ခဲ့သည်။ ဖြစ်သလို တည်ဆောက်ထားသော ဂျက်ကာနှစ်(လင့်စင်)ကတော့ ဝရုန်းကနဲ ပြည်၍ ကိုမြတ်သွေးနှင့် အသည်းလေး (မမတိုး)ဘေးနား ဝရုန်းသုန်းကား ပြုတ်ကျသွားလေ၏။

"အမေ့. . . ဟာ!. . . ဟင်!. . "

တုန်လှုပ်ချောက်ခြား အရှိန်ပျက်သွားသော အာမေဋိတ်သံများ။

နောက်ဆုံးတော့ မြင့်ဆွေ(ပိုကာ)က ဖင်ကျိန်း၍ အိမ်ပြန်ပြေးသည်။ မမတိုးလည်း လစ်ပြီ။ စိနနှင့်သူက စက်ဘီးအပ်သော လက်ဖက်ရည်ဆိုင်တွင် နှုတ်ပိတ်ခအဖြစ် ကိုမြတ်သွေး၏ တည်ခင်းခြင်းကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ခံယူကြသည်။ စိနက အသားကုန် ကြိတ်၏။ အမုန်းဆွဲ၏။ သူက ပုံမှန်သာ စားသောက်ပြီး. . .

"ကျွန်တော် နက်ဖြန်ကျရင် ကိုမြတ်သွေး ပေးနိုင်တဲ့ အကူအညီ တောင်းမယ်ဗျာ၊ ကျွန်တော့်ဘဝအတွက် အလွန်အရေးကြီးတယ်"

"ဘာပါလိမ့်ကွာ!"

"နက်ဖြန် ကျောင်းစောစောလာဗျာ၊ အဲဒီကျမှ ပြောပြမယ်"

"အမိန့်တော်မြတ်အတိုင်းပါ အာစရိလေးရာ"

ဩော်. . . ကိုမြတ်သွေး ရိုကျိုးနေပုံလေး ပြန်မြင်လာ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကလေး၏ဓါတ်ပုံလေးကို သူငေးကြည့်ရင်း လွမ်းမောတသဖွယ် အတိတ်၏ပြန်မရနိုင်သော အရွယ်နှင့် အရိပ်များ ထင်ဟပ်လာ၏။

ကျောင်းဝင်မှတ်ပုံတင်စာရင်းဖိုင်တွေကို ကိုမြတ်သွေးနှင့် ပြန်လှန်ခဲ့ကြသည်။ တစ်လက်မအရွယ် စူပုတ်ပုတ်ဓါတ်ပုံလေးကို ခွာယူရသည်။ ကျောဘက်၌ပါသော နဂ္ဂတစ်နံပါတ်နှင့် ဓါတ်ပုံဆိုင်တွင် ပုံကူးပြီး ကျောင်းဝင်မှတ်ပုံတင်ထဲ ပြန်ထည့်ကပ်သည်။

မူလပုံလေးကိုတော့ A.4 စက္ကူနှင့် ပင်အပ်တွဲချိတ်ပြီး အပြာရောင်ဖိုင်ထဲ ထည့်သိမ်းခဲ့သည်။ နေ့ပေါင်းများစွာ ညပေါင်းများစွာ တစ်ရေးနိုးပေါင်းများစွာ အကြိမ်ပေါင်း သောင်းဂဏန်းမက အာပွင့်ပေးခဲ့သော ဓါတ်ပုံလေးဖြစ်သည်။

တစ်ခါနမ်း တစ်ထပ် ထင်ကျန်နေမည်ဆိုပါက သူ့ နှာခေါင်းနဲ့ သူ့နှုတ်ခမ်းရာများ အထပ်ထပ် ဖိညှပ်ထုတ်ပိုးထားသော လတ်ဆတ်ဆဲ ဓါတ်ပုံလေး ဖြစ်နေပေရော့မည်။

ခုတော့ ဝါကျန့်ကျန့် ပင်အပ်သံချေးတွေ စိမ့်ပျံ့စွဲကပ်နေခဲ့သည်။ A.4 စက္ကူအသစ်တစ်ရွက်တွင် ပင်အပ်အသစ်နှင့် ပြန်တွယ်ဦးမှ၊ သူ





သံချေးတက် ပင်အပ်လေးကို တုန်ယင်စွာ ဆွဲဖြုတ်သည်။ ဓါတ်ပုံမထိအောင် ကြောင်ကလေး မနာအောင် ဂရုတစိုက် ဆွဲဖြုတ်ရသည်။

“ဖေါက်!!. . .”

ဖောက်ကနဲ ပင်အပ်ဖျားက သူ့ညာဘက်လက်ညှိုးထဲ အရှိန်လွန်ရှဝင်သွားလေသည်။


ဤသည်ပင်လျှင်. . .

ဤ. . သည်. . ပင်. . လျှင်. . .။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၈)

ငယ်စဉ်က မက်ဖူးခဲ့သော အိပ်မက်ကိုပင် ညက ပြန်မက်သည်။ သမာဒေဝတွေပေးသော အပြာရောင်တွေ လိုင်လိုင်ပါသည့် အိပ်မက် ဖြစ်ပါသည်။ လူပျိုအရင့်မာကြီး သူဖြစ်လာသည့်တိုင်အောင်လည်း အိပ်မက်သည် ကြမ်းခန်းရမ်းခန်းတွေ လုံးဝမပါဝင်ခဲ့ပါ။

အပြာရောင် ပုဝါတွေကို လှပစွာ ခြုံသိုင်း၍ စကြဝဠာတံတိုင်းဟု ထင်ရသောအရပ်မှ သူ၏ကြောင်ကလေး ကြင်မြအေး လွင့်မျောလာနေပြန်ပါသည်။

ကမ္ဘာပေါ်၌ မည်သူမျှ မြင်ဖူးမည် မဟုတ်သော ဧရာမ အမြီးအားချပ်ကြီးကို နောက်ခံ ဟင်းလင်းပြင်အပြည့် ချိတ်ဆွဲပြီးမှ အပြာစက်သေးသေးလေးကနေ သူ့ဆီ လွင့်လာနေသော ကြောင်ကလေး ဖြစ်ပါသည်။

နောက်ခံအမြီးကားချပ်ကြီးကလည်း Harry Potter ဇာတ်လမ်းတွဲတွေထဲက ပန်းချီကားတွေလို အရှင်ဖြစ်သည်။

www.burmeseclassic.com



နောက်ခံ ရောမအပြုံးမျိုးစုံနှင့် ရေးသို့ တစ်စတစ်စ လွင့်မျောလာနေသော ပုဝါပြာချို ကြောင်ကလေးသည် ငယ်အိပ်မက်လိုပင် တဖြည်းဖြည်း ထင်ရှားကြီးထွားလာပြီး လင်းလက်တောက်ပဆုံးသောအပြုံးကို အနီးကပ် ပြုံးပြီးမှ ရွှင်းကနဲ သူ့မြင်ကွင်းကို အနီးကပ် ဖြတ်သန်းသည်။

လက်လှမ်းမီရာ အပြာရောင်ပုဝါကို သူဆွဲဖမ်းလိုက်ပြီး. . .

"နေပါဦး. . . ပြုံးပါဦး. . ." ဟု အော်မြည်တမ်းတလိုက်သောအခါ. . . ငယ်အိပ်မက်တုန်းက လှည့်ပင်မကြည့်ဘဲ ကျောပေး ထွက်ခွာသွားသော်လည်း အခုအိပ်မက်ကျတော့. . .

တဖြည်းဖြည်း ပြန်လှည့်လာသည်။ လွင့်မျောနေသော ဆံပင်အုံကြီး လုပ်ခါဖယ်ကျဉ်သွားပြီး နားရွက်ဖျားလေး၊ ပါးကလေး၊ မေးဖျားလေး နှာတံလေး တဖြည်းဖြည်း လည်လာပြီး လည်ပြန်ကြည့်လာသည်။

ဟင်!. . . ကြောင်ကလေးလည်း မဟုတ်ပါလား၊ ကြောင်ကလေးနှင့် ရုတ်တရက်ကြည့်လျှင် ဆင်ဆင်တူသော(အသေအချာ အနီးကပ်ကြည့်တော့ သိပ်မတူသော). . .

ခင်ပွင့်ဖြူ ဖြစ်နေသည်။

ဖြစ်ရလေ. . .

ဘယ်လို အတိတ်နိမိတ်လေလဲ!. . .။

၅ ၅ ၅ ၅





ထိုနံနက်က သူမျက်နှာသစ်ပြီး သတ္တဝါ ဝေနေယျနှင့် ကြင်မြအေးကို အမှုဝေတော့၊ အပြာရောင်လိပ်ပြာလေး ကြေးစည်ကိုင်သောလက်နား လာမဝဲပါ။ သူကလည်း အသံထွက်၍ အမှုဝေနေကျ. . ကို၊ ဒီမနက်မှ စိတ်ထဲကပင် ရွတ်ဆိုမိသည်လေ။ ဒါကို လူဆန်သောစိတ်ဟု ခေါ်မလား၊ ညှော်သည်ကို အားနာသောစိတ်ဟု ခေါ်မလား။

(ဟိုဟိုဒီဒီ ဘာဆင်ခြေမှ မပေးကြေး၊ တည့်တည့်ဝန်ခံကြေးဆို ခင်ပွင့်ဖြူလေး မကြားစေချင်။ အဲ့ဒါပါပဲ)

"အစ်ကိုရေ. . ဘရိတ်ဖတ်(စ်) အဆင်သင့်ဖြစ်ပြီ"

"လာပြီ ညီမလေးပွင့်"

ရောင်းသူဝယ်သူ အသံတူတူဖြစ်သွား၏။ ကိုယ့်မှာလည်း ညီမမှ မရှိတာလေဟု ဖော့၍တွေးသည်။

"ကြက်သွန်ဖြူကြီးတွေ ဆီသတ်ပြီးမှ နနွင်းနည်းနည်း ခတ်တယ် ချေဆီနည်းနည်းထည့်၊ ပဲင်ပြာရည်၊ ဟင်းချိုမှုန့်၊ ဆား၊ သမအောင် နယ်ထားတဲ့ ထမင်းကြမ်း ထည့်ကြော်တယ်၊ ပဲပြုတ်နဲ့ ဝက်အူချောင်း ပါးပါးလှီးထည့်တယ်၊ အပေါ်က အုပ်ထားတာက ဒယ်ပြားနဲ့ အိုးကပ်ကြော်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥကို အမျှင်ပြားဖြစ်အောင် ကတ်ကြေးနဲ့ ခပ်ပါးပါး ညှပ်ထားတာပဲ သား၊ သမီးပွင့်ရဲ့နည်းကို အမေ အသေအချာ ကြည့်ထားတာ. . ”

မေမေရှင်းပြနေစဉ်. . ပွင့်က ငရုတ်ကောင်းမှုန့်နှင့် မဆလာမှုန့်ပုလင်း ချပေးသည်။

“ကြိုက်တတ်ရင် ဖြူးပြီးစားပါ အစ်ကို၊ ဒါက ကြက်သွန်မိတ်”

“ဒီဟမ်ဘာဂါတွေက ဝယ်တာလား!”

မေမေက ရေနွေးကြမ်းငှဲ့ရင်း. . .

“မနက်အစောကြီး ပွင့်ဈေးသွားရင်း ဟမ်ဘာဂါ ပေါင်မုန့် ရလာလို့ ဝက်သားစင်းကောနဲ့ ကိုယ်တိုင်လုပ်ထားတာ သား၊ မေမေ တစ်လုံးစားပြီးပြီ၊ ရန်ကုန်က သားလိုက်ပို့တဲ့ ဆိုင်ထက်တောင် လေးလေးပင်ပင်ရှိသေး. . ”

သူလည်း ဟမ်ဘာဂါ မစားဖြစ်တာ ကြာပြီမို့ ပူပူနွေးနွေးလည်း ရှိနေသမို့ လက်ဖြင့်ပင် ကိုင်ပြီး ပါးစပ်အကျယ်ကြီး ဟ,ပြီး ကိုက်ချလိုက်သည်။ ဝက်သားစင်းကောက နူးအိနေသည်။ ခရင်(မ်)လည်း ပါသည်။ သခွားသီးလည်း ပါသည်။ ခရမ်းချဉ်နှင့် ဆလတ်ရွက်လည်း ပါသည်။

“ဟ. . တော်တော်ကောင်းတာပဲ. . . မေမေက ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်တော့ သားက ရှော့ကီးတောင်တန်း ချီးမွမ်းခန်း ဖွင့်ဖို့ပဲ ကျန်တော့တယ်”

“ကောင်းတယ်လို့ ချီးမွမ်းတော့ စေတနာပါပါနဲ့ လုပ်ကျွေးရတဲ့သူ ပီတိဖြစ်တာပေါ့၊ အစ်ကိုက နိုင်ငံခြားပြန်ဆိုတော့ အကောင်းစား ဥရောပ အစားအစာအစစ်တွေ စားခဲ့ဖူးသားနဲ့၊ ပွင့် အတုလုပ်တဲ့ ဟမ်ဂါဘာ ကောင်းတယ်ပြောတာ အားနာလို့ပါ”

“တစ်ကယ်ကောင်းတာ အမှန်ပါ. . . ”

“ရွှေကျောင်းသူ တောသူ ဘိတ်ရှောက်သီးပဲ ထိုးတတ်သူ. . . တောရွှေကောက်သူ၊ တောစာပဲ လုပ်တတ်သူလို့ ထင်သွားမှာစိုးတာပါ,ပါတယ် အစ်ကိုရဲ့”

သူမ၏ပွင့်လင်းမှု ဝင်လာပြန်ပါချေပြီ။



မေမေကတော့ ကော်ဖီသောက်ရင်း ပြုံးနေသည်။

“မနေ့က နို့ဆီ၊ နို့စိမ်း ဝယ်ဖို့ သားမေ့လာတယ် မေမေ၊ ပွင့် ဘယ်အချိန် ဈေးသွားလိုက်တာလဲ. . . အစ်ကို့ကို နှိုးရောပေါ့၊ အစ်ကို လိုက်ပို့ပေးမှာပေါ့”

သူမက ထမင်းကြော်ကို ပန်းကန်အသေးထဲ ခပ်ထည့်ရင်း. . .

“ပွင့် နှိုးရင်ကောင်းမလားလို့ အိပ်ခန်းဝနား ရောက်လာပါသေးတယ်. . . အမေကြောင့် နှိုးခိုင်းလို့၊ အထဲက ဟောင်ပြီးအော်တဲ့အသံ ကြားလို့ ပြန်လှည့်လာတာ”

သူ့ရင်ထဲ ဝိတိုရိယဘုရင်မ၏ တော်ဝင်ဘင်ခရာတီးဝိုင်းက ရောမဘင်ကြီး ချက်ချင်းထမြည်သွား၏။ ဒိန်း!!. . ။

“အစ်ကို ဘယ်လိုဟောင်သလဲဟင်!. . . ”

“နေပါဦး. . နေပါဦး. . ပြုံးပါဦး. . ပြုံးပါဦး. . နဲ့၊ ဆက်တိုက်အော်နေတာလေ၊ ဘယ်သူနဲ့ အိပ်မက်ထဲ တွေ့နေတာလဲဟင်!”

သူ ဟမ်ဘာဂါပေါ် ခရမ်းချဉ်အရည် ဆမ်းရင်း. . .

“ဟဲ. . ဟဲ. . မိုနာလီဇာနဲ့. . သက်ရှိထင်ရှားကြီး ဘွားကနဲ သွားတွေ့နေလို့. . ”

“သူက အမြဲပြုံးနေတာပဲ အစ်ကိုရ. . ”

“ဒီတစ်ခါ ငိုနေတယ်ကွဲ. . . သနားစရာပဲ. . ”

“ဘာဖြစ်လို့လဲ. . . အစ်ကို”

“လီယိုနာဒိုဒါဗင်ချီက သူ့ကို တစ်သက်လုံး လက်ပိုက်ထားခိုင်းလို့တဲ့”

ခင်ပွင့်ဖြူ သူ့အဖြေကို သဘောကျစွာ ရယ်မောပါလေတော့သည်။ ပန်းချီကျော် ဒါဗင်ချီက လက်ပိုက်၍ ပြုံးနေသောပုံ ဆွဲခဲ့မှန်း ပွင့်သိရင်၏။ ရယ်ရင်း ဟာသဓာတ် ကူးစက်သွားပုံရသည်။

“မနက်က ရုပ်ရှင်ရုံရှေ့က မီနီမားကက် ဖွင့်ဖွင့်ချင်း ရောက်သွားတော့ ပိုင်ရှင်ဖြစ်ပုံရတဲ့ ကုလားချော့ချော့လေးက ဒီအချိန် မဖွင့်သေးဘူးတဲ့ . . . လာနေတာ မြင်လို့ တံခါးဖွင့်ကြည့်တာ. . . အစ်မ . . . န်းဝင်လာ

www.burmeseclassic.com



တော့. . . ကျွန်တော်ပျော်သွားတယ်တဲ့. . ဒီမြို့က မဟုတ်မှန်းလည်း သိတယ်တဲ့”

“ဂန္ဓိသား. . ဂန္ဓိသား. . ဒီကုလား. . သက်သက် ပွင့်ကို ဝင်ကြောင်တာ. .”

“ဟွန်း. . . အစ်ကိုလေးကလည်း မနာလိုဝန်တိုသံကြီးနဲ့. . . ကုလားလေးက ချောချောသန့်သန့်လေး. . ဟင်း. . ဟင်း၊ ဆက်ပြောပါရစေဦး. . ရယ်ရလို့”

သူ့အတွင်းစိတ်အမှန်ကို ‘ထန်’ကနဲ ထိပြီး ပြန်ကန်ထွက်သွားသော စကားလုံးတွေ ဖြစ်ပါသည်။ ဆက်ပြောစရာ ရှိနေ၍သာ တော်တော့သည်။ နို့မို့ မလွယ်။

“ဆိုင်ထဲက ခြင်းတောင်း ကိုယ်တိုင်ကိုင်ပြီး. . . ပွင့်နောက်တောက်လျှောက်လိုက်လာတယ် သိလား၊ ဘယ်မှာ တည်းလဲ. . . ဘယ်မြို့ကလဲ. . . ဘယ်လောက်ကြာမလဲ၊ စုံနေအောင် လိုက်မေးတော့တာပဲ၊ ပစ္စည်းရွေးရင်း. . ပွင့်က. . .

“မောင်လေး. . မင်းကို မမ တစ်ခုပြောပြမယ်”

“အများကြီး ပြောပါ မမ”

“တစ်နေ့. . မင်းလိုဆိုင်မျိုးထဲကို ခပ်ချောချော၊ ခပ်လန်းလန်းကောင်မလေးတစ်ယောက် ဝင်လာတယ်”

“မမလိုပေါ့နော့. . ဘာလာဝယ်တာလဲ. . သူက”

“အကျီမှာ တပ်ဖို့ ဖဲကြိုးလာဝယ်တာ၊ တစ်ကိုက်ဘယ်လောက်လဲ မေးတော့. . . တစ်ကိုက်ကို One kiss တဲ့. . . မင်းလိုပဲ ကောင်တာစာရေးက ဖြေတယ်၊ ဟယ်. . . ဒါဆို ဆယ်ကိုက်ပေးပါပေ့၊ ကောင်လေး ပျော်သွားတယ်၊ ဝမ်းသာအားရ ထုပ်ပိုးပေးလိုက်ပြီး ဘီလ်ရှင်းမယ်တဲ့ အဲဒီအချိန်မှာပဲ ကောင်မလေး ဘေးမှာ အဘိုးကြီးတစ်ယောက် လာရပ်တယ်”

“ကျွန်မအဖိုး ဘီလ်ရှင်းပါလိမ့်မယ်” တဲ့. . .။

“ကုလားလေး ပထမ သဘောမပေါက်ဘူး အစ်ကိုရေ၊ နောက်မှ ခွက်ထိုးခွက်လန် ရယ်လိုက်တာလေ. . . မမ ကျွန်တော့်ကို ဆော်တာ ပညာပါတယ်ဗျာ. . တဲ့၊ မမ ဘီလ်ကော ဘယ်သူလာရှင်းမှာလဲတဲ့၊ ငါ့အဖိုးက မင့်အဖေထက် မုတ်ဆိတ်ပိုရှည်တယ်လို့ ပြောပစ်ခဲ့ရတယ်”





မေမေရော သူပါ အားရအောင် ရယ်ဖြစ်ကြသည်။

“သမီးပွင့်က ကိုယ့်ကိုယ်ကို ကာကွယ်တတ်သားပဲကွဲ. . .”

သူ ဘာမှဝင်မပြောသေးဘဲ ရယ်၍သာ နေလိုက်သည်။

“ဘီလ်ရှင်းတော့ 20% Discount ပေးပါတယ်၊ မိတ်ခေါ်တာပေါ့”

“ကြောင်တာကွ. . .”

သူ သုံးခွန်းဝင်ပြောမိသည်။

“ဘာမှမပဲ့ပါဘဲ 20% လျှော့ယူတာလေ၊ ကြောင်ပါစေ အစ်ကိုရာ၊ ပွင့်က မင်းတို့ဆိုင် ပစ္စည်းမစုံဘူး၊ လိုချင်တာ မရဘူးလို့ ညည်းတော့ ဗျာယာခတ်သွားပြီး. . မမလိုချင်တာ ရေးပေးခဲ့ပါတဲ့. . . နက်ဖြန် ဆိုင်ပေါ် ရောက်နေရပါစေ့မယ်တဲ့. . . ပွင့် အင်္ဂလိပ်လို ရေးပေးခဲ့တယ်. .”

“ဘာရေးခဲ့သလဲ သမီး. . . သမီးဘာလိုချင်တာလဲ!. .”

“ဝက်အူချောင်းနဲ့ ဝက်ပေါင်ခြောက်”

မေမေက ရယ်သော်လည်း သူလိုက်မရယ်ဘဲ ခပ်တည်တည်ကြီးပြောချလိုက်မိသည်။


“နောက်ကို တစ်ယောက်တည်း မသွားနဲ့၊ ငါလိုက်ပို့မယ်”

လေသံက မာဆတ်နေ၍ ပွင့်က မေမေ့ကို မျက်လုံးပြူးပြီး မျက်ခုံးပင့်ပြသည်။ ထိုစဉ်တွင်ပင် သူ့လက်ညှိုးထိပ်ကလေးက စစ်ကနဲ စတင်သတင်းပို့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၇)

ခင်ပွင့်ဖြူ စေးသွားသည်။ သူသိချင်နေတာ ကြာပြီဖြစ်သော မေးခွန်းတွေ ရှိနေ၏။ ဘုရားညောင်ရေအိုး ဆေးကြောနေသော မေမေ့ရှိရာ ရေကပြင်တံခါးဝ၌ သူထိုင်ချလိုက်သည်။

"မေမေနဲ့ ခင်ပွင့်ဖြူက ဘယ်လို စ,သိတာလဲဟင်!. . ."

"အင်း. . . မေးဖော်မြန်းဖော် ရလာမှကိုး. ."

မေမေ့စကားကြောင့် သူအနည်းငယ် ရှက်သွားသော်လည်း. . . မှတ်ရှက်နှင့်ပင် ဆက်ရသည်။

"သား သိထားသင့်တယ် ထင်လို့ပါ၊ မေမေ့ကို တော်တော်ရိုသေတာလည်း မြင်နေရတယ်လေ"

"လူလိမ္မာသားယဉ်ပါးဆိုတဲ့ စကားပေါ့ကွဲ. . . သူ့မေမေ တင်တင်ဖြူနဲ့မေမေက အရင်ခင်မင်မိကြတာလေ၊ လွန်ခဲ့တဲ့လေးနှစ်လောက်က ဒီကရိပ်သာမှာ သီတဂူဆရာတော် တရားပွဲနဲ့ တရားစခန်းဖွင့်တယ်လေ. . တင်တင်က ဆရာတော်ရဲ့တပည့်ရင်းတွေလေ. . . ဆရာတော်ရဲ့ပစ္စည်းလေးပါး ဒါယကာမပေါ့၊ ရွှေကျင်ကနေ ဒီမှာ တရားစခန်း

www.burmeseclassic.com

www.burmeseclassic.com



လာဝင်ရင်း အိပ်ဆောင်မှာ မေမေနဲ့ တစ်ခန်းထဲ ကျတယ်လေ၊ မေမေနဲ့ ဘယ်လို ပဋ္ဌာန်းဆက် ပါလဲတော့ မသိဘူး. . . မြင်မြင်ချင်း ညီအစ်မ အရင်းလို ခင်မင်သွားကြတယ်. . "

မေမေ ကမ်းပေးသော ညောင်ရေအိုးတွေ လှမ်းယူရင်း. . .

"စားပွဲပေါ် တင်ထား သား၊ ပွင့် ဘုရားပန်း ဝယ်လာလိမ့်မယ်"

"ဟုတ်ကဲ့. . . "

မေမေက သောက်ရေခွက်တွေ သန့်စင်ရင်း ဆက်ပြောသည်။

"မေမေ့ထက် တင်တင်က လပိုင်းငယ်ပေမယ့် တင်တင့်ကို မေမေ ကြည်ညိုသွားတယ်. . . သီလပြည့်တာကိုး၊ တရားစခန်း သိမ်းတော့ ဒီအိမ်မှာ နှစ်ပတ်နေသွားသေးတယ်၊ အပြန်မှာ မေမေ့ကို အတင်းခေါ်တယ်လေ၊ မေမေကလည်း ရွှေကျင်မရောက်ဖူးတော့ ပါသွားတာပေါ့၊ အဲဒီမှာ သမီး တစ်ယောက် ကောက်ရတော့တာပဲ. . . "

သောက်တော်ရေခွက်တွေနှင့် ငွေလင်ပန်းကို သူ မေမေ့လက်က လှမ်းယူရင်း စားပွဲပေါ် တင်သည်။

မေမေပါ ထမင်းစား စားပွဲတွင် ဝင်ထိုင်သည်။

"ထူးဆန်းတာက မေမေ့မှာ သားရှိတာ တင်တင်သိပေမယ့် သားရေးသမီးရေးအကြောင်းကို တင်တင်က တစ်ခွန်းမှ မပြောတာပဲကွဲ့၊ သူ့မှာ ဒီလောက်လှတဲ့ ဒီလောက်လိမ္မာတဲ့ သမီးတစ်ယောက် ရှိတယ်ဆိုတာ သူ့အိမ်ရောက်မှပဲ မေမေ သိခွင့်မြင်ခွင့်ရတာလေ. . . ပွင့်ကလည်း မေမေ့ကို သူ့ရဲ့ဒုတိယ မေမေပါပဲတဲ့၊ လိုလေသေး မရှိအောင် ပြုစုတယ်၊ အိပ်ခါနီး ရေနွေးနဲ့ ခြေထောက်ပါ ဆေးပေးတယ်"

"ဟာဟ. . သားတောင် တစ်ခါမှ မလုပ်ပေးဖူးဘူးနော်၊ ဒီညစ,လုပ်မယ် မေမေ"

"တော်ပါ ကိုလိမ္မာရယ်၊ သမီးက ရောက်ကတည်းက လုပ်ပေးနေကျပါ"

သူ မေမေ့ကို ရေခဲရေတစ်ခွက် ထည့်ပေးရင်း. . .

"ပွင့်မှာ ဟို. . ဟို. . ဘယ်လိုပြောမလဲ. . မေမေရာ. . "





ရေတဝက်သောက်ပြီး ပြန်ချရင်း မေမေပြုံးသည်။

"ဘယ်လိုမှ မပြောနဲ့. . . ရည်စားသနာ ရှိမရှိ သိချင်တာ မဟုတ်လား!"

"အ. . ဟဲ"

"ပွင့်မှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး၊ စိတ်ထဲ ရှိတဲ့အတိုင်း ပြောတယ်. . . နေတယ်၊ သူ့သူငယ်ချင်း ငယ်ချစ်တစ်ယောက် ရှိတယ် အညိုရောင်နယ်မြေဆိုတော့ တောခိုသွားတယ်၊ တောထဲမှာပဲ ကျသွားတယ်၊ ငါးနှစ်လောက် ရှိမလားပဲ၊ ပွင့်လည်း တရားနဲ့ ဖြေပါတယ်တဲ့"

"ဒီလောက်လှတာပဲ. . . ပိုးပန်းသူတွေတော့ ရှိမှာပေါ့ မေမေရ"

"ရွှေသူဌေးတွေ တစ်ပုံကြီး၊ ခေါင်းခေါက်ယူမယ်ဆိုရင်တောင် ရွှေတောင်ဦးဘုရားကနေ ဘုရားကြီးဘုရားထိ တန်းစီကြလိမ့်မယ်၊ ပွင့်က သီလရှင်ဝတ်မှာလို့ပဲ ပြောပြောလွှတ်တယ်"

"တကယ်ကော သူ သီလရှင် ဝတ်မှာလားဟင်!. . . မေမေ ဘယ်လိုထင်သလဲ!. . . "

မေမေ သူ့ကို ပြုံးရွှဲကြည့်နေသဖြင့် သူရှက်ပြီး ရေခွက်လက်ကျန်ကို ကောက်မော့သည်။

"မေမေ့အမြင်ကို သားသိချင်တာပါ"

"မပြောနိုင်ပါဘူးကွာ. . . လူဟာ. . သူ့ပါရမီနဲ့သူ ဖြစ်တည်လာကြတာပါ၊ ဘာမှ မြဲတဲ့သဘော မရှိပါဘူး"

"သားအပေါ်မှာကော သူ့အမြင် ဘယ်လိုရှိသလဲ!. . . မေမေ"

"ဥစ္စာရင်လို ဥစ္စာရင်ခဲ့တဲ့၊ သားဟာသား မေးကြည့်ပေါ့၊ ဒါပေမယ့်. . . အိမ်အလည်လာတုန်းကြီး"

"ဟာ. . မေမေကလည်း၊ သား အဲ့သလောက်တော့ သိပါတယ်ဗျ ပြီးတော့ သားမှာ ကြင်မြဲအေးတစ်ယောက်လုံး ရှိနေပြီးသားပါ"

"ဟင်း. . ဟင်း၊ မုန့်ဆီကြော်က ဘယ်နေမှန်း မသိဘူး၊ ငါ့သားက နှုတ်ခမ်းအနာနဲ့ တည့်မတည့် စဉ်းစားနေတာကိုး"

ခင်ပွင့်ဖြူ ဈေးခြင်းနှင့် တက်လာ၍ စကားစ ပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်ရခြင်းပါ။

"ဘာတွေရသလဲ သမီး!"

"မှိုခြောက်ပန်းခြောက်နဲ့ ဘဲပေါင်းမယ်၊ ယိုးဒယားဟင်းချို ချက်မယ်၊ ကိုက်လန်နဲ့ ဝက်ပေါင်ခြောက် ကြော်မယ်၊ ဝက်အူချောင်းလည်း ရတယ်၊ ရော့. . . အမေကြောင်၊ သစ္စာပန်းတွေ လှလိုက်တာ"

"နေပါဦး. . . ဝက်အူချောင်းနဲ့ ဝက်ပေါင်ခြောက်က ဘယ်ဆိုင်က ရတာလဲ"

အူတိုသောအမေးမှန်း သိသာနေသည်လေ. . .။

"အစ်ကိုက တစ်ပေလောက် လျှော့နေပြန်ပါပြီ"

"မေးတာကို မဖြေဘူး. . . ဘာကို တစ်ပေလျှော့တာလဲ!. ."

"နှစ်ဆယ့်တစ်ပေပဲ ရှိလိမ့်မယ်လို့ ပြောတာ အစ်ကိုရေ. ."

"ရွှေကျင်သူ. . . ဝေ့လည်ချောင်ပတ် လုပ်မနေနဲ့ အဲ့ဒီဂန္ထိသားက ကျားမှ အစုံစားကျားကွ. . ."

"ဝေ့လည်ချောင်ပတ် ပြောနေတာ မဟုတ်ပါဘူးရှင်. . . တည့်တည့်ပြောနေတာပါ။ လူမှာ အူအရှည်ဟာ (၂၂)ပေရှိတယ်တဲ့၊ အစ်ကို အူတိုနေတာကို ပြောတာလေ၊ ကျွန်မ ဈေးထိပ်မှာ ဟိုနေ့က ရှေ့နေ ဦးမြင့်ဆွေနဲ့ တွေ့လို့. . ဝက်ပေါင်ခြောက် ဘယ်မှာ ရနိုင်လဲ မေးကြည့်တော့ သူက အစ်ကို့သူငယ်ချင်း စိနဆိုင်ကို ခေါ်သွားပြီး စိန ဦးကျင်ဟုတ်နဲ့ မိတ်ဆက်ပေးတယ်၊ အဲ့ဒီက ဝယ်လာတာ၊ ဝက်အူချောင်းက အမေကြောင့်ကို ကန်တော့လိုက်တာ. . ."

"ဩ. . ဩ. . တော်သေးတာပေါ့၊ ဒီကောင်တွေ ဘာပြောသေးလဲ!"

"စိနက. . . မြင့်မြင့်ချင်း ကြင်မြအေး အောက်မေ့လို့တဲ့. . . ကြင်မြအေးဆိုတာ ဘယ်သူလဲဟင်!"

သူကုလားထိုင်မှ ထရင်း. . .

"ငယ်ငယ်တုန်းက. . ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်ပါ"





"ဒုတ်!. . . ဝုန်း!!. . ."

ပြောပြီးလှည့်အထွက် ကုလားထိုင်နှင့် ခလုတ်တိုက်၍ ဝုန်းကနဲ ကုလားထိုင် လဲကျန်ခဲ့လေသည်။ တိုက်တုန်းပါလား ကြောင်ကလေးရေ. .

"ညနေ သူတို့နှစ်ယောက် လာခေါ်မယ်တဲ့ အစ်ကိုရေ"

"အေး. . ."

လက်ညှိုးထိပ်က စစ်ကနဲဖြစ်ပြီး ချက်ချင်းပြန်ပျောက်သွားပြန်သည်။

၅ ၅ ၅ ၅

ဒီပြ မှာ ညှော်သည်ရှုပ်တယ်ကွာ၊ လွတ်လွတ်လပ်လပ် အားရ ဝါးရ စကားပြောရအောင် TOP ONE Beer Pub သွားကြမယ်ဟု စိနက ပြောသည်။ ပဒေသာရပ်ကွက်ဘက်သို့ သူ့ Surf ကားနှင့်ပင် သုံးယောက်သား ထွက်လာကြသည်။

"မင်းကားက ငါ့ကားထက်တောင် မော်ဒယ်လ်မြင့်သေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် တိုနေတာ တားမပါဘဲ ကုန်းကြောင်းလာတာ အံ့ပါ့ကွာ"

"ငယ်ငယ်က လမ်းလျှောက်လာတဲ့ မြို့လေးပဲကွာ၊ ပကာသနထက် ငယ်ဘဝ ပြန်လိုချင်တာနဲ့. . ."

"မြေဖြူက ငယ်ငယ်တည်းက ကျာနယ်ကျော် ဦးချစ်မောင်ကို အားကျပြီး. . . ဟာသသရုပ်ဆောင် သန်းနွဲ့စရိုက်နဲ့ နေတဲ့ကောင်လေကွာ၊ ဟော့ကောင်. . . မှန်ခဏချကွာ၊ ငါကွမ်းတံတွေးထွေးမလို့"

ပိုကာ ကွမ်းသွေးထွေးပြီး ဆက်ပြောသည်။

"မင်းဖတ်ခိုင်းလို့ 'သူလိုလူ' ကို ငါတို့နှစ်ယောက် ဖတ်ရတာလေ၊ ကြိုက်တယ်ကွာ၊ ဦးလေး ဟိုနားကို ထီးကြဲလိုက်ပါရစေဆိုပြီး ထီးကြဲလိုက်ရင်း သူ့တိုက်ပုံအိတ်ထဲကို ခါးပိုက်နှိုက်တာလေ. . .

သူအစိုခံပြီး ခါးပိုက်နှိုက် လုံအောင် ထီးဆောင်းပေးပုံ၊ ဟင်း. . . ဟင်း. . ခါးပိုက်နှိုက်မှန်း သိသိကြီးနဲ့ အနှိုက်ရလွယ်အောင် ကြွပေးရင်း. . သူကပဲ အားနာနေသေးတာ. . . အိတ်ထဲ ငါးမတ်ပဲ ထည့်လာမိလို့တဲ့"

"အေးကွာ. . . တို့နိုင်ငံမှာ လူတော်တွေ ငယ်ငယ်ရွယ်ရွယ်နဲ့ သေကုန်ကြတာ၊ (၃၂)နှစ်နဲ့ သေတာ အလွန်နှမြောစရာကောင်းတယ်. . . တိုင်းပြည်ကြမ္မာပေါ့"

စိနက တရုတ်သာ ဆိုသည်။ တိုင်းပြည်ချစ်စိတ်က တော်ရုံမြန်မာ မမီ။ ကျောင်းဆောက် ဆေးရုံဆောက် ရက်ရောသည်။ စာကြည့်တိုက်လည်း အခမဲ့ ထူထောင်ထားသည်။ စိနကပင် ဆက်ပြောသည်။

"ငါတို့ စာဖတ်ဖြစ်အောင် လုပ်ပေးတာ ခုမှ မင်းကို ကျေးဇူးတင်ရမှန်းသိတာ မြေဖြူ။ ပိုကာ ခုနပြောလို့ မင်းသဘောကျတဲ့ သန်းနွဲ့ကွာ. . ဟား. . ဟား. . ကောက်ရိုးတွေ နယ်ခန်းလေ၊ သောက်ရမ်းဟားရတယ်ကွ ဟော့ကောင် မြေဖြူ. . . ကားက လမ်းအောက်ဆင်းနေပြီဟ. . ဟ. . "

ဝုန်း!. . ဒုန်း!. . ကျွီး!. . .

ပိုကာက. . .

"ဟား. . . ကျောက်တုံးကြီး တက်ကြိတ်ပြီ ဟော့ကောင်"

သူ ဘက်ဂီယာ ထည့်ပြီး နောက်ပြန်ဆုတ်သည်။ ဝုန်းကနဲ မြောက်





၍ ကျောက်တုံးကြီးကို နောက်ပြန်ကျော်တက်ပြီးမှ ပြန်ပြီး လမ်းပေါ် ရောက်သည်။

"ဘယ်လိုဖြစ်တာတုန်း မြေဖြူရာ"

"အခုန ဖြတ်သွားတာ ကြွင်မြဲအေးကားလေ၊ သူကိုယ်တိုင် မောင်းလာတာ၊ ဘဲကြီးက နောက်ခန်းမှာ. . . ငါ လမ်းပေးတာ များပြီး အောက်ထဲ ကျသွားတာ"

ပိုကာက ဖြစ်ရမယ်လေဟု ရေရွတ်သည်။ စိနက ဆဲသည်။ လန်ကြောက်ပဲကွာတဲ့။ သူ့စိတ်တွင်းတစ်နေရာက အသံထွက်လာသည်။

ကားတောင် ခလုတ်တိုက်ဆဲပါလား ကြောင်ကလေးရေ. . .

"လူကိုယ်တိုင် ဆင်းလာရင် ငါတို့ကို အစီစီထိ ဆွဲချသွားနိုင်တယ် စိနရေ"

ဘီယာဆိုင်ထဲ ရောက်မှ ဘီယာဘဲကင် မှာပြီး စိနက စကားဆက်သည်။

"မင်းလိုက်ပြလို့ အဲ့ဒီကား ငါတို့ကြည့်ပြီး အူနှိပ်ရယ်ရတာလေ၊ နွားစာခွက်ထဲ ကောက်ရိုးတွေနဲ့ နှမ်းဖတ် ဖွဲနု၊ ထမင်းရည်ပါ ထည့်နယ်နေတာလေ၊ နွားကြီးတွေ ခေါင်းထိုးဝင်လာတော့. . ဟော့ကောင်တွေ. . . မပြီးသေးဘူး၊ မငမ်းနဲ့. . . နေဦးဆို. . . ဒီမှာ ကောင်းအောင်လုပ်ပေးနေတာ၊ ကြွေးမှာ. . ဘာညာနဲ့. . လူကို ပြောသလို အသေအချာ ရှင်းပြနေတာလေ၊ အောင်မယ်. . နွားတွေကလည်း ပြန်ပြန်လှည့်ထွက်သွားတယ်လေ. . . သူနဲ့ ဆွေမျိုးအရင်းတွေလိုပဲလေ. . .

နောက်ဆုံး အားရအောင် နယ်ဖတ်ပြီးမှ သူ့ပါးစပ်ထဲ ကောက်ထည့်ပြီး ဝါးတော့တာလေ. . ဟား. . . ဟား. . . ဟား. . .၊ အင်း. . . ကောင်းတယ်၊ ခေါင်းတွောင် ညိတ်လိုက်သေးတယ်. . . ဟား. . ဟား။ ပြီးမှ ဟော့ကောင်တွေ လာစားတော့၊ ရပြီတဲ့. . ဟား ဟား. . ဟား. . "

ပြောရင်း မျက်နှာတွေ နီလာအောင် ငယ်ငယ်ကလို စိန ရယ်ပါလေတော့သည်။ ဩော်. . . ပေါ့ပါးလွတ်လပ်သော သူငယ်ချင်းတွေနှင့် ငယ်ဘဝ ခဏပြန်ရပြန်၏။ သူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခါတလေမှ သောက်တာ၊ ဒီနေ့တော့ သောက်ကို သောက်ချင်နေတာ၊ ကဲ. . . ချီးယားစ်"

ဖန်ခွက်တွေ မြည်သံနှင့် ဖွင့်လှစ်လိုက်၏။ ထိုမြည်သံပင် အူမြူးဖွယ်ကောင်းနေသည်။ ဘဲကင်က သိပ်မကောင်း၊ မနက်က စားသော ဘဲပေါင်းကို ဖျတ်ကနဲ သတိရသည်။ ငယ်ပေါင်းတွေ ဆုံရင် ငါးပါး သီလထဲက တစ်ပါးတော့ ကျိုးမှာပဲဟု အိမ်က အထွက်၌ပြောသော ခင်ပွင့်ဖြူကိုပါ ဘဲပေါင်းနှင့် တွဲ၍သတိရကာနေ၏။ ဝင်ခါစ၌ ဇရက်မင်း စည်းစိမ်တဲ့ စ,ဝင်လာနေပြီ။ စကားအင်မတန် ပြောချင်လာကြသည်။ သူကပင် စတင်သည်။

"မင်းမှတ်မိသေးလား. . . ပိုကာ!၊ ရွှေမန်းဆန်းဝင်းရဲ့ အို. . . ဒေဝဋ္ဌရာလေ. . ."

"ငါ ဖင်ကျိန်းတဲ့ကိစ္စ မမှတ်မိဘဲ ဘယ်နေမလဲကွ"

သုံးယောက်စလုံး ဝုန်းကနဲ မမြည်ဘဲ ပိုကာတို့အိမ်ရှေ့ လမ်းတစ်ဘက်က အုတ်ပေါင်နှင့် လုပ်ထားသော မီးသတ်ကန်ပေါ် ပြန်ရောက်သွားကြသည်။ သူက ဂီတာတီးနေသည်။ ပိုကာနှင့်စိန်က မီးဖို၍ ပြောင်းဖူး ဖုတ်နေကြသည်။ ထန်းမြစ်တွေလည်း ပါသည်။





ပိုကာတို့အိမ်က ရေနံဆီရောင်းသည်။ ဆိုင်က အိမ်ရှေ့ခန်းတွင်ပင် ဖွင့်ထားခြင်းဖြစ်သည်။ ဆိုင်ကို ခေါက်တံခါးရွက်များနှင့် ဖွင့်ပိတ်ပြီးမှ အိမ်ထဲ ဝင်လို့ရသည်။

တက္ကသိုလ်ကျောင်းသူ မမတိုးကို လာရိုက်သူ များလွန်း၍ ပိုကာ့အဖေ ဦးကြွယ်နှင့် ဒေါ်တင်မေသည် (ပိုကာမရှိလျှင်) သူတို့လင်မယား အပြင်ထွက်လျှင် သမီးကို စိတ်ချရအောင် ခေါက်တံခါးတွေ ပိတ်ပြီး အပြင်က သော့ခတ်သွားလေ့ရှိသည်။

ထိုညက. . . သူကပင် ဇာတ်ညွှန်းရေးခြင်းဖြစ်သည်။

ဦးကြွယ်နှင့်ဒေါ်တင်မေကို မေမေက လက်ဖက်ရည်သောက်ကြွပါရန်ဟု သူပင် ဖိတ်ကြားသည်။ မေမေ့ကိုတော့ ဦးကြွယ်နှင့် ဒေါ်တင်မေက အလည်မလာတာ ကြာပြီမို့ သူတို့ပင် လာမည်ဖြစ်ကြောင်း ပြောခဲ့သည်။

မေမေနှင့် သူတို့လင်မယား ဓမ္မဆွေးနွေးလျှင် ကြာတတ်မှန်း သူသိသည်။ အဓိက ဇာတ်ဝင်ခန်းမှာ ရေနံဆီဆိုင်ထဲတွင် နောက်ဖေးပေါက်မှ ဝင်လာသော ကိုမြတ်သွေးနှင့် မမတိုးတို့ ချိန်းတွေ့နေသည်လေ။

ဦးကြွယ်နှင့်ဒေါ်တင်မေ ပြန်လာတာ မြင်လျှင် အထဲကို အချက်ပေးရန်မှာ. . .

"အို. . ဒေဝဋ္ဌရာ. . . ဆွေနတ်ကညာ လှတကာတို့. . . ပေါင်းဘာစုဝေး. . . ဟေး. . ဟေး. ." သီချင်းဖြစ်သည်။ သူက အသံတုန်းသွပ်ချိန်မို့. . ရွှေမန်းဆန်းဝင်းလို အာလုပ်သံနှင့် အပီအော်နိုင်သူဖြစ်သည်။ အိုဒေဝဋ္ဌရာဆို. . ကိုမြတ်သွေးရေ နောက်ဖေး ပိန်းတောထဲက ပြေးပေတော့ပေါ့. . ။ ဖြစ်ချင်တော့. . .

ဆေးမင်ကြောင်တွေ တစ်ကိုယ်လုံး ထိုးထားသော ထောင်ထွက်ကိုထွန်းလင်းကြီးက ပြောင်းဖူးဖုတ် တောင်းစားရင်း ဆေးလိပ်တစ်လိပ် ဆေးသွားသည်။

"ဂီတာတီးလို့ကောင်းတယ်၊ သီချင်းဆိုလို့ ပိုကောင်းတယ်"ဟု ပြောသွားသေးသည်။ သုံးယောက်လုံး ဆေးလိပ်ခိုးသောက်တတ်စပြီ



www.burmeseclassic.com

www.burmeseclassic.com



'ချောင်း'လှည့်ချရင်း ဂီတာတီးလိုက် ထန်းမြစ်မီးဖုတ် အုပ်လိုက်နှင့် အတော့်တို ဟုတ်နေကြသည်။ ရီတီတီ ဝေတေတေနှင့် အူတွေလည်း မြူးလာနေကြသည်။ သူက အူမြူးရှိန်နှင့် အထဲက အတွဲကို 'ငါနည်းနည်း စမ်းကြည့်မယ်ကွာ' ဟု တိုင်ပင်လိုက်သော်လည်း ပြောပြီးပြီးချင်းပင်. . .

အို. . . ဒေဝစ္ဆရာဟု အာလုပ်သံနှင့် ထအော်လိုက်မိသည်။

မင်းသားဆန်းဝင်းအသံ. . .

ဝုန်း!. . ဂ!. . လုံး!. . ဂွမ်း!. .

ဆိုင်ထဲက ရေနံဆီ ထည့်သော လေးထောင့်သံပုံးတွေ ဖျို့လဲပုံ့ကြသံကြီး ပေါ်လာ၏။

"စမ်းတာ. . စမ်းတာ. . ရီဟာဇယ် လုပ်ကြည့်တာ၊ နေမြဲ. . . ဆက်လုပ်. . ."

"ဟေ့ကောင် မြေဖြူ အိမ်ထဲက အခြေအနေကို ငါမေ့ထားတာကွ မင်းသတိရအောင် မလုပ်နဲ့ကွာ"

ပိုကာ၏ဖင်ကျိန်းသံဖြစ်သည်။ ကိုမြတ်သွေးလက်သံကိုလည်း မျက်ဝါးထင်ထင် သူမြင်ဖူးထားသည်လေ။ ဒီကိစ္စဖြစ်မြောက်အောင် သူက ပိုကာကို မနည်းစည်းရုံးခဲ့ရသည်လေ။

"မင်းလည်း ကိုမြတ်သွေးညီမ ခင်စန်းဦးကို ရအောင် ပြန်ပိုးပေါ့ကွ"

ဟု မြှောက်ပေးပြီး ရည်းစားစာပါ ရေးပေးခဲ့ရသည်လေ။ အခြေပေးရန်ပင် ရက်သတ်မှတ်ပြီးပြီလေ။ အိမ်ထဲက အခြေအနေ ပြန်လည်ငြိမ်သက်သွားပြန်၏။ နေမြဲ. . ။

ကျေးဇူးရှင် ကိုထွန်းလင်းကြီး၏ဆေးပေါ့လိပ် ဖင်စီခံ လောင်သောအခါ လမ်းမီးပွင့်တွေသည် စိန်တွေလို အရောင်တွေ ဖြာနေပြီး ဖိတ်ဖိတ်လက်လို့. . . ။

ထိုင်နေသောကန်ပေါင်သည် အုတ်နှင့်အင်္ဂတေနှင့် တည်ဆောက်ထားသည် မထင်တော့၊ တိမ်တွေနှင့် တည်ဆောက်ထားသလို ထင်သည်။ ပွပွရွရွ အိညက်လာ၏။





လောကသည် လှပစွာ ညွတ်ကျလာပြီး သူတီးသမျှ ဆိုသမျှ ယိမ်းထိုး၍ လိုက်က,နေတော့၏။ စိုးပိုင်၏ နေခြည်ထိပ်ထားကို အကောင်အထည်နှင့် ကွင်းကွင်းကွက်ကွက် မြင်နေရပြီ။ ပိုကာက ကန်ပေါင်ပေါ် ကျောခင်းရင်း စည်းလိုက်နေ၏။

စိနက မီးပုံဘေး မြေကြီးပေါ် ခြေဆင်းရင်း ကန်ပေါင်ကို မှီ၍ကျိုးနေ၏။ ကျိုးရင်းမှ ထိပ်ထားသိပါစေကို လက်ခွဲသံကြီးနှင့် ဟာမိုနီ လိုက်နေ၏။

ထိုစဉ်တွင် မိုးကြိုးပစ်လိုက်သလား ထင်ရသော အသံပါးပါးလေးကို သူ့ဂီတာနားက ကြားဖြစ်အောင် ကြားလိုက်ရသည်။

ပါးပါးလေးပါ။

"ဂျလောက်!!. . . ဂျလက်!!. . ."

သူဂီတာတီးနေတာ ထိုးရပ်ပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟာ!!. ."

သူ့မျက်စိပွင့်လာသည်။ ဦးကြွယ်နှင့်ဒေါ်တင်မေ သော့ဖွင့်နေပြီ။ မျက်လုံးပြူးကြီးနှင့် သူ ထ,အော်လိုက်မိသည်။ ရွှေမန်းဆန်းဝင်းအသံ၊ ဆန်းဝင်းဌာန်၊ ဆန်းဝင်းသံစဉ် လုံးဝမပါသော တုန်တုန်ရင်ရင် အလန့်တကြား အသံကျယ်ကြီး ညဉ့်ယံကို ကန်ထွက်လာသည်။

"ဒေဝစ္ဆရာဟေ့. . ဒေဝစ္ဆရာဟ. . . ဒေဝစ္ဆရာအစစ်ဗျို့. . . အမှန်အကန် ဒေဝစ္ဆရာမှဒေဝစ္ဆရာ. . ရေကိုမရောတာဗျို့"

ဝုန်း!. . ဂလုံး!!. . ဂွမ်း!. . ခွမ်း!!. . ဖွမ်း!. . ဝရောင်း!. .

ဝရုန်းသုန်းကား မြည်သံစွဲတွေ စုံသွားသောည။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



“ဟား.. ဟား.. ဟား... အဲဒီညက ရေနံဆီတိုင်ကီ ပေါက်သွားတာ ဟော့ကောင်ရဲ့.. ကိုမြတ်သွေးအဖေက လာလျှော်တယ်”

ပိုကာ ရယ်နိုင်မောနိုင်လေပြီ။ ကိုမြတ်သွေးနှင့်မမတိုးကို ထိုကိစ္စကြောင့်ပင် ပေးစားလိုက်ရသည်။ အခု ကိုမြတ်သွေးက သဘော်အရာရှိဖြစ်ပြီး သားသမီးတွေပင် အရွယ်ရောက်နေကြပြီ။ မမတိုးကလည်း ဇာတ်ညွှန်းရေးသော မြားနတ်မောင် သူ့ကို... ကျေးဇူးတွေ တင်ခဲ့သည်။ သူ့ကြောင့် မောင်လှယ် နှမလှယ် ပိုကာနှင့်ခင်စန်းဦးလည်း ညားခဲ့သည်ပဲ။

ကြောင်ကလေးရေ... သူများတွေ ဇာတ်ပေါင်းအောင် ငါ ရေးတတ်ခဲ့ပြီး.. ငါမရေးတတ်တာ ငါကိုယ်တိုင် က,ရမယ့် ငါ့ဇာတ်ညွှန်းပါကွယ်.. လွမ်းတယ်..။

ကဒ်...။

ဘီယာဆိုင်ထဲ ပြန်ရောက်လာ။

“ဟော့...ဘီယာနောက်တစ်ဂျား”

“ဟော့ကောင်... သုံးဂျားမှာကွာ၊ ရွှေလီမှာဆို ဖန်ခွက်နဲ့ မသောက်တော့ဘူး၊ ခေတ်နောက်ကျတယ်၊ စိနတွေက ဘီယာကို ဂျားလိုက်ကောက်မော့တာကွ”

“စိနတွေ အဲ့သလောက် ဘီယာသောက်သလားကွ!...”

“ကောက်ရခြင်းအကြောင်းကို ငါ့ စိနအလုပ်သမားတစ်ယောက်က ရှင်းပြဖူးတယ်... အိမ်ကကျဉ်းတယ်တဲ့ ဒါကြောင့်သောက်တဲ့”

“ဘာဆိုင်လို့လဲကွ!...”

“ဘီယာအများကြီးသောက်တော့ သန်းခေါင်ကျော် ရှူးထပေါက်နေတယ်လေ.. တဲ့၊ ကျန်တဲ့အိမ်သားတွေ အဲဒီအချိန် တခေါခေါ အိပ်နေကြပြီ တဲ့... သူက မိန်းမရကာစကိုးကွ”

ပိုကာ ခုမှပင် ဆိုင်ပုံကို ဆက်စပ်သဘောပေါက်သွား၏။ ပိုကာလည်း ဆက်စပ်ယူရသော သူကြုံဖူးသည့်ဟာသကို သတိရသွား၏။

“အေးကွ... အဲ့သလို ဆက်စပ်ယူရတဲ့ ဟာသတစ်ကွက် ငါ တောင်တွင်းကြီးက အရက်ဝိုင်းတစ်ခုမှာ ကြုံဖူးတယ်၊ ပေလေးပင် ရှင်လေးပါးအရပ်က ပုဂ္ဂိုလ်တွေ ဆက်ပုံစပ်ပုံ ပြောင်မြောက်တယ်ကွ အရက်ဝိုင်းမှာ... ခေါင်းစဉ်က ဘာဖြစ်လို့ မိန်းမလိုချင်ကြတာလဲ!... ဆိုတဲ့ ခေါင်းစဉ် စတည်ပါလေရော... ဇော်ဝင်းတင့်ရယ် ကမ္ဘာပုရယ် စံပြောင်းရယ်”

ပိုကာက ဘီယာဂျားကို ကောက်မော့သည်။ ပြီးမှ ဆက်ပြောသည်။

“ဟော့ကောင် ကမ္ဘာပု... မင်းက ဘာဖြစ်လို့ မိန်းမလိုချင်တာလဲ တဲ့၊ စံပြောင်းဆိုတဲ့လူက ကမ္ဘာပုကို မေးတယ်၊ ဖြေပုံက ငါတို့ကွက်သစ်သျှပ်စစ်မီး ရောက်လာလို့တဲ့... စဉ်းစားကြည့် ဘာဆိုင်လဲကွာ...”

စိန စိတ်ဝင်စားသွား၏။

“ဆက်ပါဦး ပိုကာရ”

“ကမ္ဘာပုက... မင်း အဲဒီအရသာကို သိမှာမဟုတ်ပါဘူး စံပြောင်းရာ... တဲ့၊ မဂ်လာဦးညတွေမှာ တရေးနိုး... ညကြီးမင်းကြီး ပေါ့လကွာ.. တဲ့၊ ဖန်မီးချောင်းကြီး ဖြန်းကနဲ ဖွင့်ပြီး... သူနဲ့ငါ.. ဖတ်ဖတ်... ခြင်ထောင်ထဲမှာ... ခြင်ထောင်ထဲမှာ... ဟင်းဟင်းသင်းလင်းချင်းချင်း... အတူတူ ခြင်တွေ လိုက်ရိုက်ချင်တာကွ.. တဲ့”

စိနနှင့်သူ ပြုံးရှုံပြုံးဖြစ်ကြသည်။ ပိုကာက ဘဲကင်နှိုက်ရင်း ဆက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"အဲ့သမှာ ကမ္ဘာ့ပုက စံပြောင်းကို ပြန်မေးတော့တာ၊ မင်းကကော ဘာဖြစ်လို့ ဒီလောက် မိန်းမလိုချင်နေတာလဲတဲ့၊ စံပြောင်းကလည်း ခပ်အေးအေးပဲ ပြန်ဖြေတယ်၊ ငါ မိန်းမလိုချင်တာက ယပ်တောင်တစ်ချောင်းကြောင့်. . တဲ့"

ဘယ်လိုဆက်စပ်မလဲဟု သူပင် စိတ်ဝင်စားသွား၏။

"နွေညပူပူမှာပေါ့ကွာ. . တဲ့၊ ငါက. . . အိမ်ဝိုင်းထဲမှာ မန်ကျည်းပင်ရင်း ကွပ်ပျစ်လေးမှာ ကောင်းပြီး. . . ပက်လက်ကလေး လှဲနေမယ်၊ ပူပူနွေးနွေး ငါ့မယားလေးက ရေမိုးချိုး. . . ရှင်မတောင် သနပ်ခါးတွေ ခြေဆုံးခေါင်းဆုံးစွန်းလိမ်း. . ပြီး. . . ယပ်တောင်တစ်ချောင်းနဲ့ အိမ်ပေါ်က နေ. . . ငါ့ကို လှမ်းကြည့်ပြီး. . . ငါ့ဆီ တစ်လှမ်းချင်း တစ်လှမ်းချင်း ဆင်းလာမယ်၊ ငါလှဲနေတဲ့ ကွပ်ပျစ်ပေါ် အိကနဲ ထိုင်ချမယ်. . . လက်ထဲက ယပ်တောင်နဲ့. . . ဟင်းဟင်း. . . ငါ့ကို ခပ်ပေးဖို့ မဟုတ်ပါဘူးကွာ. . . သူ့ကိုယ်သူ. . . သာသာလေး ခတ်မယ်၊ သနပ်ခါးနံ့နဲ့ သူ့ကိုယ်သင်းနံ့တွေ. . . ငါ့ဆီ တွန်းပို့မယ်. . . ဟား. . . တောက်!. . ဘယ်လောက် အရသာရှိလိုက်မလဲကွာ. . တဲ့"

အင်မတန် စိတ်ကူးညက်သော တောင်တွင်းသားများ ဖြစ်ပါ သည်။

"အဲ့သမှာ တစ်ချိန်လုံး နားထောင်နေတဲ့ ဇော်ဝင်းတင့်က အား လာတယ်၊ ဘယ်သူမှ မမေးဘဲနဲ့ ငါ မိန်းမလိုချင်တာက. . . တစ်မျိုးတွ တဲ့၊ မင်းတို့ သိတဲ့အတိုင်း ငါ့ကို အရက်သောက်တာလေး တစ်ခုတည်း "နီမ" အဖေအမေတွေက သဘောမတူဘူးလေ. . တဲ့၊ ငါတို့ဇာတ် နည်းနည်းတော့ နာတယ်ကွ၊ ငါက နီမကို ခိုးပြေး၊ မိဘက အမွေဖြတ် ငါကလည်း အရက်မပြတ်တော့. . . "နီမ" ခမျာ ငါ့ကို ငါးရောင်းကျွေး ရရှာတယ်၊ ငါးရောင်းကအပြန် ဆိုင်ကြီးက ပါဆယ်တစ်လုံး ဆွဲဆွဲလာတာ ပေါ့ကွာ. . . ပုံမှန်ပေါ့၊ တစ်နေ့တော့. . .

နီမ ငါးသွားရောင်းတာ မိုးချုပ်တဲ့အထိ ပြန်မလာဘူး. . . ငါကလည်း ယင်းထနေပြီ. . . ပြန်လာတော့ ငါးရောင်းမကောင်းလို့. . .





ငါ့အတွက် ပါဆယ်က ပါမလာပြန်ဘူးလေ. . . မင်းတို့ စဉ်းစားကြည့်. . . ငါ ဒေါမကန်သင့်ဘူးလား!. . . လာစမ်း. . . ဒီမိန်းမ ဆိုပြီး ဆံပင်ဆွဲ ရင်ဘတ်ကြီးကို ငါ့ဒူးပေါ် တင်ပြီး ကျောလျှားကြီးကို အုန်း အုန်း အုန်း ဆိုပြီး သုံးချက်ထုချလိုက်ရ. . . ဘယ်ကလောက် မြိန်မလဲ၊ မင်းတို့ အဲဒီအရသာကို စဉ်းစားကြည့်ဖူးလား!. . . တဲ့"

"ဟား ဟား ဟား. . . ဖြစ်ချင်တော့. . . သူတို့သုံးယောက် သောက်နေတဲ့ အရက်ဆိုင်နဲ့ ကပ်လျက်က မုန့်ဟင်းခါးဆိုင်လေ. . ၊ ဝါးထရံတစ်ချပ်ပဲ ခြားတာကလား. . . ၊

အရက်စကားဝိုင်း စကတည်းက အဲဒီမုန့်ဟင်းခါးဆိုင်ကို ရောက်နေတဲ့ ဇော်ဝင်းတင့်ရဲ့ဇနီးသည် "နီမ" တစ်ချိုးတည်း ထလစ်ပါလေရော. . . လား။ ပညာတော့ပါတယ်ကွ. . . တစ်ဘဝစာ ဒီဘက်က အရက်ဖိုးတော့ ရှင်းခဲ့ပါတယ်. . . တဲ့. . . ဟား. . ဟား. . ဟား. . ၊

တိုက်တိုက်ဆိုင်ဆိုင်ကွာ. . . အဲဒီမိန်းမ နှုတ်ဆက်ပုံ ကလည်း ပညာပါပ့်"

လော်ပန်စိနက လာချသော ဘီယာကို ဂျားလိုက် ကောက်မော့ သည်။ ဆေးဘဲဥသုတ် ထပ်မှာသည်။

"ငါဖတ်ခဲ့ရတဲ့ ဟာသလေးကိုလည်း ပြောပြရဦးမယ်. . . စလုံး မှာတဲ့. . Over-speed ကွာ. . . (၁၂၀)မောင်းရမယ့်လမ်းကို (၁၇၀) ကျော် မောင်းတဲ့ကားတစ်စီးကို ရဲက ဖမ်းတာကွာ၊ ယာဉ်ထိန်းရဲက ဆိုင်းစင်တောင်းတော့ မောင်းလာတဲ့ စလုံး တရုတ်က. . မပါဘူး . . တဲ့. . ဒါဆို ကားရဲ့မှတ်ပုံတင်စာရွက်ပေး ဆိုတော့. . အေးဆေးပြောတာ နော်. . ကားကခိုးလာတာ. . တဲ့. . ရဲက ကြောင်သွားတယ်၊ ပြီးမှ. . ဒါဆို ဆက်မြှောက်ပြီး ကားပေါ်က ဆင်းဆိုတော့. . . မင်းချည်းပဲ သေနတ်ပါ တာ မဟုတ်ဘူး၊ ငါ့ဟောဒီ ဒက်ရှ်ဘုတ်ထဲမှာလည်း သေနတ်ပါတယ်တဲ့. . ရော ဒီလူ အရူးလား. . ဘာလား. . ဇဝေဇဝါ ဖြစ်လာတယ်၊ ကားထဲကနေ ဘာဆက်ပြောလဲ. . ဆိုတော့. ."

"ကားနောက်ဖက် ဘောနက်ထဲမှာလည်း. . . အလောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



လောင်း မါသေးတယ်. . တဲ့. . . ရဲဖျားသွားပြီး သူ့အရာရှိဆီ ဖုန်းလှမ်းဆက်တာပေါ့. . မြန်တယ် ဟော့ကောင်. . ငါးမိနစ်အတွင်း ရဲကားသုံးစင်း လက်နက်အပြည့်အစုံနဲ့ ဝိုင်းလာတယ်. . .

အဲဒီမှာ သေနတ်ထိုးချိန်ရင်း အရာရှိက လိုင်စင်တောင်းတယ်၊ စလုံးတရုတ်က ရော့. . တဲ့၊ ထုတ်ပေးတယ်၊ ကားလိုင်စင်တောင်းတယ်၊ ရော့. . တဲ့၊ အမှန်အကန်ပဲ. . ၊ မင်းဒက်ရှ်ဘုတ်ထဲ သေနတ်ပါတယ်ဆို ပြစမ်းတဲ့. . . ဟာ မဟုတ်တာဗျာဆိုပြီး. . .

ဖွင့်ပြတယ်. . . ဘာမှမရှိဘူး၊ နောက်က ဘောနက်ထဲ အလောင်း တစ်လောင်း ရှိတယ်ဆို. . လို့ ပြောတော့ သော့ဖြုတ်ပေးတယ်၊ သွားဖွင့်ကြည့်ပေါ့ဗျာတဲ့. . သွားဖွင့်ကြည့်တယ်. . ဘာမှမရှိဘူး. . သူ့တပည့်ကို ငေါက်တာပေါ့၊ ဟော့ကောင်. . . မင်းသတင်းပို့တာက တစ်ခုမှ မဟုတ်ဘူး ပေါ့၊ ဟား. . ဟား. . အဲ့ဒီမှာ ကားထဲက စလုံးက ဘာပြောတယ် မှတ်လဲ၊

အေးဗျာ. . . အဲ့ဒီလူက ကျုပ်ကို Over-speed လို့တောင် ပြောသေးတယ်၊ ရှုးကြောင်မူးကြောင်နဲ့. . တဲ့၊ စလုံးတစ်သောင်းနော်၊ Over-speed ဒဏ်ငွေ. . ဒဏ်ငွေ၊ ငနဲ လွတ်သွားတယ်ကွာ၊ အရာရှိကတောင် တောင်းပန်လိုက်သေး. . ဟေး ဟေး"

"ဟား. . ဟား. . ဟား. . ပညာပါလိုက်တာကွာ၊ ငါတို့ရှေ့နေ တောင် အဲ့လို မစဉ်းစားမိဘူး"

ပိုကာ မှတ်ချက်ချအပြီး သူက. . .

"ငါဖတ်ဖူးတဲ့ ရီဒါးစ်ဒိုင်ဂျက်(စ်)ထဲက မိန်းမတစ်ယောက်လည်း တော်တော်ပညာပါတယ်ကွ"

ပြောရင်း သူ ဘီယာဂျားကို ညာလက်နှင့် ကောက်အမတွင် လက်ညှိုးထဲက ကျင်ကနဲဖြစ်ပြီး ထုံတုံတုံ ဖြစ်နေ၍ ဘီယာဂျားကို ခဏ ပြန်ချထားလိုက်ရသည်။ ကြည့်လိုက်တော့ လက်ညှိုးထိပ် ရဲတဲတဲ ဖြစ်နေ၏။ သူကွေးကြည့် ဆန့်ကြည့်သည်။ ရသည်။ သူ့စကားကို ဆက်သည်။

"ခပ်ချောချော မိန်းမတစ်ယောက်နဲ့ လူရည်သန့်တစ်ယောက်ကွာ၊ ဟိုက်ဝေးမှာ ပြင်းပြင်းထန်ထန်ကို ကားချင်း တိုက်မိကြတယ်. . ကံကောင်း





တယ်၊ ကြေမွကုန်တဲ့ကားထဲက နှစ်ယောက်လုံး လွတ်မြောက်လာကြတယ် ပေါ့ကွာ. . . အဲသမှာ. . .

မိန်းမက စပြောတာ. . . ကျွန်မတို့နှစ်ယောက်စလုံး ဘာမှ မဖြစ်ကြဘူးဆိုတော့ ဘုရားသခင်က ရှင်နဲ့ကျွန်မကို တစ်သက်လုံး ချစ်မိတ်ဆွေ ဖြစ်စေလိုတယ် ထင်တာပဲရှင်. . တဲ့. . ပြုံးဖြီးဖြီး ဖြစ်သွားတဲ့ လူရည်သန့် ပုဂ္ဂိုလ်ကလည်း ဘုရားသခင် ကောင်းချီးပေးတာကို ငြင်းစရာ မမြင်ပါဘူး ပေါ့။

မိန်းမလှလေးက သူ့ကားပျက်ထဲက မကွဲသေးတဲ့ အရက်ပုလင်း တစ်လုံးကို ဆွဲထုတ်ပြီး ဘုရားသခင်က. . . ဒီပုလင်းကိုလည်း မကွဲအောင် စောင့်ရှောက်တယ်ဆိုတော့ ချစ်မိတ်ဆွေအဖြစ် အသိအမှတ်ပြုရှင်း သောက်စေချင်ပုံ ရတယ်ပေါ့. . . ပြောတော့. . .

ဟာ. . . သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲဆိုပြီး ပုဂ္ဂိုလ်က တစ်ဝက် ယူမော့လိုက်တာပေါ့. . မော့ပြီး မင်းဖို့ဆိုပြီး ကမ်းပေးတော့. . ခေါင်းခါပြီး ဟင့်အင်း. . . ကျွန်မ ရဲအလာစောင့်လိုက်ဦးမယ်တဲ့. . "

စိနက အားပါးတရ အော်ရယ်တော့သည်။

"ဟား. . . ဟား. . . ဟား. . . မူးရင်မမောင်းနဲ့ မောင်းရင် မမူးနဲ့. . . သူတို့ဆီက မူးပြီးမောင်းလို့ တစ်ခုခုဖြစ်ရင် ဒဏ်ငွေအပြင်. . လျော်ပေတော့၊ အဲ့ဒီမိန်းမ ကားအသစ်ပါ ထပ်ရနိုင်တယ်ကွ. . . ဟား. . ဟား၊ ဒါနဲ့ စကားမစပ် မင်းအိမ်ရောက်နေတဲ့ ခပ်လှလှမိန်းမ. . . ခင်ဖြူမွှ လား၊ ခင်ပွင့်ဖြူလား၊ ကြင်မြအေးနဲ့ တော်တော်တူတာပဲ၊ သူ့သားတော မောင်အတွက် အန်တီကြင် ဘယ်က သွားရှာထားတာလဲကွ. . . ဟေ"

"အေး. . . ဟုတ်တယ်ကွ၊ ငါတောင် ပြုံးပျာသွားတာ. . . မြင်မြင်ချင်း. . ဟ. . ကြင်မြအေး ဘာလာလုပ်တာလဲလို့တောင် ငါထင် သွားတာ. . "

မြင့်ဆွေက ဘဲကင်အရိုးစုပ်ရင်း ပြောသည်။ သူက. .

"ရှေ့သေသေချာချာကြည့်တော့ သိပ်မတူပါဘူးကွာ. . ."

ရှေ့နေက ရှေ့နေပီပီ စကားလုံးကို ကောက်ယူ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားအရနော်. . . မင်းသေသေချာချာ ကြည့်ပြီးသွားဖို့ ဆိုတဲ့ သဘောပါတယ်. . ဘယ်နှစ်လက်မ အကွာကလည်း မသိဘူး စိနရေ. . . စောင်မကြည့်ရှုနေပုံရတယ်. ."

"သူတော်ကောင်းမလေးပါကွ၊ မပြစ်မှားကောင်းဘူး. . . မေမေ့ ခမ္မမိတ်ဆွေရဲ့သမီးလေး. . မေမေက သမီးအရင်းလို ချစ်တာဆိုတော့. . ငါက ညီမလေးလိုပဲ ချစ်သင့်တာပေါ့ကွ. ."

စိနက. . .

"သွေးမတော် သားမစပ်ကွာ. . . ချစ်ချင်သလို ချစ်ပစ်လိုက်ပေါ့ ဘယ်သူက ဇာရားစွဲမှာမှတ်လို့. . . တော်တော်လည်း လှနေတာကြီးကို"

"သူက သီလရှင်ဝတ်ဖို့ အားသန်နေတာတဲ့ကွ. ."

"မင်းသာ ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက်ဆိုရင်. . ဟင့် အင်း ဝတ်တော့ဘူး. . . ဟင့်အင်း ဝတ်တော့ဘူး ဖြစ်သွားမှာပါကွာ၊ ဘာလဲ. . မင်းက ကြင်မြအေးကို မျှော်လင့်နေတုန်းလား၊ တစ်နေ့က သူ့ဘူဒါးကြီးနဲ့ ငါဆိုင်လာသွားသေးတယ်၊ ငါ့ကိုတော့ တွေ့မသွားပါဘူး၊ သူ့ဘဲကြီးက သူ့ကို တော်တော်ဂရုစိုက်ပုံရတယ်ကွ. . ."

ပိုကာကတော့ ဘာမှ ဝင်၍မှတ်ချက်မပေး၊ ဘီယာသာ တဝ တွယ်နေသည်။ ပြီးမှ. . .

"ဒီကောင်က. . . ကမ္ဘာပေါ်မှာ ကြင်မြအေးတစ်ယောက်ပဲ မိန်းမ လို့ ထင်နေတာကွ၊ ကြင်မြအေးကို ခုထိ မေ့တာပို့တုန်းတဲ့. . ."

"အေးကွာ. . . ရှားတယ်၊ ဟိုကတော့ ကမ္ဘာပေါ်မှာ မြေဖြူ ဆိုတဲ့ အောင်ထွဋ်တစ်ယောက် သက်ရှိထင်ရှား ရှိနေသေးတာ သိမှသိပါ လေစ"

ထိုစဉ်မှာပင် လက်ညှိုးတစ်ချောင်းလုံး ထုံကျင်ကျင်ကြီး ဖြစ်လာ ပြီး ညာဘက်လက်မောင်းတစ်လျှောက်လုံး ဖျဉ်းကနဲ အကြောတစ်ချက် ဆွဲသွားသည်။ သူ့ဘယ်လက်နှင့် ညာလက်မောင်းကို ဖမ်းဆုပ်၍ ဟိုဒီ နှိပ်နယ်လိုက်မိသည်။

"ဟာ. . မြေဖြူ. . မင်းလက်. . မင်းလက်ညှိုး ယောင်ကိုင်းနေပါ လား၊ ဘာဖြစ်တာလဲ!"





ပိုကာ အလန့်တကြား ပြောလာသည်။

"ဟိုတစ်နေ့က ကြင်မြအေးခါတ်ပုံက ပင်အပ်စူးမိတာ. ."

"ကိုမြတ်သွေးဆီ မင်းသွားဂျိတဲ့ ပုံလေးလား!"

"အေး. ."

"ဟ. . . ဒါဆို အဲဒီပင်အပ်မှာ သံချေးပါမှာပဲ၊ ပါလား. . . ဟော့ ကောင်!"

"အေးကွ. . . သံချေးတွေ ပါတယ်"

စိနက သူ့လက်ညှိုးကို ကိုင်၍ အသေအချာကြည့်ပြီး. . .

"ဟော့ကောင်. . . မင်း မေးခိုင်ကာကွယ်ဆေး နောက်ဆုံး ထိုးတာ ဘယ်လောက်ကြာပြီလဲ!. . ."

"နိုင်ငံခြားသွားခါနီးတုန်းက. . . ဆေးစစ်ရင်း ထိုးမိတယ် ထင် တာပဲ. . သိပ်မသေချာဘူး"

"ဟာ. . . ကြာလှပြီပဲ၊ မင်းက ပညာတတ်ဖြစ်ပြီး တော်တော် ဆေ့တဲ့ကောင်၊ ငါအသိ စစ်ဗိုလ်တစ်ယောက်ဆို. . . ကျည်ဆံကြားက ထွက် လာတာနော်. . ဒဏ်ရာတောင် မရခဲ့ဘူး၊ ပင်အပ်နဲ့ သွားကြားထိုးမိတာ ငါးရက်ပဲ ခံတယ်. . . ရှောသွားတယ်"

သူ ခပ်အေးအေးပင် ပြန်ပြောသည်။

"ဒီလောက်ကြီးတော့ မဖြစ်တန်ကောင်းပါဘူးကွာ. . . ဖြစ်လဲ ဖြစ်ပေါ့. . . အားလုံးဟာ မမြဲတဲ့သဘောတရားကြီးထဲ လုံခြုံမှုကင်းမဲ့စွာ နေထိုင်နေကြရတာပဲ၊ ကြောင်ကလေးကြောင့် ဖြစ်ရတာပဲ၊ ငါ့ဘက်က တန်ပါတယ်. ."

"ဟော့ကောင်. . . ဒီကအပြန် ငါ့မိသားစုဆရာဝန် ဖွင့်တဲ့ ဆေး ခန်းမှာ. . . တာတားနပ်စ် ဆေးဝင်ထိုးသွား၊ ငါကိုယ်တိုင် လိုက်မယ်တွာ ငြင်းမပေါ့နဲ့. . ."

စိနရော ပိုကာပါ အပျော်မျက်နှာတွေ ပြုတ်ကျသွားပြီး ညီအစ်ကို အရင်းလို ပူပင်သောက မျက်နှာတွေ ချက်ချင်းဝင်လာ၏။ လက်မောင်း တစ်လျှောက် ကျင်ကနဲကျင်ကနဲ နှစ်ချက်ဖြစ်သွားသည်။ နည်းနည်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျင်ကနဲကြားက ကြင်မြအေးကို သတိရဖြစ်အောင် ရလိုက်သေး သည်။ ငါဖြစ်တာ ညာလက်. . . သူလည်း ညာသန်ပေပဲ. . . ။

ၛ ၛ ၛ ၛ

မဝေဒနာ တစ်စုံတရာမှ မရှိ၊ သူ လဲလျောင်းအိပ်စက်နေသော ကုတင်ပေါ်တွင် သူ့ခန္ဓာကိုယ်ကြီး ရှိနေမှန်းတော့ သိသည်။ သို့သော် မွေ့ယာနှင့် သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ထိနေသည်ဟူသော အသိ သည် တစ်စတစ်စ သံသယဖြစ်လာ၏။

သူ့ခန္ဓာကိုယ်သည် တစ်စချင်း ပေါ့ပါးလာနေသည်။

အလို!. . . ကုတင်မွေ့ယာနှင့် ထိပင် မထိတော့။ ကြွ၍တက်လာ သည်။ ကုတင်အထက်၌ သူ့ခန္ဓာကိုယ်ကြီး စန့်စန့်ကြီး ကြွတက်နေပါပေါ့ လား. . . ။

တဖြည်းဖြည်း. . တဖြည်းဖြည်း ပို၍ကြွတက်လာ. . ထို့ထက်ပို၍ ကြွတက်လာ. . . တဖြည်းဖြည်း ပက်လက်ကြီးဝင် မျက်နှာကျက်ကို ဘာမှ ကျင်မှုမှ မရှိဘဲ ဖောက်ဝင်. . သွပ်မိုးပေါ်က သူထွက်လာသည်။ လေထဲ မတ်ရပ်ဖြစ်လာသည်။





ကာလီဂျိုပရန်း၏ဗိညာဉ်မြင့်တက်ခြင်း ကဗျာထဲကလိုပင်. . သူ သည် လောကကြီးကို အပေါ်စီးမှ အရာရာ မြင်နေရသည်။ သစ်ပင် စိမ်းစိမ်းအုပ်အုပ်ထဲက သူ့အိမ်ကလေး၊ ရပ်ထားသော သူ့ကားလေးနှင့် ဝေး၍ဝေး၍. . . ၊ ဟိုးမှာ. . စေတီတော်ကြီး၊ ဟိုးမှာ ဆရာတော်ကျောင်း ဟိုးမှာ ကန်သာယာပန်းခြံ၊ ဟိုးမှာ မီးရထားလမ်း၊ ဟိုးမှာ ဘူတာရုံ ဟိုးမှာ ကြောင်ကလေး ကြင်မြအေးတို့အိမ်. . . ချစ်သူ့အိမ် ဆိုသောအသိနှင့် တိမ်ထုတွေကို ဖောက်၍ သူမြင့်တက်လာ၏။

လမင်း၏အနီးမှ သူဖြတ်သန်း၏။ ဟာ. . . ဒီလောက်ကြီးတဲ့ ကျောက်တုံးဝိုင်းဝိုင်းကြီး ဘာနဲ့မှ ချိတ်မထား၊ ထောက်ကန့်မထားဘဲ ဒီအတိုင်းကြီး လဟာထဲ ချိတ်ဆွဲထားပါလားဟု. . သူ မှင်တက်မိကြည့်ရင်း လမင်းကြီးလည်း ဝေး၍ဝေး၍ကျန်ခဲ့ပြန်သည်။

စစ်ကနဲ ကြင်ကနဲ ဖြစ်သွားသော သူ့ညာလက်ညှိုးကို လှမ်း အကြည့် သူ့တစ်ကိုယ်လုံးရှိ သွေးများ လက်ညှိုးထိပ်မှ ပန်း၍ထွက်လာ ၏။ အလို. . . ဟင်းလင်းပြင်ထဲ သူ့သွေးတွေနှင့် သူကိုယ်တိုင် စာတွေ ရေးနေပါပေါ့လား. . . ။

စကြဝဠာလင်းပွင့်မြင်ကြီးထဲ သူ့သွေးစာလုံးတွေ တဖြည်းဖြည်း ပြန့်ကျဲပြည့်သိပ်လာနေပါ့လား၊ သွေးက မရပ်. . ၊ ရေးနေတာလည်း မရပ်၊ စာလုံးတွေလည်း သူ့လက်ထိပ်က တရစပ် ထွက်နေပါ့လား. . ။

အာကာသ ဟင်းလင်းပွင့်ကြီးထဲ အဝေးအနီး အကြီးအသေး စာလုံးတွေ ပြည့်ကြပ်သိပ်လာနေ၏။ သူက ရေးတုန်းပင်. . . ခြောက်လုံး သော စာလုံးများ. . စကားလုံးများ. . ။

ကြောင်ကလေး ကြင်မြအေး. . .

ကြောင် က လေး ကြင် မြ အေး. . .


ကြောင် က လေး ကြင် မြ အေး. . . ။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၁၀)

တိုက်နယ်ဆေးရုံလေး၌ပင် သူ့ကို အရေးပေါ်ဆေးရုံတင်လိုက်ရပါသည်။ သမားတော်ကြီးနှစ်ဦး လူနာနှင့်အတူ ပါလာ၍ တိုက်နယ်ဆရာဝန် ဒေါက်တာတင်ဦးသည် အထူးအားတက်သွား၏။ မျှော်ယာလည်း ခတ်သွား၏။ လှူဒါန်းနေကျ ဘောစိ စိနလည်း ပါသည်လေ။

ထပ်မံလိုအပ်သောဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်း အကောင်းစားများကို စိနနှင့်ပိုကာက တိုင်းမြို့တော်မှ လိုလေသေး မရှိအောင် ထပ်ဝယ်ပေးထား၏။

လူနာကျဲပါးသောကြောင့် အခန်းလွတ်တစ်ခန်းတွင် စိနနှင့် ပိုကာ အိပ်ယာနှင့် အသုံးအဆောင်များ ယူလာပြီး စတင်းဘိုင် စတည်းချရင်း လူနာစောင့်ကြသည်။

အမေကြင်နှင့် ခင်ပွင့်ဖြူက လူနာနှင့် ကပ်လျက်အခန်းတွင် နေရာယူသည်။ ကြည့်စမ်း. . . ခင်ပွင့်ဖြူနှင့် ကြင်မြအေး တစ်ယောက်ကို တစ်ယောက် တွေ့တွေ့ချင်း ဖေးကြည့် အံ့သြကြလိမ့်မည်ဟု ထင်ထား သော ပိုကာနှင့်စိန အထင်သည် ပါစင်အောင် လွဲခဲ့သည်။

ဘယ့်နှယ့်. . . ဒီလောက်တူသူနှစ်ယောက် အမှာညီအစ်မ ထင်

www.burmeseclassic.com



လောက်သူနှစ်ယောက်သည် သိဟောင်းကျွမ်းဟောင်းလို ဆက်ဆံနေကြ၏။ သိနေပြီးသားလားဟ၊ ဘယ်လိုလဲ!. . .။

အံ့ဩရသူတွေက စိနနှင့်ပိုကာတို့နှစ်ယောက်သာ ဖြစ်နေခဲ့သည်။ အရေးပေါ် အချိန်မို့ ထုတ်မေးရန် မသင့်သေး။ တစ်ပင်တည်းသော ပန်းပင်မှ ယခုပင် ပွင့်သစ်လိုက်သော ပန်းနှစ်ပွင့်လို(ပျားပန်းခတ်နေသည့်ကြားမှ)ငွားငွားစွင့်စွင့် အပြိုင်ပွင့်လို့. . .။

ကြင်မြအေးနှင့်အတူ ပါလာသော ဒေါက်တာအောင်ကောင်းက ဦးနှောက်ခွဲစိတ်ပါရဂူကြီး ဖြစ်သည်ဟု သိရသည်။ မထင်မှတ်စွာ ခေတ်မီနေသော တိုက်နယ်ဆေးရုံလေး၌ အရေးပေါ် လျှင် ခွဲစိပ်နိုင်ရန် ပစ္စည်းကိရိယာများ စိနအကူအညီနှင့် အသင့်ပြင်ထားနိုင်ခဲ့သည်။ သူက ပြောခဲ့သည်မှာ. .

"စစ်ဆေးတွေ့ရှိချက်အရတော့. . . ဦးနှောက်ကို မေးခိုင်ပိုး. . မရောက်သေးပါဘူး၊ ရောက်သွားနိုင်တဲ့ အခြေအနေလည်း ရှိနေတယ်၊ အရပ်စကားနဲ့ ပြောရရင်တော့. . ငါးဆယ်ရာနှုန်းစီပါပဲ. . "

ရောဂါရှာဖွေရေးပါရဂူဖြစ်သော ကြင်မြအေးကလည်း ဓါတ်ခွဲခန်းလေးကို လိုအပ်သမျှ ဖြည့်စွက်၍ တစ်နာရီခြား တစ်ကြိမ် လူနာ၏သွေးကို စစ်ဆေးပေးနေသည်။ သူမလည်း ဆေးရုံမှာပင်အိပ်၊ ဆေးရုံမှာပင်စား၍ နေ့မအား ညမအား အလုပ်များနေသည်။ နှစ်ရက်ရှိပြီ။

"အမေ စိတ်ချပါ။ ကျွန်မ သူ့ကို ရအောင် ပြန်လုယူမယ်၊ ကျွန်မ ဉာဏ်စွမ်းရှိသမျှနဲ့ တိုက်ခိုက်မယ် အမေ. . "

အမေကြင်ကို အမေဟုပင် ခေါ်ပြီး မျက်ရည်အဝိုင်းသား မျက်ဝန်းတွေနှင့် သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိသော စကားနှင့် အားပေးနှစ်သိမ့်ပုံကို စိနတို့ အတိုင်းသား မြင်ကြားရသည်။

မြင်ကြားရသမျှ စိနနှင့်ပိုကာ စိတ်ဝင်စားလွန်း၍ ရင်ထဲ ကယိကလိ ဖြစ်နေကြသည်။ ဘာတွေ ဘယ်လိုဖြစ်ခဲ့သနည်း၊ သိချင်နေကြပြီ။

"သမီး. . . မအိပ်တာ နှစ်ရက်ရှိပြီကွယ်. . . ခဏလောက် အိပ်လိုက်ပါလား"





အမေကြင်က သူမပခုံးပေါ် ကြင်ကြင်နာနာ လက်တင်၍ ပြောသည်။

"ကျွန်မ သိပ်စိတ်ပူနေလို့ အိပ်လို့ကို မရတာပါ အမေ. . . သမီး အိပ်ဆေးသောက်တဲ့အကျင့်လဲ မရှိလို့ပါ"

"အမေ ကွေကာအုပ်နဲ့ ကြက်ဥ ဖျော်ပေးမယ်နော်. . . "

"နေ. . နေ. . အမေကြင်၊ မမဖို့ ပွင့် ဖျော်ပေးမယ်၊ ကြက်ဥ ပူတင်းပါ လုပ်ထားတယ်"

ပွင့်ကို ကြင်မြအေးက ပြုံးပြ၍ ခေါင်းညိတ်သည်။

စိနနှင့် ပိုကာ စိတ်ဝင်စားစွာ အကဲခတ်နေကြောင်း ကြင်မြအေး သိသည်ပေါ့. . .။

အလင်းထက် မြန်သော သူမ၏စိတ်ယာဉ်သည် အတိတ်ကို ဖျတ်ခနဲ ခရီးရောက်၏။ ဖျတ်. . .။

၅ ၅ ၅ ၅

သူမ ပထမဆုံး ကျောင်းတက်သောနေ့မှာပင်. . . ကျောက်သင်ပုန်းပေါ်တွင် ပတ်ခန်းကျင်ဆိုသော ကဗျာလေးက ကြိုဆိုခဲ့လေသည်၊ ဉာဏ်အားကောင်းသော သူမအနေဖြင့် ဒီကဗျာကို ပုံနှိပ်စာလုံးနှင့် ရေး



www.burmeseclassic.com

www.burmeseclassic.com



ဖူးခဲ့တာ သေချာသည်။ ခံတော်တော်ကောင်းတာပဲ. . . ဒရာမာကဗျာ၊ ကိုယ်ပိုင်ကဗျာ. . ။

စာအုပ်ထဲ ကူးယူလိုက်မိသည်။

အဲ့ဒါ အစပါပဲကွယ်။ လက်ရေးက ယောကျ်ားလေးလက်ရေးဖြစ်သည်။ ဒီအခန်းထဲမှာ ကဗျာရှင် ရှိနေလိမ့်မည်. . ။ ဘယ်သူဖြစ်နေမလဲ!။ သူမသိချင်လာ၏။ သူ. . ချောသလား!. . . အရပ်ကော ရှည်ရဲ့လား!။ သူ. . ဘောလုံးကန်တတ်သလား!၊ ဂီတာရော တီးတတ်သလား!၊ စာရော တော်သလား!၊ ရင်ခုန်စေသော သူ့ကဗျာက လေးနက်စွာ တွေးတတ်သော သူမအတွေးတွေကို ဆန့်ထွက် ဖြာဝေစေခဲ့သည်။

ရင်ခုန်တတ်စ အရွယ်လေ၊ သူမ ချစ်တတ်စ အရွယ်လေ။ ဒဿနကဗျာတစ်ပုဒ်နဲ့ သူမရင်ကို ပုတ်နှိုး လိုက်တာ ဘယ်သူလဲကွယ်။

သိပ်ကြာကြာမစောင့်လိုက်ရပါ။

တရုတ်ပေါက်ဖော်လေး ဒတ်စတာ ကိုင်၍ လာအဖျက်. . ၊ သူမ နှမြောတသစိတ်နှင့် ထ၍တားမိလျက်သား ဖြစ်သွားသည်။ မြေဖြူဆိုတာ ဘယ်သူလဲဟု သိချင်စိတ်က မေးမိလျက်သား ဖြစ်သွားသည်။

"သူ. . သူ. . သူလည်း မဟုတ်ဘူး. . မြေဖြူဆိုတာ ဒီဟာလေ" လို့ ပေါက်ဖော်လေး မပြောခင် သူထိုးလိုက်တဲ့ လက်ညှိုးထိပ်တည့်တည့်က ရိုးကနဲ အရိုပ်လေးက မျက်လုံးပြူးပြီး ခေါင်းရမ်းပြလိုက်သည်ကို သူမ မျက်ဝန်းထောင့်စွန်းမှ မြင်ဖြစ်အောင် မြင်လိုက်ရသည်။ ဖြူဖြူမြင့်မြင့် တင့်တင့်တယ်တယ်ပါပဲ။ သူမစိတ်ကူးထဲက အရိုပ်မျိုးပေါ့. . နော့။

အဲဒီက စလို့ သူမရင်ထဲက သူ့ကို တိုးတိုးတိတ်တိတ် နာမည်ပေး ထားခဲ့မိသည်လေ. . ။

အရိုပ်ကလေး. . ။

ကျွန်မအရိုပ်ကလေးလို့. . ။

တကယ်တော့လည်း သူဟာ သူမနောက်က အရိုပ်ကလေး ဖြစ်ခဲ့ပါသည်။ သူမရှေ့ကို ဘယ်သောအခါမှ ထွက်မလာလို့ပဲ ဖြစ်ပါသည်။

သောကြာနေ့ ညနေပိုင်းတွေဆို သူမအိမ်အပြန်ခြေလှမ်းတွေ





သွက်လက်နေခဲ့တာ သူသိပါ့မလား. . ။

အိမ်ရောက်ရောက်ချင်း ရေပင် ပြေးမသောက်အားပဲ စာတိုက်ပုံးလေးထဲ ပြေးနှိုက်မိတာ သူသိပါ့မလား. . . ။

အိမ်က လူကြီးမိဘတွေ ခေတ်မီတာ တစ်ခုကတော့ ကျေနပ်စွာ ကျေးဇူးတင်ရသည်။

သူမနာမည်နှင့် လာသောစာတွေကို ဖောက်မဖတ်ကြခြင်းပင် ဖြစ်သည်။

သူ့စာလေးတွေ ကဗျာလေးတွေကို ရေမိုးချိုး ဖီးလိမ်း ဝတ်စားပြီးမှ အခန်းတံခါးပိတ်ပြီး အိပ်ယာပေါ် ရင်တခုန်ခုန် ဖတ်ခဲ့တာကော ကျွန်မအရိပ်ကလေး သိပါ့မလားကွယ်။

သူ့ကဗျာတစ်ပုဒ်ကို ရာချီတဲ့ အကြိမ်ပေါင်းများစွာ ဖတ်ခဲ့လို့ 'ဟဲ့!. . ထစမ်း၊ ရွတ်စမ်း. . ' ဆိုရင် တစ်ရေးနိုး အိပ်ချင်မူးတူးမှာတောင် တစ်လုံးမကျန် အလွတ်ရွတ်ပြနိုင်ခဲ့တာ သူသိပါ့မလား ရှင်ရယ်. . ။

သူက အင်မတန် လျှို့ဝှက်ချင်သူဖြစ်သည်။ ကလောင်အမည်တွေကလည်း ရယ်ရသည်။ ဘာတဲ့. . ၊ မြေဖြူတဲ့. . ၊ ပိုင်းလော့တဲ့. . ၊ ရှက်ဖါတဲ့. . ၊ ရေနိုးတဲ့. . ၊ ခဲတံတောင် ပါသေးသည်။ လျှို့ဝှက်ရာတွင် တော်တော်တော်ပါပေသည်။

Black board ပေါ်က လက်ရေးကို သူမ တစ်သက်မမေ့အောင် မြင်တွေ့ထားပြီးတာကို ကိုယ်တော်က မေ့နေပုံရသည်။

သောကြာနေ့တိုင်း စာပို့ပြီး တနင်္လာနေ့ကျောင်းတက်တိုင်း သူမအမူအယာကို ထောင့်ပေါင်းစုံ ချောင်ပေါင်းစုံကနေ ပတ်ချောင်း အတတ်တတ်တာ မသိဘူးများ မှတ်နေလား။

ကျွန်မမှာ တတိယမျက်လုံး ရှိတယ်ရှင့်. . . ။

နောက်စေ့လေ. . ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့. . . သူမဆုံးဖြတ်ချက် မှားသွားမှန်း လုပ်ပြီးမှ သတိရပါသည်။

ကျောင်းစောစော လာနေကျ။ (မစောလို့လည်း မရ၊ မနက် (၅း၃၀)ဆို One Up ရထားက ဘော်ဘူအကျယ်ကြီးအော်၍ ဖြစ်သည် လေ။)

ဆိုနေ့က သူမအစ်ကိုဝမ်းကွဲ(ဆေးကျောင်းသား) ရောက်နေ၍ ကျောင်းတက်ခါနီးမှ ပျာယီးပျာယာ ကျောင်းရောက်လာသည်။

ဖွင့်ဖွင့်ချင်း စားပွဲဗောင်းထဲမှာ စာအုပ်တစ်အုပ်၊ ချစ်ကိုယ်တွေ ပေါင်းချုပ်စာအုပ်ကလေး၊ စာသင်လာသောအရွယ်နှင့် ဒီစာအုပ် ဘယ်လို မလိုက်ဖက်ဟု သိစိတ်က ရုတ်ချည်းတွေး၍. . . ပြီးတော့ပေါ့နော်. . .

အထဲတွင် စာပါလိမ့်မည်ဆိုတာကိုလည်း မတွေးမိ၍ ဆရာ ခုံပေါ် အလျင်စလို သွားတင်လိုက်မိခြင်းဖြစ်သည်။

မှားသွားပြီဟု သိတော့ ဆရာမ ဝင်လာနေပြီ။ အထဲမှာ စာပါ ဆရာမ ဖတ်မည်။ သူ့လက်ရေးကို ဆရာမ သိကိုသိသည်။ သူအဆော် တော့မည်ဟု တထိတ်ထိတ် စိုးရိမ်လာသည်။





သူ့အရှက်ကွဲမည်၊ ငါ့ကို မမြင်ချင်လောက်အောင် မုန်းသွားနိုင်သည်။

ကျောင်းအုပ်ကြီးဆီ ရောက်ပါက. . . ကျောင်းပင် အထုတ်ခံရနိုင်သည်။ သူ့ဘဝရှေ့ရေး. . . ငေးငေးလဲလဲထိ သူမ လိုက်တွေးမြဲတွေးရင်း အတန်းပိုင်ဆရာမ ဘာတွေသင်သွားလဲပင် မသိလိုက်။

"ဟင်း. . ."

သူမ ဟင်းချလိုက်၏။ တော်သေး၏။ ဆရာမ အမှုမဲ့ အမှတ်မဲ့. . စာအုပ်တို မြင်မသွား၊ ကံကောင်း၏။

သူမ ဖြစ်ချင်ရာဖြစ်၊ ပြန်ယူမည်အလုပ်. . . စာအုပ်ကို ဟိုတရုတ် တလေး စိန ဝင်မ,သွားသည်လေ. . ။

သူလည်း ထိုနေ့က ကျောင်းမတက်တာကိုက စာပေးပြီး ရှောင်နေ ကြောင်း သိသာနေပါတော့သည်။

ဘာတွေများ ရေးထားခဲ့သလဲကွယ်၊ ဖတ်ကြည့်ချင်စိတ်ဟာ အိပ်မက်ထဲထိ ပါလာတယ်လေ။ အိပ်မက်ထဲမှာတော့ အဲဒီမခုတ်တတ်တဲ့ ကြောင်ကြီး ဆိုးတယ်. . ။ သူများကို အတင်းကြီးပဲ. . . . . . . တယ် (သူများရှက်ပါတယ်)။

အဲဒီနေ့က စပြီး ခမ်းနားကြီးကျယ်ခဲ့သော ကျွန်မ၏သောကြာ အတိုက်ပုံးလေးထဲက ဘာမှ ထွက်မလာတော့ဘူးလေ. . . ရင်ထဲမှာ ဟာ သွားတယ်၊ မုန်းသွားပြီလား အရိပ်ကလေးရယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဒီနေ့ကတော့. . .

သူ့ကို မေ့ကိုမမေ့တာ၊ ထုရိုက်ကုတ်ဖဲ့ပစ်ချင်လိုက်တာ တကယ်ပဲ၊ ရယ်လည်း ရယ်ချင်တယ်။ ရယ်လို့လည်း ဘယ်လိုမှ မရတာ လေ. . .။

ထိုနေ့က အနာဂတ် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ဆရာမ (I want to)ကို ဝါကျတည်ဆောက်ခိုင်းသည်။

တင်သန်းမောင်က 'I want to be a pilot.' တဲ့. . ။ လေယာဉ် မှူး ဖြစ်ချင်တယ်တဲ့. . ။

မြင့်ဆွေက 'I want to be a lawyer.' တဲ့. . . ရှေ့နေပေါ့။

ကြည်ကြည်စမ်းက 'I want to be a doctor.' တဲ့. . . ဆရာဝန် ပေါ့. . ။

ကြင်မြအေးလို့ ဆရာမက သူ့နာမည်ခေါ်လိုက်သောအခါ သူ ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး သူများတွေနဲ့ မတူချင်တာလည်း ပါသည်၊ သူမရည်ရွယ်ချက်လည်း ပါသည်။ ကဗျာလည်း ဆန်ချင်သည်မို့. . .

"I want to be a good mother."





မိခင်ကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်ဟု သူမပြောလိုက်ခြင်း ပါ။

ဆရာမက သူမဝါကျကို ပြုံး၍. . .

'Very good ambition.' ဟု ချီးမွမ်းပြီးပြီးချင်း သူမကို ပြန်မထိုင် ခိုင်းသေးဘဲ. . .

"မောင်အောင်ထွဋ်. . . မင်း မောင်ကျင်ဟုတ်ကို တစ်ခုခု ပြော လိုက်တယ်. . . ဘာပြောလိုက်တာလဲ!". . တဲ့။

သူ မတ်တတ်ရပ်ပြီး မျက်နှာတွေ နီရဲနေတာကို ဖျတ်ကနဲ လှည့် ကြည့်လို့ မြင်နေရတယ်လေ။

"ဘာမှမပြောပါဘူး ဆရာမ"

"မင်းပြောလို့ ဟိုမယ် မောင်ကျင်ဟုတ် ရယ်နေတယ်၊ ကဲ. . . မောင်ကျင်ဟုတ် ထစမ်းပါဦး. . . မင်းကို သူဘာပြောလို့ ရယ်နေတာလဲ!"

ကျင်ဟုတ် ဘုကနဲ အီးပေါက်ပြီးမှ ထရပ်သည်။

"ဟီး. . ဟီး. . ကြင်. . ကြင်မြအေးက. . . 'I want to be a good mother.' ဆိုတော့. . . ဒီကောင်က 'I want to help Kyin Mya Aye' တဲ့ ဆရာမ. . . သူ ကူညီချင်တယ်တဲ့"

ဝါးကနဲ တစ်ခန်းလုံး ဝိုင်းရီတော့တာပေါ့၊ ဆရာမလည်း အံ့ဩ တောင် မဆည်နိုင်ဘူး၊ ရီလိုက်တာ. . အပျိုကြီးလေ. . . ကျွန်မ မတ်တတ် ကြီးရှက်၊ လိုက်ရယ်လို့လဲ မရ. . . ဒေါသလည်းဖြစ်၊ နှုတ်ခမ်းစူပြီး မျက် စောင်းနဲ့ပဲ လှမ်းထိုးပစ်လိုက်ရတယ်. . (ချစ်မျက်စောင်းပါကွယ်)

ဟင်!!. . . ကျူချင်ဦး. . ကူချင်ဦးဆိုပြီး သူ့ကျောကုန်းကို တဘုန်း ဘုန်း ထုပစ်ချင်လိုက်တာလေ၊ နောက်ရက် ကျွန်မ ကျောင်းပျက်တယ်။ သုံးရက်ဆက်တိုက်ပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နေမကောင်းသောနေ့ရက်များမို့ ကျောင်းပျက်ခြင်းဖြစ်သည်။ ထိုညနေက သူ. . ကျောင်းသားတွေနှင့် ရောယောင်ပါလာတာကို အပေါ်ထပ် မှန်ပြူတင်းက ချောင်းကြည့်နေသော သူမ လှမ်းမြင်နေရပါသည်။

ပျော်သွားသည်။

ပေစောင်းပေစောင်း အိမ်ထဲ လှမ်းချောင်းသည်။ ဖေဖေနှင့် တိုးတော့မည်။ အောက်ထပ်မှာ ဖားသားကြီး ရှိနေသည်။

ဟိ. . ဟိ. . ခလုတ်နှစ်ခါတောင် တိုက်သည်။ ရယ်ပြီးမှ သနားသွားသည်။ နာသွားမှာပဲ. . . ဥုံဖွ. . ။ သူ ဘူတာထဲ ယောင်လည်လည်လုပ်နေတာလည်း လှမ်းမြင်နေရသည်။ အပြန်တစ်ယောက်တည်းမို့ တစ်ခါပဲ လှည့်ကြည့်သည်။ ရော. . . ခလုတ်တိုက်ပြန်သည်။

တောက်!. . . အိမ်ရှေ့လမ်း ကိုက ကျောက်ခဲပေါသည်လေ။

လိပ်သဲကျောက် လေးခြောက် sizes တွေ. . . ။

ကွမ်းယာဆိုင်မှာ လွယ်အိတ်အပ်ပြီး နောက်တစ်ခေါက် ပြန်လျှောက်တော့ တိုက်တော့မည်. . ။ နည်းတဲ့ ကျောက်ခဲကြီး မဟုတ်။





ရှေ့မှာရှေ့မှာ. . ဟု စိတ်က လှမ်းအော်. . ဒုတ်ကနဲ တိုက်မိတော့သည်။

ဘူတာအဝင်ဝက ကုက္ကိုရွက်တွေ ခူးပြီး သူ့ခြေမတို့ သိပ်နေသည်။ ဆေးဝါနှင့်ဂွမ်း ပေးချင်လှသည်။ ပေးမည်။ သူမ အောက်ဆင်းလာခဲ့သည်။ ကုက္ကိုရွက်က ပျောက်လို့လားကွယ်. . . မတော် ပိုးတွေများ ဝင်နေရင်. . ။ အပြန်၌ သူ လူစည်ကျသည်။ အိမ်ရှေ့တည့်တည့်တွင် ထိုင်ချပြီး ခြေမကို ပြင်စည်းသည်။

"ကျွန်မသူငယ်ချင်း ဖေဖေ. ." ဆိုပြီး ဖြစ်ချင်ရာဖြစ် ဂွမ်းနှင့်ဆေး ထွက်ပေးမည်အပြု၌ ဖားသားကြီး ကုလားထိုင်ကအထ သူလည်းကြောက်သည်ထင့်၊ ဝေါက်ကနဲ ထပြေးတော့သည်။ ဖေဖေက အင်္ဂလိပ် Boxing ရော၊ မြန်မာလက်ဝှေ့ပါ ရသည်။ သထုံဘနှစ်နှင့်ပင် ယှဉ်ထိုးဖူးတာ သူသိနေပေလိမ့်မည်။

နောက်နေ့အစောကြီး ဒေါ်ဒွေးဖြူ အကြော်ဆိုင် ရောက်နေသည်။ ဖေဖေက ဒုတ်ကောက်ကြီးနှင့် ဆိုင်ထဲ တန်းဝင်သွားတာ အကြော်မှာဖို့မှန်း သူမက သိနေသည်။

သူဘာတွေဖြစ်နေသည်မသိ။ ဖေဖေ့မှန်ပြောင်းနှင့် သူမ ချောင်းကြည့်သောအခါ. . လား. . လား၊ အချဉ်ရေတွေ ကုက္ကိုပင်ဘေးမှာ အန်ခနေပါလား။ သူမ မှန်ပြောင်းကြီး ပစ်ချပြီး အူတွေ လိပ်အောင် ရယ်ခဲ့သည်လေ. . . ။

ကျွန်မအဲရိုပ်ကလေးရယ်. . . ဖြစ်ရလေကွယ်. . . ဖေဖေ့ကိုကြောက်ပြီး ချဉ်ရည်နဲ့ ရေနွေးခွက် မှားသောက်မိတာပဲ ဖြစ်မှာပေါ့။

နောက်နေ့ သူအကြော်ဆိုင်မှာ အစောကြီး လာဝိုင်းကူနေသည်။ ဖားတာပေါ့နော်. . ။

ကျွန်မကို ခဏတွေ့ရဖို့အရေး ထင်းတွေခွဲ၊ ရေတွေခပ်၊ မီးဖိုနားယပ်တောင်တစ်ချောင်းနဲ့ မီးတောင် ဝိုင်းယပ်ပေးနေရသတဲ့လားကွယ်။ ကျွန်မ ချစ်မြတ်လိုက်ပါဘိတော့. . ။

မကြာခင် အကြော်ထုပ်ကလေး ကိုင်ပြီး သူ ခြံတံခါးဝ ချောင်းလာသည်။ သူမ ဆင်းယူမည်ဟု ကြံစည်တော့. . . မမျှော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ သူ့အယ်လ်ဖေးရှင်းကြီး "ဘိုဘို" ခြံဝက ခြင်းတောင်း သွားယူပေးတာကို တသသ ဂုဏ်ယူလေ့ရှိသည်။ သူမကိုယ်တိုင် ထွက် ယူသည်ကို ဘယ်နည်းနှင့်မှ ကြိုက်မည်မဟုတ်။

ဘဲလ်ဆွဲသံလေး ကြားတော့ သူမရင်တွေ ခုန်လို့၊ သူများဆွဲတာ ကြားဖူးနေကျပေမင့် သူ့လက်နဲ့ ဆွဲ၍ ပေါ်လာသော အသံလေးတ ပို၍ နားထဲ နားဝင်ပီယံဖြစ်နေသည်။ ဒါတွေကို သူသိပါလေစ. . .။

ဝုတ်. . ကနဲ ဘိုဘို ထိုးဟောင်လေတော့. . . သူဘယ်လောက် ကြောက်သွားမလဲ။ ဂျိတ်. . ကနဲ တံခါးပြန်ပိတ်တော့ စိတ်ညစ်သွားရတာ က ကျွန်မပါ။

ချစ်သော အရိပ်ကလေးရယ်၊ မောင်. . လို့ တိုးတိုးလေး မရဲတရဲ ခေါ်ကြည့်မိတယ်၊ ခေါ်မယ်နော်။ မောင်ကျောပေးထွက်ခွာသွားတော့. . . ကံကြမ္မာဆိုတာကြီးက ကျွန်မနဲ့မောင့်ကို မတွေ့ရအောင် ခဏခဏ လုပ်နေ တယ်လို့ စိတ်ထဲထင်လာလို့ ကျွန်မငိုချလိုက်မိတယ်။

နက်ဖြန်ကျောင်းတက်မယ်၊ မောင်နဲ့ အနီးဆုံးနေရာမှာ ကျွန်မ ရှိနေချင်တယ်။ ဒီမှာ မောင်. . ၊ မိန်းမတွေဟာ အင်မတန် နူးညံ့သိမ်မွေ့နေ တတ်တယ်။ ပြီးတော့ သူမတူအောင်လည်း ရဲရင့်ပြတ်သားနေတတ်တယ် ကိုအုန့်ပုန်းကြီးရေ၊ အုန့်ပုန်းမောင့်ကို ရဲရင့်ပြတ်သားစွာ ကျွန်မချစ်တယ်။

ကျွန်မရေးတဲ့အုန့်ပုံး စာလုံးပေါင်း မှားသွားလား မသိဘူး၊ အုန့်ပုန်း လဲ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ်ပါ. . . ကျွန်မ ရဲရဲရင့်ရင့်ပဲ ဆုံးဖြတ်လိုက် တယ်။

မောင် အံ့ပွင့်လာတဲ့တစ်နေ့ထိ ကျွန်မပြတ်ပြတ်သားသား စောင့် မယ်. . . ဒါပဲ မောင်. . . ။

၅ ၅ ၅ ၅





နောက်နေ့ အစောကြီး နိုးနေခဲ့သည်။ သူမ မျက်နှာသစ်ပြီးမှပင် One Up ရထားကြီး ဘော်ဘူးအော်၍ ဖြတ်သန်းသည်။ ခါတိုင်းဆို သူမ အိပ်ယာက ဘော်ဘူးအော်မှ ထတာလေ. . ရေနွေးနှင့် ခေါင်းလျှော်ရေချိုး သည်။ Dryer နှင့် ဆံပင်တွေ လက်နေအောင် သ,သည်။ တွီရတန. . . ဆေးမိတ်ကပ်လူးသည်။ အပေါ်က ယာဒ်ဒလေမိတ်ကပ် တစ်ထပ်တင်ပြီးမှ ရှင်မတောင်သနပ်ခါး မှုန်မှုန်ညက်ညက်ကို ပြေပြေညီညီ လူးသည်။ ပြီးမှ ပါးကွက်လှလှလေးကို ညီနေအောင် ကွက်သည်။ သွားပွတ်တံနုနုလေးနှင့် အစင်းကြောင်းလေးတွေ ပြေးနေအောင် ခြစ်သည်။ ယပ်တောင်ကူမှ အခြောက်မြန်သည်။ သွားပွတ်တံရှိ သနပ်ခါးဖတ်တွေ ကုန်စင်အောင် ပွတ်ထုတ်၍ မလိုသည်များ ခပ်ပါးပါး ခြစ်ပစ်သည်။ မျက်ခုံးမွှေးကတော့ သနပ်ခါး ခြစ်ပစ်ရုံနှင့် ထင်းကနဲ နက်ကနဲ ပေါ်လာသည်။ မျက်တောင်တ သနပ်ခါးမှုန်တွေကိုတော့ မျက်စေ့လေး အသာမှေး၍ လက်သန်းလေးနှင့် ဝင် ပွတ်ခါလိုက်သည်။

တို့ပတ်ပုဝါလေးကို ယဒ်ဒလေပေါင်ဒါမှုန့်နှင့် တို့၍ လက်ခေါ တွင်ပင် ဖိဖိဖွဖွလေး လုံးပြီး အပြီးသတ် တို့ပတ်ရိုက်ခြင်းနှင့် မျက်နှာခြင်း မှုန်းခြင်းကိစ္စ ပြီးစီးသည်။

သုံးရက်သုံးည လွမ်းနေမည့် မောင့်အတွက်ပါကွယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကိုတော့ ရှေ့မျက်နှာပေါ် အောင် လိုသလောက်သာ လှန်ဖြီး၍ တလစ်နှင့် ညှပ်လိုက်သည်။ ဖါးလျားပင် ချမည်။ သူမ ဆံပင်ကို မြင်သည်နှင့် မောင် စိတ်လှုပ်ရှားသွားရမည်။ မေမေ ပုံစံအသစ်ထုတ် ချုပ်ထားသည့် အဖြူဆုံး အလှဆုံး အင်္ကျီလေးနှင့် အစိမ်းပုတ်ပုတ် ထမိကို ရွေးပြီးသားဖြစ်သည်။ (ရေမွှေးဆွတ်ပြီးဖြစ်သည်) အပြာရောင် ဆွယ်တာလေး ထပ်သည်။ အိုကေပြီ. . .။

မနက်စာကို ဝဝလင်လင်စားပြီး လာနေကျအချိန်ထက် အနည်းငယ် စောပြီးထွက်ခဲ့သည်။ ထင်ထားသည့်အတိုင်းပင် မေတ္တာပေါင်းကူး တံတားပေါ်မှာ သူမအရိပ်ကလေး. . အဝေးကပင် ဒိတ်ကနဲ ရင်ခုန်ရပါသည်လေ. .။ အောင်မယ်. . . နုနုငယ်ငယ်ဇာတ်ကားနှင့် ကျော်ကြားသော မင်းသား ခင်မောင်ကျော် ခေါ် ကျော်ဟိန်းစတိုင်လ်နှင့် ကိုယ်တော်မောင်က ဂိုက်ပေးပြီး ရပ်နေပါ့လား. .။ (သူမ မောင်က ကျော်ဟိန်းထက် ချောပါသည်)

သူက တံတားကြမ်းခင်းကို မမြင်ဖူးသလို ငုံ့ကြည့်လို့ပါလား။ လူက ရှင်းနေသည်။ အနားရောက်မှ ဖျတ်ကနဲ ငုံ့ရာက မော့ကြည့်လိုက်ရင်. . . သူမ ရင်ဆိုင်ပြုံးကြည့်မလား. . .၊ ဒါမှမဟုတ်. . ခဏလေး. . ပြောစရာရှိလို့. . . လို့ ပြောရင် သူမ. . ဘာလုပ်ရပါ့။ ဘာဖြစ်ဖြစ် ရပ်ပြီး မျက်နှာကို မျက်ဝန်းနက်နက်တွေ ထောင့်ကပ်ပြီး ကြည့်ဝစ်လိုက်မယ်။ သူ စကားစလာရင်. . . "ဘာပြောမလို့လဲ. . . ပြောလေ" ဟူသောစကားနှင့် လမ်းဖွင့်ပေးလိုက်မည်ဟု ရင်ထဲက တိုးတိတ်စွာ စီစဉ်ရင်း. . . တံတားကြမ်းခင်းပေါ် သူမတစ်လှမ်းချင်း လျှောက်လာနေမိသည်။ သူမ ကိုယ်တွင်းက မြည်ဟီးနေသော ရင်ခုန်သံတွေ ခြေဖဝါးမှတဆင့် တံတားကိုပင် ရိုက်ခတ်နေသည် ထင်မိသည်။

သူနှင့်နီးလာလေလေ မြည်သံက ကျယ်လောင်လာလေလေ။ သူနှင့် ပို၍နီးလာလေလေ ပို၍မြန်လေလေ. .။ (သူကြားသွားမှာစိုး၍ အသက်ကို မျှင်းမျှင်းလေး ရှူနေရာက သူ့ရှေ့က အဖြတ်၌ အသက်ရှူပင် ရပ်ထားလိုက်မိသည်။) ဖျတ်ကနဲ သူမထမိနှင့် သူ့ခြေဖမိုးလား. .၊





သူ့ပုဆိုးလား ထိခတ်သွားသည်(ထင်သည်)။ ကိုယ်တော့်ပါးစပ်က ဘာအသံမှ ထွက်မလာ။ ခေါင်းမော့၍ ကြည့်ဖော်ပင် မရ။ လှမ်းမခေါ်၊ ပြော်. . .လိုက်တောင်မလာ။ မတ်တတ်ကြီးပင် အသက်ဓါတ် ပြတ်တောက်သွားရော့လား. .။

မနေ့တစ်နေ့က တွေ့ချင်လွန်းလို့. .၊ ခလုတ် တဒုတ်ဒုတ် လာတိုက်တာ သူမဟုတ်ဘူးလား. . .၊ အချဉ်ရည် မှားသောက်တာ သူမဟုတ်ဘူးလား. . .၊ တွေ့ချင်လွန်းလို့ အကြော်ဆိုင်မှာ ကူလီလာလုပ်နေတာ သူ မဟုတ်ဘူးလား. . .။

ဒီမှာဖြင့် အလွမ်းပြေအောင် ပြင်လိုက်ဆင်လိုက်ရတာ. . .၊

ဒီမှာဖြင့် သူအပန်းပြေအောင် အပြုံးတစ်ပွင့် ပွင့်ပြဖို့(အင်နဲ့အားနဲ့ အစွမ်းကုန်) ဖူးလိုက်ငုံလိုက်ရတာ. . .၊

ဟွန့်. . .သူက တံတားကြမ်းခင်းကို မေတ္တာမျှနေလိုက်တာ မပြောလိုက်ချင်ဘူး. .။

တကယ်လည်း ဘယ်သူ့ကိုမှ မပြောလိုက်ရသော သူမ ရင်တွင်းက စူးစူးနစ်နစ် ချစ်ခြင်းမေတ္တာသည် စာမေးပွဲ နီး၍ စာကို ဖိကြိုးစားရသောအခါ ငုတ်လျှိုးသွားခဲ့ရလေသည်။

ထို့ပြင် သူမက မန္တလေး ဆေးတက္ကသိုလ် ရောက်၍ သူက ပိုင်အိုင်တီ ရန်ကုန် ရောက်သွားသောအခါ ငုတ်လျှိုးရာမှ(မောင့်ဘက်က) ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့လေသည်။

သူမက ငုတ်လျှိုးရာမှ ခဏခဏ ပြန်ပေါ်၍ တမ်းတမ်းတတ သတိရခဲ့. .၊ ရဆဲ ဖြစ်သော်လည်း ဆေးတက္ကသိုလ်ကျောင်းသတ် တစ်လျှောက်လုံး သူ့ဆီက ဘာမှဆက်သွယ်မလာခဲ့။ သူက အပျော်အပျက် ခဏတာရင်ခုန်တာ နေမှာပါ။ သူမ လွမ်းဆွတ်ကြေကွဲခဲ့ရပါလေသည်။

မယိမ်းမယိုင် ကျောက်စာတိုင်လို စောင့်စားရင်း. . တစ်ခါတစ်ရံ နာကျင်သည်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း(၁၁)

"မမ. . မမ. . ၊ ကြက်ဥပူတင်လေးတော့ ကုန်အောင်စားပါဦး မမရယ်၊ အားရှိအောင်ပါ. . . မကောင်းလို့လားဟင်!၊ မမ တစ်ဇွန်းခပ်စားပြီး. . . စိုက်ကြည့်နေတာ အကြာကြီးပဲ"

"ကောင်းပါတယ်ကွယ်. . . အရသာရှိပါတယ်၊ မမ အတွေးလွန်သွားလို့ပါ၊ ဟယ်!. . . ပြီးမှ စားတော့မယ်၊ သွေးစစ်ရဦးမယ်"

သူမ နာရီကြည့်ရင်း ထရပ်သည်။ ဆေးအရှိန်ကြောင့်လား၊ ဝေဒနာကြောင့်လား၊ အိပ်မောကျနေသည့် သူ့မျက်နှာကို တစ်ချက်ကြည့်၍ မျက်ရည်ဝေ့လာသည်။

ပြီးမှ သွေးထုတ်ယူရန် တစ်ခါသုံးအပ်နှင့် ပင်နယ်စလင်ပုလင်းဆီ လက်ကမ်းသည်။

အမေကြင်ကတော့ မျက်စေ့စုံမှိတ်၍ ပုတီးစိပ်နေသည်။

စိန်နှင့် ပိုကာက ပြိုင်တူသက်ပြင်းချရင်း တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကာနေ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ အောင်ကောင်းက သူမ အထိတ်တလန့် ပြုလာသော သွေးစစ်မှတ်တမ်းနှင့် အမူအယာ ပျက်နေပုံကို ကြည့်၍. . .

"မင်း Emotion ဝင်နေပြီ ကြင်ကြင်၊ ပညာရှင်ဆိုတာ အဲ့သလောက် စိတ်လှုပ်ရှားနေရင် အနိုင်ထက် အရှုံးဖက်ကို အလိုလို ရောက်သွားနိုင်တယ် ကြင်ကြင်ရာ၊ ကိုကိုပါ ရအောင်ကုမယ်လို့ သံဓိဋ္ဌာန် ချထားတာကို သတိရပါ။ စိတ်ကို ငြိမ်နေအောင် ပြန်တည်ဆောက်စမ်း"

"ဟုတ်ကဲ့ပါ. . . ကြင်ကြင် စိတ်အပူလွန်သွားလို့ပါ ကိုကို. . သူ. . သူ့ဦးနှောက်ထဲကို သူ. . သူတို့ ဝင်တော့မယ်၊ ဝင်တာနဲ့ ကြင်ကြင်တို့ ရှုံးတော့မယ်"

"ပြောရင်း မင်းလှုပ်ရှားနေပြန်ပါပြီကွယ်၊ စိတ်အေးအေးထား. . ကိုကို့အလုပ်ကို ကိုကိုသိပါတယ်၊ ကာရိုးတစ် သွေးလွှတ်ကြောကနေ ကိုကို အစွမ်းကုန် ကုပေးမယ်၊ နိုင်မနိုင်ကတော့ ဘုရားသခင်ပဲ ကြိုသိမယ်၊ You should have to pray."

ကိုကိုက သူမကို ဆုတောင်းခိုင်းသည်။ ရင်သည် ဆို့နင့်လာနေ၏။ ကိုကို သူ့ကို ခွဲစိတ်တော့မည်လေ။ အနည်းဆုံး ငါးနာရီကြာမည်။

၅ ၅ ၅ ၅





"ဟုတ်ကောင် စိန. . . ဒေါက်တာအောင်ကောင်းက. . . အော်ပရေးရှင်းအခန်းထဲ ကြင်မြအေးကို ပေးမဝင်ဘူးကွ၊ လာ. . . သူ စိတ်ပြေအောင် တို့စကားသွားပြောမယ်"

"အေး. . . ကောင်းတယ်၊ စိတ်ပူတယ်ကွာ၊ ငါလည်း စကားပြောနေမှ စိတ်ပူတာ ပျောက်မယ်၊ အန်တီကြင်လည်း ပုတီးစိတ်နေတုန်းလားကွာ. . . သူတို့ညီအစ်မ ဘယ်ကဘယ်လို သိက္ခမ်းခင်မင်နေသလဲ ဆိုတာ ငါစပ်စုချင်နေတာ"

ခွဲစိပ်ခန်းဘေးက ကြင်မြအေးနှင့် ခင်ပွင့်ဖြူ ရှိနေသောအခန်းဆီ နှစ်ယောက်သား ချီတက်လာသည်။ ခန်းဆီးကို ဖယ်ကြည့်သောအခါ ကြင်မြအေးရော ခင်ပွင့်ဖြူပါ ဘုရားဝတ်ပြုနေကြ၍ ခဏစောင့်ရသေးသည်။

"ဒေါက်တာကြင်မြအေး. . . ကျွန်တော်တို့ ဝင်ခဲ့မယ်နော်. . . စကားစမြည် ပြောနေရင်း စိတ်ပူရင်ပူ နည်းနည်းပြေမလားလို့ပါ"

ကြင်မြအေးက ခပ်နွမ်းနွမ်း မျက်နှာပေါ်တွင် ခင်မင်နှစ်သိုဖွယ် အပြုံးကို ဖွင့်ပြုံး၍. . .

"လာပါရှင်. . . ကျွန်မကို ဒေါက်တာ တပ်မခေါ်ဘဲ နှင်းဆွေ တွေနဲ့ ငယ်ငယ်ကလိုပဲ သူငယ်ချင်းခေါ် ကြင်မြအေးပဲ ခေါ်ပါနော် ကျွန်ကလည်း သူ ရှင်တို့ကို ခေါ်သလို စိန. . ပိုကာပဲ. . သူ့လို ခေါ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ ပိုရင်းပြီး ပိုလွတ်လပ်တာပေါ့ဗျာ"

ခင်ပွင့်ဖြူက ခါးအကျီစကို ဆွဲဆန့်၍ထရင်း. . .

"ကျွန်မ ကော်ဖီလေးခွက် သွားဖျော်လာခဲ့မယ်နော်. . Tea time ဆိုတော့ စကားပြောရင်း ကော်ဖီသောက်ကြတာပေါ့"

စိနက ပို၍ပျော့ပြောင်းစွာ ခင်မင်သွားရန်. . .

"ဟာ. . . မလုပ်ပါနဲ့၊ အားနာစရာ. . . မုန့်ပါ ရှိသမျှ ယူခဲ့. . ! ကျွန်တော်က နိုစိမ်းများမှ ကြိုက်တာလည်း အားနာလို့ မပြောတော့ပါဘူး"

ခင်ပွင့်ဖြူက အပူကြားက ပြုံးပြ၍ သူတို့ရှေ့မှ ခေါင်းငုံ့ ခါးကိုင်းပြီး ထွက်သွားသည်။

ပိုကာက ကောက်ခါငင်ခါ မေးတော့သည်။

"ကြင်မြအေး. . . နင် အဲ့ဒီခင်ပွင့်ဖြူနဲ့ သိတာ၊ အဲ. . ခင်တာ တော်တော်ကြာပြီလား!. . ."

"အင်း. . . သုံးလေးနှစ်တောင် မကတော့ဘူး ထင်တယ်၊ ဘာဖြစ်လို့လဲ!"

စိနက. . .

"နင်နဲ့ ရုပ်ချင်းတော်တော်တူနေလို့ပါ၊ သူနဲ့နင် တွေ့တွေ့ချင်း မအံ့သြသွားဘူးလား!. . ."

"အံ့သြသွားတာပေါ့. . . စကားတောင် ချက်ချင်းမပြောနိုင်ကြဘူး၊ တစ်ယောက်ကိုတစ်ယောက် အကြာကြီးပဲ ကြောင်ပြီးကြည့်နေမိကြသေးတာ"

ပိုကာ သိချင်တာ ဖြတ်မေးသည်။

"နင်တို့က ဘယ်မှာတွေ့ကြတာလဲ!. . ."

"အဝေးပြေးကားပေါ်မှာလေ. . . ညီမလေးပွင့်က အဲ့ဒီကားပေါ်မှာ ပါလာတာ၊ အဲ့ဒီကားကို ကျွန်မက ဒီက တက်စီးမိတာ. . . သူ့ဘေးက ထိုင်ခုံပဲ. . ."

"အဲဒါလည်း ဆန်းတာပဲ၊ အဲဒီတော့. . ."

"အဲဒီတော့ ရန်ကုန်မရောက်ခင် လမ်းမှာတွင် ညီအစ်မအရင်းလို ခင်သွားကြတာပေါ့. . . ကားပေါ်က လူတစ်ချို့ဆို အမွှာညီအစ်မ တကွဲတပြား နေကြတာလို့တောင် ထင်ကြတာ. . . သေချာကြည့်တော့ ပွင့်က ပိုလှပါတယ်၊ ကျွန်မထက်လည်း ငယ်တယ်၊ နုတယ်၊ ပွင့်လင်းတယ်၊ ပွင့် ပြန်မလာခင် ကျွန်မအရေးတကြီး သိချင်တာ မေးမယ်၊ အမှန်အတိုင်း ဖြေပေးကြပါရှင်. . ."



ပိုကာက. . .

"မေးလေ. . . ဒီအချိန်ဟာ အမှန်တွေပဲ မေးဖို့ဖြေဖို့ ရှိတော့တာပဲ ဥစ္စာ"

ခပ်တိုးတိုး လေသံနှင့်. . .

"ရှင်တို့ မြေဖြူနဲ့ ပွင့်အခြေအနေ ဘယ်လိုရှိလဲဟင်!. . . ကျွန်မ အသိချင်ဆုံးက အဲ့ဒါပဲ. . ."

စိနနှင့် ပိုကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ပြုံးသည်။ ပိုကာက စိနကို မင်းပြောလိုက်. . . တဲ့။

"အမှန်အတိုင်း ပြောရရင်. . . ငါတို့က မြေဖြူကို မြှောက်ပေးနေတာ. . . ခင်ပွင့်ဖြူကို နင့်အစား အပိုင်ယူလိုက်ဖို့ ဒီကောင်က ဘယ်လိုမှ မမြှောက်တာ. . နင်မှနင်ပဲ. . ."

ပိုကာက. . .

"အေးလေ. . . ရုပ်တူတယ်. . နင့်ထက်လည်း ချောတယ်၊ ငယ် လည်း ငယ်တယ်လို့ ငါတို့ အမှန်းလျှော့နေတာပါ. . . တကယ်သာ ကျိုးတော့ မယ်. . . မြေဖြူဆိုတဲ့လေ့က တစ်လက်မ မရွှေ့ဘူးဟေ့. . ."

ကြင်မြအေး နှုတ်ခမ်းက မပြုံးသော်လည်း မျက်ခုံးနှင့် မျက်လုံးတ သိသာအောင်ပင် ပြုံးသွားသည်ကို နှစ်ယောက်လုံး မြင်လိုက်ရသည်။ စိနတ သူ့လူဘက်က ကြေကြေကွဲကွဲ ရှေ့နေလိုက်သည်။

"နင်ကသာ ငယ်ငယ်ကတည်းက ခုထိ သူ့ကို အရေးမလုပ်တာပါ တာ. . . သူက နင့်ကို စပြီးချစ်ကတည်းက သတ္တဝါ ဝေနေယျနဲ့ ကြင်မြ အေးဆိုပြီး နေ့တိုင်း တစ်ရက်မပျက်နော်. . . မေတ္တာပို့ဆဲပါ. . အဲဒါ ဒီနေ့ထိပဲ. . . ဒါတို့ သိနေတဲ့ ငါတို့ တော်တော်ခံစားပါတယ်ဟာ၊ ရှင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီးပြီး အလွန်လေးနက်တဲ့ကောင်ကြီး. . .”

ပြောရင်း လော်ပန်ကြီး မျက်ရည်ဝဲသည်။ နောက်ဆုံးစကား၌ ပူပင်ကြောင့်ကျမှု စွက်နေ၍ အသံတွေပင် တုန်အက်ထွက်လာသည်။

“ဩော်. . . ကျွန်မက အရေးမလုပ်ဘူးတဲ့လား!. . . ကျွန်မ အားလုံးသိနေခဲ့သူပါရှင်. . သူ. . နေ့တိုင်း မေတ္တာပို့တာ ဒီနေ့ထိဆိုတာ သိပါတယ်၊ နယူးဇီလန်ကတောင် ကြေးစည်ထုပြီး မေတ္တာပို့တာ ကျွန်မ သိနေခဲ့ပါတယ်. . .”

“ဟေ!. . .”

“အယ်!. . .”

နှစ်ယောက်လုံး အာမေဍိတ်သံ ပြိုင်တူထွက်သွား၏။

“သူ. . ကိုပိုကာကို ကျွန်မပုံတူ ရေးခိုင်းတာ၊ ခေါင်းရင်းမှာ ကပ်တာ၊ ကျွန်မသောက်တဲ့ရေခွက်လေး သူ သိမ်းထားတာ၊ ကျွန်မနဲ့ ခတ်မိတဲ့ လုံချည်လေးရော၊ ကျွန်မ Pass port ဓါတ်ပုံလေးရော သူ့မှာ ရှိနေတာ အို. . . ကျွန်မလွယ်အိတ်၊ ကလစ်၊ ခေါင်းစည်းကြိုးကအစ သူ မှတ်တမ်း တင်ထားတာတွေ၊ သူ ခုထိ အမြတ်တနိုး ရှိနေတာတွေ ကျွန်မ အားလုံး. . အဟင့်. . . သိနေခဲ့ပါတယ်ရှင်. . . အဟင့်”

သူမ ရှိုက်သံစွက်လာ၏။

“ဟင်!. . .”

“ဟား!. . . တို့တောင် မသိဘူး”

“အနီးကပ်တို့တောင် တချို့တလေပဲ သိတာ. . .”

ပိုကာရော စီနပါ အံ့ဩစွာ မျက်လုံးတွေ ပြူးသွားစဉ် (အလိုက်သိစွာ) အသံအရင်ပေး၍ ပွင့် လင်ပန်းနှင့် ဝင်လာလေသည်။

“ကော်ဖီရပါပြီရှင်”

စကားဝိုင်း ခဏပြတ်တောက်သွား၏။

၅ ၅ ၅ ၅



သူ တဖြည်းဖြည်း ပြန်လည်နိမ့်ဆင်းလာနေသည်။ ဟင်းလင်းပြင် အနန္တအပြားက. . . သူရေးထားသော စာလုံးများလည်း တဖြည်းဖြည်း ပျောက်ပြယ်ကာ. . . ဟင်းလင်းပြင်သည် ချင်းချင်းနီရဲနေတော့သည်။ သူ တဖြည်းဖြည်း ထပ်မံ နိမ့်ဆင်းလာနေသည်။ လဘေးက ဖြတ်သန်း၍ နိမ့်ဆင်းလာသည်။ သူနိမ့်ဆင်းနေသော ဝန်းကျင်ကြီးတစ်ခုလုံး သူ၏ သွေးမှုန်များနှင့် ချင်းချင်းနီနေသည်။

မာယာကော့ဝ်စကီး ကဗျာထဲကလိုပင်. . .

ဟင်းလင်းပြင်ကြီး သွေးတွေနဲ့ ချင်းချင်းနီလို့

ကြယ်တာရာတွေလည်း ခေါင်းတွေ ပြတ်လို့. . .။

သူ တဖြည်းဖြည်း နိမ့်ဆင်းနွှန်း မြန်လာနေသည်။ ပို၍မြန်လာသည်။ ထို့ထက်ပို၍ မြန်လာသည်။ ဆွဲငင်အားကြီးမားသော မြေကမ္ဘာသို့ ဦးစိုက်ထွမ်းပြန် ပြန်လည်ချဉ်းကပ်နေသည်။ ကမ္ဘာမြေ၏ဆွဲငင်အားသည် ဤမျှကြီးမားလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထား။

ခံလည်း မခံစားဖူးခဲ့. . ။

ဟင်းလင်းပြင်၏ လျှို့ဝှက်သိပ်သည်းသော အနက်ရောင် ဘော ဘောင်ထုနောက်ခံတွင် ပြာလဲ့စိမ်းဖန့်နေသော လူ့ကမ္ဘာဂြိုဟ်ကြီး မှုန်ဝါး

www.burmeseclassic.com



အောင် လှလိုက်တာ. . .။

အလို!. . . ထိုဂြိုဟ်ပြာကြီး သူ့ဆီ အရှိန်အဟုန်ပြင်းစွာ ပြေးဝင်လာနေပါလား။ ခဏချင်းမှာပင် ကမ္ဘာပေါ်က ရှုခင်းတွေ. . . ပင်လယ်သမုဒ္ဒရာတွေ၊ မြစ်ချောင်းအင်းအိုင်တွေ၊ တောင်တန်းတွေ၊ ရှင်းလင်းပြတ်သားလာနေသည်။

ဟိုမှာ. . . အမြီးတွဲလျား ချကာ ဦးလည်မော့၍ တွန်နေသောခေါင်းပုံသဏ္ဍာန်နှင့် သူချစ်သည့်ပြည်. . . သူမြတ်နိုးသည့် အဖိုးမဖြတ်နိုင်သောမြေ။ အမေနှင့် ချစ်သော ကြောင်ကလေး ရှိရာမြေ၊ ထိုသို့ သိလိုက်ချိန်မှာပင်. . .

ကျဆင်းနှုန်းသည် တန့်သွားပြီး ဖောက်ထိုးမိုးမျှော် အနေအထားမှ ပက်လက်ဖြစ်သွားသည်။ တဖြည်းဖြည်းသာ နိမ့်ဆင်းတော့သည်။ ရုတ်ချည်း ဆေးရုံအမိုးနှင့် မျက်နှာကျက်ကို ရှဲကနဲ ဖောက်ဝင်ပြီး ကုတင်ပေါ်က ပက်လက် သူ့ခန္ဓာထဲ တစ်ထပ်တည်း ပူးကပ်ဝင်လိုက်စဉ်. . .

"ဟင်!. . ."

သူသည် ကုတင်ပေါ်မှ ကျွံကျ. . . အောက်က အင်္ဂတေကြမ်းခင်းမှ ကျွံကျ၊ ဘုရားသခင်. . . သူ မဟာပထဝီ မြေကြီးထဲ ကျွံကျနေပါရော့လား။

"အား!!. . ."





ကျွန်မနဲ့အမေက မတော်တဆ ဈေးထဲမှာ တွေ့ကြတာပါ။ Third M.B တက်နေတဲ့ ကျွန်မ ကျောင်းပိတ်လို့ မန္တလေးက ပြန်ရောက်နေတယ်။ အဲ့သည်တုန်းက ကျွန်မမေမေ ဆုံးပါးခဲ့ပါပြီ။ ကျွန်မပဲ ဈေးဝယ်ရတော့တာပေါ့. . ။ နောက်ထပ် ကျွန်မ အသစ်ရမယ့်အမေနဲ့ ဟင်းရွက်စိမ်းရောင်းတဲ့ဆိုင်မှာ စ,တွေ့တာပါ။

"ကြင်ကြင်. . . ပိုက်ဆံတွေလည်း ထားစရာနေရာတောင် မရှိတော့ဘူး၊ သားရှိရင်တော့ ဝယ်လိုက်ခြမ်းလိုက်တာ၊ သားလေးက ဘာကြိုက်လို့ ညာကြိုက်လို့နဲ့ ခြင်းတောင်းအပြည့်၊ သားမရှိရင်တော့ အသားသေးသေး ငါးသေးသေးပဲလား. . . ကိုယ်ကြိုက်တာလည်း အဟာရပြည့်အောင် စားဦးမှပေါ့. . ."

"အမေတွေအားလုံး သားသမီးကိုပဲ ဦးစားပေးကြတာလေကွယ်၊ သားကြိုက်တာ ချက်ကျွေးနေရတာကပဲ ပီတိနဲ့ အားပြည့်နေတာကွဲ့၊ အမေတွေဟာ အရိုးအရင်းကိုက်ရင်းနဲ့ အရိုးအရင်းပဲ ကြိုက်သွားကြတော့တာ မျှတာပဲလေ. . ."

"ဟုတ်ပါ့. . . ဟုတ်ပါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်တူဟင်းရွက်သည်ကြီးနဲ့အမေ အပြန်အလှန် ပြောနေတဲ့ စကားထဲမှာ အမေဆိုတဲ့ မေတ္တာတရားကို ကျွန်မ ဘွားကနဲ တွေ့လိုက်ရတာပါပဲရှင်၊ အမေတွေဟာ အရိုးအရင်းကိုက်ရင်းနဲ့ အရိုးအရင်းပဲ ကြိုက်သွားကြတော့တာ မမှတာတဲ့. . . ထမင်းဝိုင်းအသိမ်း၌ ကြက်တောင်ပံ ကြက်ခြေထောက်ရိုး ကိုက်ရင်း ကျန်ခဲ့တတ်တဲ့ ကျွန်မအမေနဲ့ အမေတွေ အားလုံးကို ကျွန်မ ပြန်မြင်ယောင်စေပါတော့တယ်။

အမေဟာ ကျွန်မချစ်သော အရိပ်ကလေးရဲ့မေမေမှန်း ကျွန်မ မသိသေးပါဘူး။ ဟင်းရွက်သည်အဒေါ်ကြီး ခေါ်လိုက်တဲ့ အမေ့နာမည်ကလည်း ကျွန်မကို တချို့သူတွေ ခေါ်တဲ့ ကြင်ကြင်ဖြစ်နေလို့ စိတ်ဝင်စားသွားတာလည်း ပါ,ပါလိမ့်မယ်။

အမေဟာ ဘေးဆိုင်မှာ ပုစွန်ကြော်လေးတွေ ဝယ်နေတယ်။ အမေ့ဆွဲခြင်းထဲ အသာငုံ့ကြည့်လိုက်တော့. . ဟုတ်ပါရဲ့၊ ကြက်ခြေထောက်၊ ကြက်ခေါင်းနဲ့ တောင်ပံရိုးအထုပ်လေးရယ်၊ ကန်စွန်းရွက်နှစ်စီးရယ်ပဲ ရှိနေတာ တွေ့ရပါတယ်။ ချမ်းသာပုံရပေမယ့် အရိုးအရင်း ကိုက်ရင်း ကြိုက်သွားပုံ ပေါ်ပါတယ်။ ဈေးတင်ထားတဲ့ ပုစွန်ကြော်ကို ဈေးမဆစ်တဲ့အပြင် အလေးခိုးတာကို မြုံးမြုံးကြီးလက်ခံပါတယ်။ ပြီးတော့ ပြန်အမ်းဖို့ အကြွေမရှိဘူး ကြီးမေလို့ ပုစွန်ရောင်းတဲ့ အမျိုးသမီးက ပြောတော့. . .

"တော်သည်တွေ မဟုတ်လား. . . အဝေးကြီးကလာရတာ ယူလိုက်တော့" တဲ့. . .။

ပြန်အမ်းရမယ့်ပိုက်ဆံဟာ ပုစွန်ကြော်အစိတ်သားဖိုးလောက် ရှိပါတယ်။ အမေဝယ်တာ (၁၅)ကျပ်သားထဲလေ။ အမေ ကျောပေးထွက်သွားပါတယ်။

ကျွန်မ ဟင်းရွက်စိမ်းဆိုင်ကို လာရတဲ့ အမိက,ကိစ္စ ရှိပါတယ်။

"ဒေါ်ဒေါ်. . . မနေ့က ကျွန်မ မုန်လာရွက် ခြောက်စီးဝယ်တယ်နော်. . . မှတ်မိလား. ."

"မှတ်မိတာပေါ့ ရုပ်ပိုင်ကြီးသမီးလေးရယ်၊ သမီးလာရင် သနပ်ခါးနံ့လေး သင်းသင်းသွားတာကိုး. . . ဟင်းဟင်း"





"အဲဒါလေ. . ကျွန်မ နမော်နမဲ့နိုင်တာပါ၊ အိမ်ရောက်တော့ ခုနစ်စီးဖြစ်နေတယ်. ၊ ရော့. . ဒေါ်ဒေါ် တစ်စီးဖိုး ထပ်ယူပါ"

ထိုအခြင်းအရာကို တို့စရာကျန်၍ ပြန်လှည့်လာသော ဒေါ်ကြင်ကြင် အတိုင်းသား ကြားမြင်နေရသည်။ သူမ၏မိန်းမသူ ပီသသော နောက်ကျောအလှကို ကြည့်၍. . .

အို. . . သူတော်ကောင်းမလေးပါလား၊ သူများတွေဆို တစ်ဝီး အပိုရတယ်၊ တန်တယ်ဆိုပြီး ငြိမ်နေလိုက်ကြတော့မှာ. . . ရိုးသားလိုက်တာ၊ ချောကလည်း ချောပါဘိနဲ့. . .။

ဒေါ်ကြင်ကြင် ဈေးတစ်ပတ်ပတ်သည်။ မြို့စားမြို့ရှင်များကိုဒွတရားသဖြင့် လုပ်သည်။ ဈေးက အထွက်၌ ဟိုက်ဝေးလမ်းပေါ် ကားတွေ ဥဒဟို ဖြတ်သန်းနေပြီ။ လမ်းမကြီးဘေး နင့်နေသော ဈေးခြင်းတောင်းကြီးဘေးခဏချ၍ လမ်းကူးရန် စောင့်နေသော အခုန ကလေးမလေး။ ရုပ်ပိုင်ကြီး သမီးဆိုလား. . .။

ဒေါ်ကြင်ကြင် သူမနံဘေး ချဉ်းကပ်သွားသည်။ သူမလှည့်ကြည့်သည်။ မှတ်မိပုံရသည်။ ပြုံးပြသည်။ ဒေါ်ကြင်ကြင်လည်း ပြုံးပြလိုက်ပြီး. .

"အမေက. . . ကားလမ်းကူးတာတော့ ကြောက်တယ်ကွဲ. . . တစ်ယောက်ယောက် ပါမှ ကူးရဲတာ၊ ဟော. . ကားရှင်းပြီ၊ သမီးခြင်းကလေးမယ်၊ ပေး. . . အမေ တစ်ဘက်က ဆွဲပေးမယ်"

"အို. . . မဟုတ်တာ အမေရယ်. . သမီးနိုင်ပါတယ်"

"ပေးပါကွယ်. . . တွဲပြီးသား ဖြစ်သွားတာပေါ့"

ကျွန်မခြင်းကို အစောင်းပဲ ကူဆွဲရင်း အမေနဲ့ကျွန်မ လမ်းမကြီးကိုဖြတ်ကူးလိုက်ကြပါတယ်။ လုံခြုံစိတ်ချမှုတစ်ခု ကျွန်မကို အုပ်မိုးလိုက်သလို ကျွန်မခံစားလိုက်ရပါတယ်ရှင်၊ အဲဒါ ကျွန်မဘဝမှာ ဒုတိယအမေနဲ့ စတင်တွေ့ရှိတဲ့ အမှတ်တရနေ့ပါပဲရှင်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



အမေဟာ ကျွန်မတို့မြို့လေးမှာတော့ ဆင်းရဲသားတွေရဲ့ အရှင်သခင် ဈေးဘုရင်မကြီးပါရှင်။ ကြီးပွားချမ်းသာနေသူ တော်တော်များများဟာ ခြေဖဝါး၊ လက်ဖဝါးပဲ ရှိတဲ့ဘဝမှာ အမေ့ကျေးဇူးနဲ့ မကင်းခဲ့ကြဘူးဆိုတာ ကျွန်မသိလာရတယ်။

အမေ့ရဲ့အမိက မြီစားတွေကတော့ ဆင်းရဲသားတွေပါပဲ။ အမေထုတ်ပေးထားတဲ့ အရင်းအနှီးနဲ့ ရောင်းဝယ်လည်ပတ်နေကြတာ တစ်ဈေးလုံးနီးပါးပါပဲလား။ ကျွန်မ အံ့မခန်း တွေ့ရှိရတာပါ။

"ရိုးရိုးသားသား လုပ်ကိုင်စားသောက်လိုစိတ် ရှိမရှိ. . . အမေကြည့်ရင်သိပါတယ်၊ အမေနဲ့ ပုံမှန်အလုပ်လုပ်နေသူတွေထဲက သုံးယောက်ကတော့ အသစ်ယူမယ့်သူကို အာမခံပေးရတာပေါ့ကွယ်၊ လူသစ်လိမ်ရင် သူတို့က ဆပ်ရမယ်လေ. . သူတို့ချင်း ပိုသိကြပါတယ်၊ သူတို့အချင်းချင်း လုပ်ငန်းအဆင်ပြေအောင် ဝိုင်းကူပြီးသားလည်း ဖြစ်သွားတာပေါ့. . ."

ထူးခြားတာက အမေ့ငွေတိုးဟာ အနည်းဆုံးဖြစ်ပြီး အမေ့ငွေ ဆုံးသွားတာ အလိမ်ခံရတာ မရှိသလောက် နည်းပါးခြင်းပါပဲ။

ဘယ်ကနေ ဘာကိုဝယ်၊ ခရီးစရိတ် အနည်းဆုံးဖြစ်အောင်





ဘယ်လိုသယ်ယူ၊ ရောင်းကုန်ကို ဘယ်လိုပြန်စီစဉ်၊ ဘယ်နေရာမှာ ယှဉ်ပြိုင်ရောင်း၊ ဈေးအကြောင်း ထောင်းထောင်းကြေ သိနေသော အမေ၏အကြံကောင်း ဉာဏ်ကောင်းတွေကိုလည်း သူတို့တွေ ဦးခေါင်းထက်မှာ တင်ထားကြသည်လေ။

ငွေကို ဘယ်လိုစုဆောင်း၊ ဒီလောက်စုဆောင်းမိတာ သေချာသလား၊ လာ. . အမေ့ငွေနဲ့ထပ်ပေါင်း၊ ဒီထက်ကြီးပွားမယ့် ဘာလုပ်ငန်းကိုပြောင်း. . . ဝယ်နည်းရောင်းနည်း ပေါင်းနည်းပါမကျန် အမေ့ဩဇာကို နာခံသူတွေချည်းပါလား. . .။

မိသားစု နေထိုင်မကောင်းတာကအစ. . . ကိုယ်တိုင်ကိုယ်ကအိမ်တိုင်ရာရောက်သွားပြီး ဘာဆေးသောက်၊ ဘယ်ဆေးခန်းသွား၊ အမေသည် ဆေးဖိုးဝါးခပါ လျှော်ဒါန်းသော ဆင်းရဲသူလူထု၏ကျန်းမာရေးကူညီသူလည်း ဖြစ်သည်လေ။ မာသာထရီဇာလည်း ဖြစ်သည်လေ. . .။

ယခုမှ ဆင်းရဲသားတွေအတွက် နည်းစနစ်အသစ်ဖြင့် ငွေထုတ်ချေးရန် ကြံစည်လုပ်ဆောင်နေသော ကမ္ဘာ့နာမည်ကြီးဘဏ်များကို အမေက သနားသည်။

သူတို့ ယခုမှ ထွင်သော နည်းစနစ်အသစ်ကို အမေ ဒီမြို့လေးမှာ လုပ်ခဲ့တာ အဟုတ်ပါရှင့်၊ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပါပြီတဲ့။ ကဲ. . .။

အဲ့ဒီအမေနဲ့ ကျွန်မ ဈေးထဲက မုန့်ဟင်းခါးဆိုင်၊ အသုတ်ဆိုင်၊ လက်ဖက်ရည်ဆိုင် ထိုင်ရင်းပဲ အမေ့အကြောင်း အဲသလောက် သိလာပြီးပိုလို့ လေးစားခင်မင်ခဲ့ကြတာပါရှင်၊ သူ့အမေမှန်းလည်း မသိသေးပါဘူး။ အိမ်လည်း တစ်ခေါက်မှ မရောက်ဖူးသေးပါဘူး. . .။

တစ်နေ့. . .

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်ကောင်း ခွဲစိပ်ခန်းထဲမှ ထွက်လာသည်။ ငါးနာရီနီးပါး ခွဲစိပ်ခဲ့ရသောကြောင့် မျက်နှာပေါ်တွင် ပင်ပန်းနွမ်းနယ်မှုတို့ အထင်းသား မြင်ကြရသည်။ ဘာစကားမှ မပြောနိုင်သေးဘဲ ခွဲစိပ်ခန်း ဝတ်ရုံပင် မချွတ်နိုင်ဘဲ မျက်နှာဖုံးနှင့် ခေါင်းစွပ်သာ ချွတ်၍ သူ၏နားနေ ခန်းထဲရှိ ကုတင်ပေါ် ပုံကနဲ လှဲအိပ်ချလိုက်လေသည်။

နားနေခန်း အခန်းတံခါးဝထိ နောက်က မျှော်လင့်တကြီး သတင်း မေးရန် လိုက်လာကြသော သူတို့အုပ်စု တန့်ကနဲ ရပ်သွားသည်။ ဒေါက်တာ ကြင်မြအေးက အုပ်စုရဲ့ရှေ့ဆောင်ဖြစ်သည်။

သူမ အခန်းဝက အထဲကို လှမ်းကြည့်ပြီး. . .

"ကိုကို အရမ်းပင်ပန်းသွားပုံရတယ်. . . သတင်းထူးရင် ကျွန် လာပြောမယ်. . . ကိုယ့်အခန်း ကိုယ်ပြန်နေကြနော်. . ."

သူမ ကိုကို့အခန်းထဲ ဝင်သွားပြီး အိပ်မောကျစပြုနေသော ကို နဖူးက ချွေးစတွေကို တစ်သျှူးနှင့် ဖွဖွလေး တယုတယ တို့သုတ်ပေးလို ၏။ ကိုကို့အသက်ရှူသံ မှန်မှန်ထွက်လာ၏။ ခဏနေမှ သူမ ညင်သာ ထပြီး. . . ခွဲစိပ်ခန်းထဲက လူနာကို ကြည့်ရန် တံခါးဝ၌ ခြေစုံရပ်လိုက်သည် တဒိတ်ဒိတ် ခုန်နေသောရင်နှင့် ခွဲစိပ်ခန်းတံခါးကို တွန်းဖွင့်ရန် လက် ကပ်လိုက်မိသည်။ အလို!. . . လက်ဝါးအထိအတွေ့က အေးစက်စက်ကြီ

၅ ၅ ၅ ၅





နှစ်ရက်ရှိပြီ၊ အမေနှင့်ကျွန်မ မတွေ့။ အင်း. . . တစ်ရက်က ကျွန်မ ဈေးမလာဖြစ်ပါ။ အမေနဲ့ မတွေ့တာ သုံးရက်ပေါ့။ ကျွန်မရင်ထဲ ဒူပင်ပင် လွမ်းဆွတ်လာလို့ အမေနဲ့ကျွန်မ စားနေကျ မုန့်ဟင်းခါးဆိုင်ကို သွားမေးမိတယ်။

"ဟုတ်တယ် သမီးရေ. . . ဈေးထဲ ကြင်ကြင်မလာတာ သုံးရက် တောင် ရှိပြီကွဲ့၊ အကြီးလည်း သတင်းသွားမေးမယ်. . မေးမယ်နဲ့. . အလုပ်ကများ. . လူက မအားနဲ့. . ."

ကျွန်မ ဈေးဝယ်ပြီးပြီးချင်း ဆိုက်ကားစီးပြီး ဝေါလမ်းဘက် ထွက်ခဲ့ တယ်။ ဒေါ်ကြင်ကြင်အိမ်ဆို ဆိုက္ကားဆရာက တန်းနင်းပါတော့တယ်။ အမေ့ကို အားလုံးသိနေတာ မဆန်းပါဘူး။

"အဲဒီအိမ်ပဲ ကလေးမ. . . ဆွဲခြင်းလိုက်ပို့ပေးရမလား!"

"ရပါတယ်ရှင်. . ."

ဆိုက္ကားခ ရှင်းပြီး စေ့ထားတဲ့ခြံတံခါးကို တွန်းဖွင့်ဝင်ခဲ့မိတယ်။ သစ်ရိပ်တွေနဲ့ အေးချမ်းတဲ့ နှစ်ထပ်တိုက်ခံအိမ်ပါ. . ။

"အမေ. . အမေ. . သမီးပါ . . ကြင်မြအေး"

တံခါးလာဖွင့်တာကို ခဏကြာအောင် စောင့်နေရသေးတယ်။ ကျွန်မထင်တဲ့အတိုင်းပါပဲ. . အမေနေမကောင်းဘူး. . ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ လက်တိုလက်တောင်း ခိုင်းတဲ့ ကလေးမလေး ရှာပြန်သွားလို့ကွယ်". . တဲ့။ ကျွန်မ လာတာကို အမေ အားရှိသွားပုံ ရပါတယ်။

အမေ့ကို အိမ်ယာပေါ် လိုက်ပို့ပေးပြီး ဆေးတိုက်၊ ကြက်သားပါလာတော့ ကြက်စွပ်ပြုတ်လုပ်ပေးပြီး ညှော်ခန်းလှည်းကျင်းမှပဲ နံရံပေါ်က ဓါတ်ပုံနှစ်ပုံကြောင့် သူ့အိမ်ဖြစ်ကြောင်းနဲ့ သူ့အမေဖြစ်ကြောင်း ကျွန်မ ထိတ်ကနဲ သိလိုက်ရတာပါ။

တစ်ပုံက ခုနစ်တန်း လူရည်ချွန်ပုံနဲ့(ကျွန်မ မရောက်သေးပါ) တစ်ပုံက မြို့နယ် အကောင်းဆုံးဘောလုံးသမားဆု ယူနေပုံပါ။ ညှော်ခန်းထဲမှာ သူရထားတဲ့ဆုတွေနဲ့. . . သူ ဓာတ်ပုံအလှရိုက်လေ့ ရှိပုံမရပါ။

ကျောင်းပိတ်ထားတာ သူပြန်မလာဘူးလား၊ အမေ့ကို မသိမသာလေး မေးကြည့်တော့ ကျောင်းပိတ်ရက်တွေမှာ တိုင်းနဲ့ ပြည်နယ်အနှံ့က သူငယ်ချင်းတွေဆီ နှံ့စပ်အောင် အလည်လိုက်သွားတတ်တယ်တဲ့။

အမေကတော့ ကျွန်မနာမည် သိသိချင်း သူ့သား မေတ္တာမှိုနေကြူ ကြင်မြအေးဖြစ်ကြောင်း သိခဲ့တယ်တဲ့။ ဒါပေမယ့် ထုတ်မပြောဘူးလေ။ သူ့သား လျှို့လျှို့ဝှက်ဝှက် နေတတ်တာ သူ့အမေရဲ့အမွေဖြစ်ကြောင်း ကျွန်မ သိခဲ့ရပါတယ်ရှင်။

ကျွန်မ တစ်ပတ်လောက် နေ့တိုင်း မိခင်တစ်ယောက်လို ပြုစုရင်း အမေနဲ့ ထဲထဲဝင်ဝင် ရင်းနှီးလာပါတယ်။

အဲ့ဒီတော့မှ. . . အမေနဲ့ကျွန်မ အပေးအယူတစ်ခု လုပ်ဖြစ်ကြပါတယ်။ လုပ်ပြီးမှ အမေက. . .

"အမေ့သားကတော့ သမီးကို အင်မတန် မေတ္တာရှိကြောင်း သေချာပါတယ်၊ ဒါကို အမေယုံကြည်တယ်၊ ဒါကို အမေ သက်သေပြမယ်" ဆိုပြီး သူ့သားအခန်းကို သော့ဖွင့်ပါတယ်။

အဲဒီမှာ ခေါင်းရင်းက ကိုပိုကာ လက်မှတ်ထိုးထားတဲ့ ကျွန်မ ကျောပေးနေပုံလေးကအစ. . . သံသေတ္တာထဲက အမှတ်တရ ပစ္စည်းလေးတွေနဲ့ သူ့ဒိုင်ယာရီစာအုပ်လေးပါ ကျွန်မ တွေ့ခွင့်ဖတ်ခွင့်ရတာပါ။ ကျွန်မ စိမ့်ကနဲ နေ့အောင် ကြည်နူးသွားခဲ့ရပါတယ်။ ကျွန်မချစ်တဲ့အရိပ်ကလေး





ဟာ ကျွန်မအပေါ် ဒီလောက်ထိ အလေးအနက် ချစ်မြတ်နိုးတာ သိရ တော့. . ကျွန်မရင်ထဲ ဝင်ကြ ကြပါတော့ရှင်။

ဩော်. . . ကျွန်မနဲ့အမေ လုပ်တဲ့ အပေးအယူလား!။

အမေက ဘယ်လောက်လှသလဲဆိုတော့ ကျွန်မ သဘောထားကို မမေးတဲ့အပြင် သူ့သားကို မေတ္တာမျှဖို့ မတိုက်တွန်းတဲ့အပြင်. . . သူ့သား အားနည်းချက်တွေ အားလုံးပြောပြတယ်။ အဲ့ဒီအားနည်းချက်တွေထဲက ကျွန်မ အသည်းအယားဆုံးက ကျွန်မ ဘယ်မှာရှိတယ်ဆိုတာ သိလျက်နဲ့ မဆက်သွယ်တာ၊ ကျွန်မကို လိုက်မရှာတာရယ်. . . အဓိက အချက်က သူ ဒီလောက်ချစ်ရက်သားနဲ့၊ သစ္စာလည်း ရှိရက်သားနဲ့ တစ်နေ့ကျ ကျွန်မကို ပိုင်ဆိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက် ပြင်းပြင်းထန်ထန် သူ့မှာ ရှိမနေတာပါပဲ. . .။

ဒီတော့ အမေ့ကို ကျွန်မက ပြောတယ်။

"ကျွန်မနဲ့အမေ စာ၊ ဖုန်း၊ လူ အမြဲအဆက်အသွယ် ရှိနေမယ် ဒါပေမယ့် အမေ့သား. . သူကိုယ်တိုင် ကြိုးစားဆက်သွယ်ပြီး ကျွန်မကို ပွင့်ပွင့်လင်းလင်း ချစ်ခွင့်ပန်လာတဲ့တစ်နေ့ကို သစ္စာရှိရှိ ကျွန်မစောင့်ခဲ့ တယ်၊ အမေနဲ့ကျွန်မရဲ့အခြေအနေကို အမေက လုံးဝ သူ့ကို မပြောဖို့ပါ"

"စိတ်ချ သမီး. . အမေနှုတ်လုံပါတယ်။ အမေက သမီးကို ကြင် မြအေးမှန်း မသိခင်ကတည်းက သမီးရင်းလို ချစ်တဲ့မေတ္တာက တည်တံ့ နေခဲ့ပါပြီကွယ်" တဲ့. . .။

အမေ ပြောတာလည်း ဘယ်လောက်လှလဲ။

"သမီးကလည်း အမေ့ကို စမြင်ကတည်းက ဘဝမှာ အမေအစား ပြန်ရသလို လုံခြုံစိတ်ချမှုတစ်ခု ထပ်ဆောင်းရတာပါ အမေရယ်"

ဒီမိသားစုဟာ ကျွန်မရဲ့ဒုတိယမိသားစုဆိုတာလည်း စိတ်ထဲမှာ သေချာသွားပါတယ်။

ကျွန်မ မောင့်ကို အိုမင်းတဲ့အထိ စောင့်မယ်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတင်ဦး ဝင်လာသည်။

"Dr.ကြင်မြအေးခင်ဗျာ. . . အားလုံးပေါ့။ သမားတော်ကြီး ခေါ် နေပါတယ်. ."

ဒေါက်တာအောင်ကောင်း နားနေခန်း ရောက်သောအခါ စိန်နှင့်ပိုကာက စိတ်စောလွန်း၍ ရင်တွေ တဒိတ်ဒိတ် ဖြစ်နေ၏။ ကြင်မြအေးနှင့် Dr.တင်ဦးကို ဆေးပညာဝေါဟာရများနှင့် ရှင်းပြပြီး လူပြိန်းနားလည်အောင်လည်း ပြောပြသည်။

"ဥပမာ အရှင်းဆုံးနဲ့ ပြောရရင် တာတားနပ်(စ်)ဆိုတဲ့ ဗိုင်းရပ်စ် အဖျက်ပိုးတွေနဲ့ ခန္ဓာကိုယ်ထဲက ကိုယ်ခံစစ်သည်တော်တွေရဲ့နောက်ဆုံး တိုက်ပွဲပါပဲ. . . ကျွန်တော်တို့က ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဓါတုစစ်သည်တွေ. . .နည်းပညာတွေနဲ့ စစ်ကူပေးထားပါတယ်၊ ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်တို့ဘက်က ငါးဆယ်ကျော်လာနေပါပြီ၊ နိုင်ခြေဘက်ကို ရောက်လာပါပြီ"

စိန်နှင့်ပိုကာ ပြိုင်တူပင် အားပါလွန်း၍ "ဒါပဲကွ" ဟု အသံထွက်သွားသည်။ လန်းသွားကြသည်။ ဆရာဝန်ကြီးအခန်းမှ ပြန်ထွက်လာတော့ လူနာကို ခွဲစိပ်ခန်းမှ ထုတ်လာပြီး လူနာခန်းတွင် နေရာပြန်ချထားပြီဖြစ်သည်။

၅ ၅ ၅ ၅





"သမီးကြင်မြအေးကို အမေ တစ်ခုတောင်းပန်စရာ ရှိတယ်ကွယ်၊ အမေ လိပ်ပြာသိပ်မလုံလို့ပါ"

"ဘာပါလိမ့် အမေရယ်!. . ."

"သမီးကြင်မြအေး ခေါ်လာမှ ဟောဒီသမီးလေး ပွင့်နဲ့ အမေ တွေ့ခွင့်ရတာလို့ သမီးထင်နေတာ မဟုတ်ဘူးကွဲ့၊ ခင်ပွင့်ဖြူနဲ့ အမေက အရင်သိကျွမ်းတာ. ."

ခင်ပွင့်ဖြူမေမေနှင့် တရားစခန်းတွင် တွေ့ပုံကို မေမေက ရှင်းပြသည်။ ရွှေကျင်ရောက်မှ ခင်ပွင့်ဖြူကို မြင်ဖူးခဲ့ကြောင်း ပြောပြသည်၊

"ပြီးတော့ . သမီးနှစ်ယောက် မတော်တဆ ဆုံအောင် တမင် အမေ စီစဉ်ခဲ့တာပါ. ."

"ရှင်!!. . ."

ကြင်မြအေး အံ့ဩသွားသည်။

"သမီးနှစ်ယောက်ကို တူလည်းတူတော့ ညီအစ်မလို ခင်မင်သွားစေချင်တာပါသလို အမေနဲ့သမီး ကြင်မြအေး ထားခဲ့တဲ့ ကတိသစ္စာအကြောင်းတ အမေ့ရည်ရွယ်ချက်တစ်ခုလည်း ပါနေခဲ့တယ်"

အမေ့စကားထဲ အားလုံး ဝင်စား နားထောင်နေကြသည်။

"ပွင့်ကို မေမေမှာထားတယ်၊ ကြင်မြအေးနဲ့ ခင်မင်သွားရင် သ



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်သလို မီးစင်ကြည့်ပြီး က,ပြဖို့ပါ. . . သမီးကြင်မြအေးက ခင်ပွင့်ဖြူကို မေမေနဲ့ မိတ်ဆက်ပေးဖို့ အိမ်ခေါ်မလာရင်လည်း ခင်ပွင့်ဖြူက ဒီမြို့မှာ အသိရှိတယ်၊ မေမေနဲ့ သိတယ်ပြောပြီး ကြင်မြအေးကို ပွင့်က အိမ်ကို ခေါ်လာမှာပါပဲ၊ အဓိက မေမေလိုချင်တာက ကြင်မြအေး စိတ်ထဲက မိန်းမတိုင်း ရှိနေတတ်တဲ့ ရှိလည်းရှိအပ်တဲ့ ဝန်တိုစိတ်ကလေးကို မေမေ လှုပ်နှိုးချင်တာပါပဲ၊ မေမေပြောတာ သဘောပေါက်ကြမှာပါနော်. . . သမီး ကြင်မြအေးဘက်က ရေလာမြောင်းပေး ပိုဖြစ်လာအောင် မေမေ ရည်ရွယ်ပါတယ်ကွယ်. . .

သားရောက်မယ့်အချိန်နဲ့ ကိုက်ပြီး မေမေ "ပွင့်" ကို ခေါ်လိုက်တာလဲ အဲ့ဒီမနာလိုတိုရှုည်စိတ်ကလေး ကြင်မြအေးရင်ထဲ စိမ့်ထွက်လာအောင်ပါ"

လူနာဘေး ရှိနေသူတွေ လူနာကို မေ့ပြီး. . . အားလုံး ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

"အန်တီ. . . သမီးတို့ ဝင်လာလို့ ရမလားဟင်!"

"အေး. . . လာလေ ရပါတယ်၊ အမေ. . . သူတို့လေးတွေက ကျွန်မကိုကို Dr.အောင်ကောင်းရဲ့သမီးလေး ဒါလီနဲ့ သူ့ချစ်သူ မောင်အောင်သူမြင့်လေ. . ."

ကလေးတွေက ခုံတန်းလျားအလွတ်တွင် ဝင်ထိုင်သည်။ ကြင်မြအေးက စကားစသည်။

"ကတိသစ္စာအပြင်က အမေ့ရည်ရွယ်ချက် အောင်မြင်ပါတယ်အမေ. . . ခင်ပွင့်ဖြူကို အမေနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာတုန်းက ကျွန်မ စိတ်ထဲ ဘာမှကို မရှိခဲ့တာပါ"

"အမေ့သား. . . သမီးလေး ခင်ပွင့်ဖြူနောက် ပါသွားနိုင်တာကို လုံးဝမတွေးမိတာလားဟင်!"

"တကယ်ကို မတွေးမိခဲ့တာပါ အမေ. . . အခု သူလည်း လုပ်သက်ခွင့်နဲ့ ရောက်နေ၊ ခင်ပွင့်ဖြူလည်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတယ်ဆိုတော့မှ မေမေ လှုပ်နှိုးနေတဲ့ မိန်းမတိုင်း ရှိတဲ့ မနာလိုဝန်တိုစိတ်



BURMESE CLASSIC



ကလေး ဝင်လာတာပါ အမေရဲ့၊ ဒါကြောင့်. . . ကျွန်မကို ကျွန်မအစ်ကိုဝမ်းကွဲ Dr.အောင်ကောင်းနဲ့ သူထင်နိုင်တာကို ကြိုမြင်လို့ တူလေးနဲ့ တူမလေးကို သူထိုင်ငေါင်နေတဲ့ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ခိုင်းပြီး သူ ရုပ်ရှင်လက်မှတ် Booking လိုက်လုပ်အောင် စွဲဆောင်ခိုင်းခဲ့တာပါ။ ရုပ်ရှင်ရုံမှာတွေ့ပြီး. . . သူ့ရှေ့ခုံမှာ ထိုင်ပြီးပေါ့နော်၊ မောင်နှမတော်ကြောင်း သူသိအောင် ဥပါယ်တမျဉ်နဲ့ ရှင်းမယ်ပေါ့"

ပိုကာ ကွမ်းတံတွေး မျိုချရင်း. . .

"နင်ဘယ်လိုသိလဲ!. . . ဒီကောင်ကြီး အဲဒီအတွဲနောက်က လက်မှတ်ဝယ်လိမ့်မယ်ဆိုတာ နင်ဘယ်လိုသိနေလဲ!"

ကြင်မြအေးက ရယ်မောပြီး. . .

"ရှင်တို့ အတွဲချောင်း ဝါသနာထုံတာကို မမတိုးရော၊ ရှင့်မိန်းမ ခင်စန်းဦးကော ကျွန်မကို ပြောပြတယ်လေ. . ."

"ဟာကွာ!. . . ငယ်ကျိုးငယ်နာတွေ. . ."

ထိုစဉ် အဟိ. . ဟူသော အသံထွက်လာသည်ကို စကားဝိုင်းပြင်တမှန်း ဘယ်သူမှ မသိလိုက်။

ကြင်မြအေးက ဆက်ပြောသည်။

"ဖြစ်ချင်တော့ မေမေ့သားက ဘာမှရှင်းမပြခင် ထ,ကို ပြေးတာ မေမေ၊ သူ သမီးကို အရမ်းကြောက်နေပုံရတယ်၊ သူနဲ့ ပွင့် ဘုရားသွားတာ မြင်လိုက်လို့ ဘုရားရင်ပြင်ပေါ်ထိ သမီးလိုက်တယ်လေ၊ ဟင်းဟင်း. . . သူပေါက်ကရတွေဖြစ်ပြီး ဆင်းပြေးပြန်ရော. . ."

"အယ်!. . . သမီးရယ်၊ ဘုရားလို့ ပြောမှ အမေသတိရတယ် သားကို သမီးလုပ်ပေးနိုင်တာ တစ်ခုရှိတယ်. . . နေဦးနော်"

မေမေထသွားပြီး ကြေးစည်လေးနှင့် သစ်သားတူကလေး ယူပြီး ပြန်လာသည်။

"ရော့. . . သမီး၊ ဒါ သစ္စာတိုင်တည်ထားတဲ့ ကြေးစည်လေးပဲ တီးတိုက်တိုက်နေကြနော်. . . အမေ့သားအကြောင်း အမေသိတယ် သားသား ဒွှေလေး ထုပြီး လေးလေးနက်နက်သာ မေတ္တာပို့ပေတော့. . [illegible]



www.burmeseclassic.com

www.burmeseclassic.com

စာကြွင်း

"ဟော့ကောင် စိန…ဘာထိုင်လုပ်နေတာလဲ"
"လွမ်းနေတာဗျ"
"ဘယ်ကိုလွမ်းတာလဲ"
"ကလေးတွေ လာတဲ့လမ်းကို"

နတ်ရွာမိုး

ဝန်ခံချက်

ငယ်စဉ်က ဖတ်ဖူးသော ရှမဝ ချစ်ကိုယ်တွေ့မှ
ဆရာသစ္စာနီ၏
"သံရေးတက်နေသော ပင်အပ်ကလေး"
ဝတ္ထုတိုကို နှစ်သက်ကြည်ညိုရာမှ…
ဤစာစုများ ရေးသားဖြစ်ပါကြောင်း။

BURMESE CLASSIC

www.burmeseclassic.com